
Microsoft
facebook
KFC
designed by tin htoon
သူတို့
ဘာကြောင့် ကမ္ဘာကျော်တာလဲ
မန်းဗော်သိန်းဗေ
သူတို့
ဘာကြောင့် ကမ္ဘာကျော်တာလဲ
မန်းဗော်သိန်းဗေ

# မာတိကာ


စာရေးသူ၏ အမှာစာ

| | | |
|---|---|---|
| ၁။ | ကာရိုလီတာကာက်စ် | ၉ |
| ၂။ | မစ်ချဲ | ၁၂ |
| ၃။ | မတ်ခ်ဇာကားဘတ် | ၁၅ |
| ၄။ | ဂျက်မား | ၁၈ |
| ၅။ | ဆိုချီယိုဟွန်းဒါး | ၂၅ |
| ၆။ | လီကာရှင်း | ၂၉ |
| ၇။ | နစ်ဘွိုင်းယာစ်ချစ် | ၃၄ |
| ၈။ | ဘရှစ်ထီ | ၄၀ |
| ၉။ | စီရော်နယ်ဒို | ၄၅ |
| ၁၀။ | အော်ဒီမာဒီ | ၄၉ |
| ၁၁။ | ဘီလ်ဂိတ် | ၅၄ |
| ၁၂။ | ဆီဗက်စတာ စတားလုံး | ၅၈ |

| | |
|---|---|
| ၁၃။ အာနီး | ၆၃ |
| ၁၄။ ဇစ်တာဖရင်ကဲလ် | ၆၉ |
| ၁၅။ မာသာထရေဇား | ၇၃ |
| ၁၆။ အော်ပရာဝင်းဖရီး | ၇၈ |
| ၁၇။ မဟတ္တမဂန္ဒီ | ၈၃ |
| ၁၈။ စတီးဗ်ဂျော့ | ၈၇ |
| ၁၉။ သောမတ်စ်အယ်ဒီဆင် | ၉၂ |
| ၂၀။ မာလာလာ | ၉၇ |
| ၂၁။ အေဘရာဟမ်လင်ကွန်း | ၁၀၃ |
| ၂၂။ လိုင်ယွန်နယ်မက်ဆီ | ၁၀၇ |
| ၂၃။ မန်နီပါကွီယားနိုး | ၁၁၃ |
| ၂၄။ မိုက်ကယ်ဖဲလ်စ် | ၁၁၆ |
| ၂၅။ နဲလ်ဆင်မန်ဒဲလား | ၁၂၀ |
| ၂၆။ ကာနယ်ဆင်းဒါး | ၁၂၅ |
| ၂၇။ ရှောင်ကွန်နရီ | ၁၂၈ |
| ၂၈။ မတ်ခ်ပိုးလော့ | ၁၃၂ |
| ၂၉။ ဦးသန့် | ၁၃၈ |
| ၃၀။ ဂျက်စီကော့စ် | |
| | ၁၄၃ |

# “ကာရိုလီတကက်စ်”



ညာလက်ပြတ်၍
ဘယ်လက်နှင့် အိုလံပစ်မှာ
သေနတ်ပစ် ရွှေတံဆိပ်ဆု
(၂)ကြိမ် ရယူခဲ့သူ

အိုလံပစ် ပစ္စတိုသေနတ်ပစ်ပြိုင်ပွဲမှာ ရွှေတံဆိပ် (၂) ကြိမ် ဆက်တိုက်ရခဲ့တဲ့ ဟန်ဂေရီနိုင်ငံသား Karoly Takacs (ကာရိုလီတကက်စ်) အကြောင်း ကြားဖူးသူ နည်းမှာပါ။ ဟန်ဂေရီတနိုင်ငံလုံးက သူ့ရဲကောင်းတစ်ယောက်အဖြစ် ချီးကျူးဂုဏ်ပြုခံရသူပါ။

သေနတ်ပစ်ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရတာများ ဘာထူးဆန်းလို့လဲလို့ မေးချင်ကြမှာပါ။ သူ့အကြောင်းကို ဘာကြောင့် အရေးတယူလုပ်ပြီး ရေးရတယ်ဆိုတာ သိရအောင် ဆက်ဖတ်ကြည့်လိုက်ပါ။

ကာရိုလီကို ၁၉၁၀ ခုနှစ် ဇန်နဝါရီလ (၂၁) ရက်နေ့က ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့လေးမှာ မွေးဖွားခဲ့ပါတယ်။

၁၉၃၈ ခုနှစ်မှာ ဟန်ဂေရီနိုင်ငံရဲ့ စစ်တပ်မှာ တပ်ကြပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ကာရိုလီဟာ ဥရောပပြိုင်ပွဲတွေရဲ့ ပစ္စတိုသေနတ်ပစ် ချန်ပီယံတယောက် ဖြစ်လာခဲ့တယ်။ ဒါကြောင့် ၁၉၄၀ ပြည့်နှစ်မှာ ကျင်းပမဲ့ တိုကျို အိုလံပစ်ပြိုင်ပွဲမှာ သေနတ်ပစ်ချန်ပီယံဖြစ်ပြီး ရွှေတံဆိပ်ဆုရယူဖို့ မျှော်မှန်းထားတယ်။ သေချာသလောက်လဲ ရှိပါတယ်။

ဒါပေမဲ့ ကံကြမ္မာဆိုးနဲ့ ကြုံလိုက်ရတယ်။ အိုလံပစ်ပြိုင်ပွဲ မကျင်းပခင် လအနည်းငယ် အလိုလေးမှာပဲ သူ စစ်သင်တန်း လေ့ကျင့်နေတုံး လက်ပစ်ဗုံးကို ပစ်မလို့ ရွယ်နေစဉ်မှာပဲ ဗုံးဟာ သူ့လက်ထဲမှာ ရုတ်တရက် ပေါက်ကွဲသွားတယ်။


သူ သေနတ်ပစ်နေကျ ညာဖက်လက်ဟာ လက်ကောက်ဝတ်ကနေ ပြတ်ထွက်သွားတယ်။

သူဟာ ဆေးရုံမှာ တစ်လလောက် ဆေးကုရတယ်။ သူ့လက်ပြတ်သွားတာရယ် အိုလံပစ် ရွှေတံဆိပ် အိပ်မက်ပျက်ပြယ်သွားတာကြောင့် သူ့ကိုယ်သူ သတ်သေချင်လောက်အောင် စိတ်ဓာတ်ကျသွားတယ်။ ဒီလိုအခြေအနေမျိုး ကြုံတွေ့ရင် လူအတော်များများဟာ စိတ်ဓာတ်ကျပြီး ဘဝကို လက်မြှောက်အရှုံးပေးသွားကြမှာပါ။

ဒါပေမဲ့ ကာရိုလီဟာ အဲဒီလူတွေထဲမှာ မပါပါဘူး။ သူဟာ ဘဝကို အရှုံးမပေးဘူး။ ဖြစ်လာတဲ့ အခြေအနေကို အပြစ်ပုံချမနေတော့ဘူး။ သူ စိတ်ဓာတ်ကျနေတာကို တော်လောက်ပြီလို့ ဆုံးဖြတ်လိုက်တယ်။ သူ ဘာလုပ်တယ်ထင်သလဲ။ သူ့ရဲ့ ဘယ်ဖက်လက်နဲ့ သေနတ်ပစ် စလေ့ကျင့်တယ်။ သူ့ကိုယ်သူ အားပေးတယ်။ ဘာလို့ မဖြစ်နိုင်ရမှာလဲတဲ့။

သူ ဘယ်မှာလေ့ကျင့်သလဲ။ လူသူမနီးတဲ့ တောအုပ်တစ်ခုမှာ တစ်ယောက်ထဲ သွားလေ့ကျင့်တယ်။ ဘာကြောင့် တောအုပ်ထဲမှာ လေ့ကျင့်တာလဲ။ လူတွေနဲ့နီးတဲ့နေရာမှာ လေ့ကျင့်ရင် သူ့ကို လူတွေ လှောင်ပြောင်ကြမယ်။ သူ့ကို မဖြစ်နိုင်တာလုပ်တယ်လို့ ပြောကြမယ်။ အဲဒီစကားတွေကြားပြီး စိတ်ဓာတ်ကျမှာစိုးလို့။ ဘယ်လောက်ကြာကြာ လေ့ကျင့်သလဲဆိုတော့ လပေါင်းများစွာကြာခဲ့တယ်။

၁၉၃၉ ခုနှစ် နွေဦးပေါက်ကာလမှာ ဟန်ဂေရီတစ်နိုင်ငံလုံးရဲ့ သေနတ်ပစ်ချန်ပီယံရွေးတဲ့ ပြိုင်ပွဲကို ကာရိုလီတစ်ယောက် ရောက်လာခဲ့တယ်။ သိနေကြတဲ့ ပြိုင်ပွဲဝင် သေနတ်သမားတွေက သူ့ကိုသနားပြီး အားပေးစကား ပြောကြတယ်။ ဒီပြိုင်ပွဲကို သူအားပေးဖို့ ရောက်လာတဲ့အတွက် ဂုဏ်ယူကြောင်း ဝိုင်းပြောကြ



တယ်။ ကာရိုလီက သူ့အခုရောက်လာတာ အားပေးဖို့ မဟုတ်ဘူး။ ပြိုင်ပွဲဝင်ဖို့ လာတာဖြစ်ကြောင်း ပြောလိုက်တော့ လူတွေက မယုံကြဘူး။ မယုံချင်စရာ ဘဲလေ။ သေနတ်ပစ်နေကျ ညာဖက်လက်ပြတ်နေသူက ပြိုင်ပွဲဝင်မယ်ဆိုတော့ ဘယ်ယုံကြမလဲ။

အဲဒီပြိုင်ပွဲမှာ ကာရိုလီဟာ ဘယ်ဖက်လက်နဲ့ ပစ်မှတ်တွေအားလုံးကို တိတိကျကျ မှန်အောင်ပစ်ရင်း ဟန်ဂေရီနိုင်ငံရဲ့ ပစ္စတိုသေနတ်ပစ် ချန်ပီယံ ပြန်ဖြစ်သွားခဲ့တယ်။ သူ ဒါနဲ့ မကျေနပ်ပါဘူး။ အိုလံပစ်ရွှေတံဆိပ် ဆွတ်ခူးနိုင်မဲ့ အိပ်မက်ကို ပြန်မက်ပြန်တယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာလို့ ၁၉၄၀ ပြည့်နှစ်နဲ့ ၁၉၄၄ ခုနှစ်တွေမှာ ကျင်းပမဲ့ အိုလံပစ်ပြိုင်ပွဲနှစ်ခု ဟာ မကျင်းပဖြစ်တော့ဘူး။ ဒါပေမဲ့ ကာရိုလီဟာ သေနတ်ပစ်လေ့ကျင့်မှုတွေကို ဆက်လုပ်နေခဲ့ပါတယ်။

၁၉၄၈ ခုနှစ်မှာ ကျင်းပတဲ့ လန်ဒန် အိုလံပစ်ပြိုင်ပွဲမှာ အသက် ၃၈ နှစ် ရှိပြီဖြစ်တဲ့ ကာရိုလီဟာ ပစ္စတိုသေနတ်ပစ် ရွှေတံဆိပ်ရခဲ့ပြီး ကမ္ဘာ့စံချိန်သစ်ပါ တင်နိုင်ခဲ့တယ်။ နောက်ထပ် ၄ နှစ်အကြာမှာ ကျင်းပတဲ့ ဟဲလ်စင်ကီး အိုလံပစ် ပြိုင်ပွဲမှာလဲ နောက်ထပ်တစ်ကြိမ် သေနတ်ပစ်ရွှေတံဆိပ် ရခဲ့ပြန်ပါတယ်။ ဒါကြောင့် ကာရိုလီဟာ အိုလံပစ်ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆု (၂)ကြိမ် ဆက်တိုက် ရဖူးတဲ့ ပထမဆုံး အားကစားသမားတစ်ယောက် ဖြစ်လာခဲ့တယ်။ သူဟာ ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှာ ကွယ်လွန်သွားခဲ့ပါတယ်။

ကာရိုလီတယောက် တခြားလူတွေနဲ့ ဘာကွာခြားသလဲ။ လူအတော် များများဟာ သူ့အဖြစ်မျိုး ကြုံလာခဲ့ရင် "ငါ့ကုသိုလ်ကံက ဆိုးလိုက်တာကွာ။ အိုလံပစ်ချန်ပီယံဖြစ်ဖို့ သေချာနေချိန်ကျမှ ငါ့လက်က ပြတ်သွားရတယ်လို့။ ဒီဘဝမှာ ငါ လူလုပ်ဖို့ မကောင်းတော့ပါဘူး"လို့ တစ်သက်လုံး ငိုကြွေးနေလိမ့် မယ်။ ဒါမှမဟုတ် အရက်ကို အဖော်ပြုရင်း သူ့ဝမ်းနည်းကြေကွဲမှုကို ကုစားလိမ့် မယ်။ ဒါပေမဲ့ ကာရိုလီကတော့ သူ့တစ်သက်မှာ ဘယ်လိုမှ ပြန်မရနိုင်တော့တဲ့ လက်တစ်ဖက်ကို တမ်းတငိုကြွေးနေမဲ့အစား စိတ်ဓာတ်ကြံ့ကြံ့ခံအားတင်းရင်း ကျန်ရှိတဲ့ လက်တစ်ဖက်ကို ကောင်းကောင်း အသုံးချသွားခဲ့တယ်။

သင့်မှာ ဆုံးရှုံးမှုတစ်ခုနဲ့ ကြုံတွေ့ရင်ဆိုင်ရပြီး ဝမ်းနည်းငိုကြွေးချင် လာရင် ကာရိုလီရဲ့ ဖြစ်ရပ်မှန်ဘဝလေးကို သတိရလိုက်စမ်းပါ။

❑

# “မစ်ချဲ”



**ကံဆိုးမှုကြီး နှစ်ကြိမ်ကြုံခဲ့ပေမယ့် လောကစံကိုမဖြိုသူ အာဂလူသား**

သင့်ဘဝမှာ စိတ်ဆင်းရဲစရာ ကံဆိုးမှုလေးတွေနဲ့ ကြုံနေလို့ စိတ်ဓာတ်ကျနေတယ်၊ စိတ်ပျက်အားငယ်နေမယ်ဆိုရင် ဒီစာလေးကို ဖတ်ကြည့်လိုက်ပါ။

၁၉၇၁ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာ အသက် ၂၈ နှစ်အရွယ် အမေရိကန်လူမျိုး W. Mitchell (မစ်ချဲ) ဟာ ညနေပိုင်း အလုပ်ဆင်းတာနဲ့ မော်တော်ဆိုင်ကယ် အသစ်စက်စက်ကြီးကိုမောင်းပြီး မြို့စွန်တစ်နေရာမှာ စောင့်နေတဲ့ သူ့ရည်းစားဆီကို သွားပါတယ်။ လမ်းဆုံမီးပွိုင့်တစ်နေရာရောက်တော့ သူ့ရှေ့က ဖြတ်မောင်းလာတဲ့ ထရပ်ကားကြီးတစ်စီးကို ရုတ်တရက်မြင်လိုက်တယ်။ ထရပ်ကားကြီးနဲ့ မတိုက်မိအောင် မော်တော်ဆိုင်ကယ်ကို ကွေ့ရှောင်လိုက်တယ်။ ကားကြီးနဲ့ မတိုက်မိဘဲ သီသီလေး လွတ်သွားတယ်။ ဒါပေမဲ့ ဆိုင်ကယ်ဟာ လဲကျသွားပြီး ကတ္တရာလမ်းမပေါ်မှာ အရှိန်နဲ့ ဒရွတ်တိုက်ဆွဲသွားပါတယ်။

တကယ်တမ်းက သူ့ခြေလက်တွေမှာ ပွန်းပဲ့ရုံလောက်ပဲ ဒဏ်ရာရတာပါ။ ဒါပေမဲ့ ဆိုင်ကယ်ရဲ့ ဆီတိုင်ကီအဖုံးပွင့်သွားပြီး သူ့တကိုယ်လုံးဟာ ဓာတ်ဆီတွေနဲ့ စိုရွှဲသွားတယ်။ ဆိုင်ကယ်က လမ်းမပေါ် ပွတ်တိုက်မိတာကြောင့် မီးပွားတွေထွက်လာပြီး ဓာတ်ဆီစိုရွှဲနေတဲ့ မစ်ချဲကို မီးလောင်ပါတော့တယ်။ ငါးမိနစ်ကြာမှ ဘေးနားလာရပ်တဲ့ ကားတစ်စီးက ကားမောင်းသမားက မီးလောင်နေတဲ့ မစ်ချဲကို သူ့ကားထဲက မီးသတ်ဆေးဘူးနဲ့ မီးငြိမ်းပေးလိုက်တယ်။ သူနာပြု ကားတစ်စီးရောက်လာပြီး သူ့ကို ဆေးရုံကိုခေါ်သွားတယ်။




ဆေးရုံ ရောက် တော့ ဆရာဝန်တွေက တကိုယ်လုံး မီးလောင်ထားတဲ့ မစ်ခဲ့ ကိုကြည့်ပြီး အသက်ရှင်ဖို့ မျှော်လင့်ချက်မရှိဘူးလို့ အချင်းချင်း ပြောကြတယ်။ ဒါပေမဲ့ မစ်ခဲ့ အသက်ရှင်ခဲ့ပါတယ်။ ခွဲစိတ်မှုပေါင်း ၁၆ ကြိမ် လုပ်ရတယ်။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ သူ့မျက်နှာကို ခွဲစိတ်ကုသပြီး အရေပြား အစားထိုးပေးလိုက်တယ်။ နဂိုမူလမျက်နှာတော့ ပြန်မရတော့ပါဘူး။ ဒ့ါပြင် သူ့လက် ဆယ်ချောင်းစလုံး မီးလောင်သွားလို့ လက်ချောင်း ငုတ်တိုလေးတွေပဲ ကျန်ပါတော့တယ်။

ဆေးရုံမှာ လပေါင်းများစွာကြာအောင် နေခဲ့ရပြီးမှ ဆေးရုံက ဆင်းခဲ့ရတယ်။ ကလေးတွေက အရေပြားအစားထိုးထားတဲ့ သူ့မျက်နှာကိုမြင်ရင် သရဲကြီးဆိုပြီး ကြောက်လန့်ထွက်ပြေးကြတယ်။ ဒါပေမဲ့ မစ်ခဲ့ဟာ စိတ်ဓာတ်ကျမသွားဘူး။ သူ အလုပ်ဝင်လုပ်တယ်။ ကိုယ်ပိုင်လေယာဉ်မောင်း သင်တန်းတက်ပြီး လေယာဉ်မောင်းလိုင်စင်ရအောင် ယူလိုက်သေးတယ်။ သူ့ဘဝကို သူ ကျေနပ်ပြီး ပျော်နေတယ်။

နောက် ၄ နှစ်ကြာပြီး တစ်ရက်မှာ သူဟာ သူငယ်ချင်းသုံးယောက်ကို တင်ပြီး လေယာဉ်အသေးလေးကို ကိုယ်တိုင်မောင်းတယ်။ လေယာဉ်ဟာ ပေတစ်ရာအမြင့် ရောက်ပြီးမှ ရုတ်တရက် အောက်ကိုပြုတ်ကျသွားပြီး လေယာဉ်ပြေးလမ်းပေါ်ကို အရှိန်နဲ့ ဆောင့်မိတယ်။ မစ်ခဲ့က လေယာဉ်မီးလောင်မှာစိုးလို့ သူ့သူငယ်ချင်းသုံးယောက်ကို လေယာဉ်ပေါ်က အမြန်ဆင်းခိုင်းတယ်။ သူတို့ဆင်းပြီးတာနဲ့ သူလဲဆင်းဖို့ လေယာဉ်ထိုင်ခုံက ထလိုက်တယ်။ သူ ထလို့မရတော့ဘူး။ သူ့ကိုယ်အောက်ပိုင်းတစ်ခုလုံး လှုပ်ရှားလို့မရတော့ဘူး။ အရေးပေါ်မီးသတ်ကားရောက်လာတယ်။ သူ့ကို သယ်ပြီး ဆေးရုံကို ပို့လိုက်တယ်။

ဆေးရုံရောက်တော့ ဆရာဝန်တွေက သူ့ကို စစ်ဆေးကြည့်ပြီး သူ့ရဲ့ ခါးရိုးက အာရုံကြောတွေပြတ်ကုန်လို့ တသက်လုံး လမ်းလျှောက်နိုင်တော့မှာ



မဟုတ်ဘူး။ တွန်းလှည်းနဲ့ပဲ နေသွားရမယ်လို့ ပြောလိုက်တယ်။ ဆေးရုံမှာ ခွဲစိတ်မှုတွေ ပြုလုပ်ခံရတယ်။ လေ့ကျင့်ခန်းတွေလုပ်ရတယ်၊ အရင်တစ်ခေါက်လိုပဲ လပေါင်းများစွာကြာပြီးမှ ဆေးရုံက ဆင်းခဲ့ရပြန်တယ်။

မျက်နှာကလဲ ရုပ်ပျက်ဆင်းပျက်နဲ့ လက်ချောင်းတွေကလဲ ငုံးတိတိအပြင် တွန်းလှည်းနဲ့ သွားလာနေရတဲ့ မစ်ခဲ့ဟာ သူ့ဘဝကို စိတ်ပျက်မယ်လို့ ထင်သလား။ သူ စီးပွားရေးလုပ်ငန်းလုပ်တယ်။ အောင်မြင်တယ်။ တခါ နိုင်ငံရေး လောကထဲဝင်တယ်။ ဆီးနိုတ်အမတ် ဖြစ်လာတယ်။ မြို့တော်ဝန်လဲ ဖြစ်လာခဲ့တယ်။ နိုင်ငံရေးလောက,က အနားယူပြီးနောက် သူ့ဘဝ အဖြစ်အပျက်ကို ပြောပြရင်း စိတ်ဓာတ်မြှင့်တင်ရေး ဟောပြောပွဲတွေလုပ်တာ အရမ်းအောင် မြင်ပြီး အရမ်းလဲ ကြီးပွားချမ်းသာသွားခဲ့တယ်။ ဒါတင်မက သူကြိုက်နေတဲ့ အမျိုးသမီးတစ်ယောက်ကို ပိုးပန်းပြီး လက်ထပ်ယူနိုင်ခဲ့တယ်။ သူဟာ ဇနီးသည်နဲ့ စိတ်ချမ်းသာပျော်ရွှင်စွာ နေထိုင်ရင်း ယနေ့အထိ နိုင်ငံတကာ လှည့်ပြီး စိတ်ဓာတ်မြှင့်တင်ရေး ဟောပြောပွဲတွေ လုပ်နေတုံးပါပဲ။

ကဲ ... မိတ်ဆွေတို့ ကြုံတွေ့နေရတဲ့ ဒုက္ခဆင်းရဲဟာ သူ့လောက် ကြီးမားပါ့မလား။

သူ ဟောပြောပွဲတွေမှာ ပြောနေကျ စကားတစ်ခွန်းရှိတယ်။ "မိမိဘဝမှာ ဖြစ်နေတဲ့ အခြေအနေထက် အဲဒီအခြေအနေကို ဘာလုပ်မလဲဆိုတာက ပိုအရေးကြီးပါတယ်" တဲ့။




ယနေ့ လူတိုင်းနီးပါး ဖေ့စ်ဘုတ် သုံးနေကြပါတယ်။ လူငယ်တွေပါမက လူကြီးများလဲ သုံးနေကြတယ်။ ကမ္ဘာမှာ လူကြိုက်အများဆုံး Social Network (လူမှုရေးကွန်ယက်ကြီး) တစ်ခု ဖြစ်နေပါပြီ။

ဒါပေမဲ့ ဖေ့စ်ဘုတ် ဘယ်လိုပေါ်လာသလဲဆိုတာတော့ လူတော်တော်များများ သိကြမယ်မထင်လို့ ရေးပြလိုက်ပါတယ်။

ဖေ့စ်ဘုတ် ကို တီထွင်ခဲ့သူကတော့ Mark Zuckerberg (မတ်ခ်ဇကားဘတ်) ဆိုတဲ့ အမေရိကန်လူငယ်လေးတစ်ယောက်ပါ။ သူ့ကို ၁၉၈၄ ခုနှစ် မေလ ၁၄ ရက်မှာ အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်က White Plains မြို့လေးမှာ မွေးဖွားခဲ့ပါတယ်။

၁၂ နှစ်အရွယ် အလယ်တန်းကျောင်းသားလေး ဘဝကတည်းက ကွန်ပျူတာပရိုဂရမ်တွေ ရေးတတ်နေပါပြီ။ အစမှာတော့ သူ့အဖေက အခြေခံ ပရိုဂရမ်ရေးနည်းတွေ သင်ပေးတယ်။ နောက်တော့ software developer တစ်ယောက်ငှားပြီး သူ့ကိုသင်ခိုင်းတယ်။ သူဟာ ပရိုဂရမ်ရေးတာ ကျွမ်းလာလို့ ကျောင်းကသူငယ်ချင်းတွေ ကစားဖို့ ကွန်ပျူတာဂိမ်းဆော့ဖ်ဝဲတွေ ရေးပေးလေ့ ရှိတယ်။

၂၀၀၃ ခုနှစ် အသက် ၂၀ အရွယ် နာမည်ကြီး ဟားဗတ်တက္ကသိုလ်မှာ ဒုတိယနှစ်တက်တုံး မတ်ခ်ဟာ website တစ်ခု တည်ဆောက်ပြီး ကွန်ပျူတာပေါ် တင်လိုက်တယ်။ Website နာမည်က Facemash ပါ။ ဟားဗတ်

တက္ကသိုလ်ကျောင်းသားတွေသုံးဖို့ ရည်ရွယ်ခဲ့တာပါ။ အဲဒီ website ထဲ ဝင်ကြည့်သူက တစ်ချိန်မှာ ကျောင်းသူနှစ်ယောက်ရဲ့ ဓာတ်ပုံနှစ်ပုံကို ယှဉ်ပြီး ကြည့်နိုင်ပြီး ဘယ်ကျောင်းသူက ဆွဲဆောင်မှုကောင်းတယ်၊ sexy ဖြစ်တယ် ဆိုတာကို အမှတ်ပေးလို့ရတယ်။

နောက်ဆုံးမှာ ဘယ်ကျောင်းသူက အလှဆုံး ဆွဲဆောင်မှုအကောင်းဆုံး ဆိုတာကို ကျောင်းသားတွေပေးတဲ့ အမှတ်ပေါင်းပေါ်မူတည်ပြီး ဆုံးဖြတ်တဲ့ ကွန်ပျူတာပရိုဂရမ်တစ်မျိုးပါ။ သူ့ website ဟာ ကျောင်းသားတွေကြား အရမ်းရေပန်းစားသွားခဲ့ပါတယ်။

ဒီမှာတော့ တစ်ပတ်အကြာမှာ တက္ကသိုလ်အာဏာပိုင်တွေက မတ်ခ်ကို ခေါ်တွေ့ပြီး သူ့ website ကို ချက်ခြင်းပိတ်ပစ်ဖို့ ပြောတယ်။ မဟုတ်ရင် သူ့ကို ကျောင်းထုတ်ပစ်မယ်လို့လဲ သတိပေးတယ်။

ကျောင်းအာဏာပိုင်တွေ စွဲချက်တင်တဲ့ ပြဿနာက သူ့ website မှာ တင်ထားတဲ့ ကျောင်းသူတွေရဲ့ ဓာတ်ပုံတွေဟာ တက္ကသိုလ်ရဲ့ ကွန်ပျူတာ ကွန်ရက်ကို hack လုပ်ပြီး ခိုးယူထားလို့တဲ့။ ကျောင်းသူတွေကလဲ သူတို့ဓာတ်ပုံတွေကို ခွင့်ပြုချက်မယူဘဲ သုံးတယ်လို့ အာဏာပိုင်တွေကို တိုင်ထားတာကိုး။ နောက်ဆုံးတော့ မတ်ခ်ဟာ တက္ကသိုလ်ခန်းမကြီးထဲမှာ တက္ကသိုလ်အရေးပိုင်တွေနဲ့ ကျောင်းသူ ကျောင်းသားတွေကို ဝန်ချတောင်းပန်လို့ တက္ကသိုလ်အာဏာပိုင်တွေက အပြစ်မယူဘဲ ခွင့်လွှတ်ပေးလိုက်ကြပါတယ်။

ဒီမကြာခင်မှာပဲ မတ်ခ်တစ်ယောက် ကျောင်းဆက်မတက်တဲ့ ထွက်



လိုက်ပါတယ်။ အကြောင်းကတော့ သူစိတ်ဝင်စားတဲ့ ကွန်ပျူတာပညာကိုပဲ ဇောက်ချလုပ်ဖို့ပါ။ သူ့ facemash ကို facebook လို့ နာမည်ပြောင်းလိုက်တယ်။ (ဒ)ပတ်လောက် အကြာမှာ သူ့ထက် အတန်းကြီးတဲ့ ကျောင်းသားသုံးယောက်က မတ်ခ်ဟာ သူတို့ရဲ့ စိတ်ကူးအကြံဉာဏ်တွေကို ခိုးယူပြီး ဖေ့စ်ဘုတ် မှာ သုံးထားတယ်လို့ တရားရုံးမှာ တရားစွဲပါတယ်။ နောက်ဆုံးတော့ မတ်ခ်က ဒေါ်လာ တစ်သန်းခွဲတန်တဲ့ ဖေ့စ်ဘုတ် က ရှယ်ယာတွေပေးလိုက်လို့ အမှုကြေအေးသွားပါတယ်။

ဖေ့စ်ဘုတ် ကို တစ်ကမ္ဘာလုံးကလူတွေ တွင်တွင်ကျယ်ကျယ်သုံးလာလို့ ဖေ့စ်ဘုတ် ရှယ်ယာတန်ဖိုးတွေ ကြောက်ခမန်းလိလိ ထိုးတက်သွားတယ်။ Facebook ပိုင်ရှင် မတ်ခ်ဟာ ၂၀၀၈ ခုနှစ် အသက် ၂၃ နှစ်အရွယ်မှာပဲ ကမ္ဘာ့ အသက်အငယ်ဆုံး ဘီလျံနာသူဌေးအဖြစ် ကမ္ဘာကျော် Forbes မဂ္ဂဇင်းကြီးက သတ်မှတ်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်တုံးကလဲ ကမ္ဘာကျော် Time မဂ္ဂဇင်းရဲ့ တစ်နှစ်တာ အတော်ဆုံးလူ (Man of the Year) အဖြစ် မတ်ခ်ရဲ့ဓာတ်ပုံကို မဂ္ဂဇင်းမျက်နှာဖုံးမှာ ဖော်ပြခံခဲ့ရပါတယ်။

အခု အသက် ၃၀ အရွယ်သာရှိသေးတဲ့ မတ်ခ်ရဲ့ ပိုင်ဆိုင်မှုစုစုပေါင်းဟာ အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံဖြစ်ပါတယ်။

ယနေ့ သူ့ရဲ့ ဖေ့စ်ဘုတ်ကို သုံးနေ ကြသူပေါင်း ၁.၃ ဘီလီယံဦးရေ ရှိနေပါ တယ်။ မတ်ခ်ဟာ သူ ဖေ့စ်ဘုတ် စတီထွင်တုံးက ဒီလောက်ထိ အောင်မြင်မယ်လို့ မထင်ခဲ့မိဘူးလို့ ပြောပါတယ်။ ဒီလောက်အထိ ချမ်းသာလာမယ်လို့လဲ အိပ်မက်တောင် မမက်ခဲ့ပါဘူးတဲ့။



တကယ်တော့ ဝါသနာရယ် စိတ်ကူးစိတ်သန်းကောင်းတာရယ် နေ့မအိပ် ညမအိပ် ကြိုးစားလုပ်ကိုင်ခဲ့တာတွေ ပေါင်းစုလိုက်တော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘီလျံနာသူဌေးဖြစ်သွားတဲ့ မတ်ခ်ကို လူငယ်တွေ အားကျ အတုခိုးနိုင်ကြပါစေ။

❑




အလီဘာဘာဆိုတဲ့ ကုမ္ပဏီနာမည်ကို ကြားဖူးကြလား။ အလီဘာဘာဆိုတာ တရုတ်နိုင်ငံက ကုမ္ပဏီတစ်ခုဖြစ်ပေမဲ့ ကမ္ဘာကျော် ကုမ္ပဏီတစ်ခု ဖြစ်နေပါတယ်။

မနှစ်က စက်တင်ဘာလထဲမှာ အလီဘာဘာက အမေရိကန်ဒေါ်လာ (၂၅) ဘီလီယံဖိုး အစုရှယ်ယာတွေ ထုတ်ရောင်းခဲ့လို့ ကမ္ဘာပေါ်မှာ ရှယ်ယာဈေး အများဆုံးရောင်းတဲ့ စံချိန်တင်သွားတဲ့ သတင်းရယ်၊ ကုမ္ပဏီပိုင်ရှင် ဂျက်မား (Jack Ma) ရဲ့ပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ (၂၂) ဘီလီယံကျွယ်ဝလို့ တရုတ်ပြည်ရဲ့ အချမ်းသာဆုံးလူတစ်ယောက် ဖြစ်လာတယ်ဆိုတဲ့ သတင်းတွေကြောင့် ဒီကုမ္ပဏီအကြောင်း လေ့လာကြည့်လိုက်တော့ စိတ်ဝင်စားစရာတွေ၊ မြန်မာလူငယ်တွေ အတုယူစရာတွေဖြစ်နေလို့ ရေးပြလိုက်ပါတယ်။

အလီဘာဘာကုမ္ပဏီဆိုတာ ရိုးရိုးလေးပြောရရင် အင်တာနက်ကနေ ကုန်ပစ္စည်းကြော်ငြာပြီး ပစ္စည်းရောင်းချပေးတဲ့ ကုမ္ပဏီပါ။ ဒါပေမဲ့ အများတကာနဲ့ မတူတဲ့ ကုမ္ပဏီပါ။ အလီဘာဘာအကြောင်း ပြောမယ်ဆိုရင် ကုမ္ပဏီကို စတင်တည်ထောင်ခဲ့တဲ့ တက္ကသိုလ်ဆရာ ဂျက်မားအကြောင်းက စပြောမှ ပြည့်စုံမှာပါ။


ဂျက်မားကို ၁၉၆၄ ခုနှစ် တရုတ်ရိုးရာကဇာတ် အဖွဲ့တစ်ခုရဲ့ အဖွဲ့သား လင်မယားနှစ်ယောက်က ဟန်ဇိုးမြို့လေးမှာ မွေးဖွားခဲ့ပါတယ်။ ကျောင်းစနေတော့ လူကောင်သေးသေးလေးမို့ အတန်းသားတွေရဲ့ စတာ နောက်ပြောင်တာတွေ အမြဲခံရတယ်။ ဂျက်မားဟာ လူကောင်သာသေးပေမဲ့ ရန်ဖြစ်ရင် သူ့ထက်

ဂျက်ဟာ အင်္ဂလိပ်စာတော်ပေမဲ့ သင်္ချာဘာသာမှာကျတော့ အတော်လေး ညံ့တယ်။ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲဖြေတော့ သင်္ချာဘာသာမှာကျလို့ ဝင်ခွင့် မရဘူး။ နောက်တစ်ကြိမ် ထပ်ဖြေတယ်။ သင်္ချာမှာ ထပ်ကျလို့ ဝင်ခွင့်ပယ်ချခံရ ပြန်တယ်။ တတိယအကြိမ် ထပ်ဖြေမှ အောင်လို့ ဝင်ခွင့်ရတယ်။ ဆရာဖြစ်သင် တက္ကသိုလ်တက်တယ်။

၁၉၈၈ ခုနှစ်မှာ ဘွဲ့ရပြီး ကုမ္ပဏီပေါင်း ၃၀ မှာ အလုပ်လျှောက်တယ်။ ကုမ္ပဏီတစ်ခုမှ သူ့ကိုမရွေးဘူး။ ကြက်သားကျော်ကုမ္ပဏီ KFC ဆိုင်တွေ တရုတ် ပြည်မှာ စဖွင့်တော့လဲ အင်တာဗျူးဖြေသူ ၂၄ ယောက်မှာ ၂၃ ယောက် (သူက လွဲပြီး) အရွေးခံရတယ်။ နောက်ဆုံးကျတော့ တက္ကသိုလ်တစ်ခုမှာ တစ်လကို (၁၂) ဒေါ်လာ (မြန်မာငွေ ကျပ်တစ်သောင်းကျော်)နဲ့ အင်္ဂလိပ်စာသင်တဲ့ ဆရာ အလုပ်ရတယ်။ ဂျက်မားဟာ အင်္ဂလိပ်စာသင်ပြတာ ကောင်းလွန်းလို့ သူ့တပည့် တွေက သူ့ကို အရမ်းချစ်ကြတယ်။

ဂျက်မားရဲ့ ငယ်ဘဝကို ခုလိုရေးပြရတာက သူဟာ မိဘချမ်းသာလို့ အမွေရပြီး ချမ်းသာလာတာမဟုတ်ဖူးဆိုတာ သိစေချင်လို့ပါ။ သူဟာ လူကောင် သာ သေးပေမဲ့ ရည်မှန်းချက်ကတော့ တောင်ကြီးတစ်တောင်လို ကြီးတယ်။ ခါချဉ်ကောင် မာန်ကြီးပြီး တောင်ကြီးဖြိုဖို့ ကြံနေတယ်။ အခွင့်သာမယ့်အချိန်ကို စောင့်နေတယ်။

၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှာ တရုတ်ပြည်မကြီးဟာ ကမ္ဘာကို တံခါး ဖွင့်ပေးလိုက်တယ်။ နိုင်ငံတကာကို ထုတ်ကုန်တွေ တင်ပို့ရင်း တရုတ်ပြည်ရဲ့ စီးပွားရေးဟာ တဟုန်ထိုး တိုးတက်လာခဲ့တယ်။ ဂျက်တစ်ယောက်လဲ တက္ကသိုလ် ဆရာအလုပ်ကထွက်ပြီး တရုတ်စာတွေကိုအင်္ဂလိပ် လို ဘာသာပြန်ပေးတဲ့ ကိုယ်ပိုင်ကုမ္ပဏီတစ်ခု ထောင်လိုက်တယ်။



၁၉၉၅ ခုနှစ် မှာဂျက်မားဟာ အမေရိက ကားလမ်းမကြီးတစ်ခု

ဆောက်လုပ်မယ့် စီမံကိန်းတစ်ခုအတွက် သူ့မြို့ကအစိုးရကို ကူညီ ဘာသာပြန် ပေးဖို့ အမေရိကန်နိုင်ငံကို ပထမဆုံးရောက်သွားတယ်။ သူငယ်ချင်းဖြစ်သူက ကွန်ပျူတာမှာ အင်တာနက်ဖွင့်ပြီး လိုချင်တဲ့ပစ္စည်းကို အင်တာနက်မှာ ဝယ်လို့ ရတယ်လို့ ပြောတယ်။ ဂျက်က Beer စာလုံး ရိုက်ထဲ့လိုက်တယ်။ နိုင်ငံတကာက Beer မျိုးစုံ ကွန်ပျူတာမှာ ပေါ်လာတယ်။ ဒါပေမဲ့ တရုတ်ပြည်ကထုတ်တဲ့ Beer တွေ့ရဘူး။ ဒါနဲ့ ကွန်ပျူတာမှာ China စာလုံး ရိုက်ထဲ့လိုက်တယ်။ ဘာမှ ပေါ်မလာဘူး။ China နဲ့ပတ်သက်တဲ့အကြောင်း ဘာတစ်ခုမှ အင်တာနက်မှာ ရှာမတွေ့ဘူး။

အမေရိကားကနေ တရုတ်ပြည်ကို ပြန်လာတယ်။ သူ့အိမ်ရောက်တော့ တရုတ်ပြည်ရဲ့ တစ်ခုတည်းသော အင်တာနက်က ပစ္စည်းတွေရောင်းတဲ့ China Pages ဆိုတဲ့ Website ကို ဝင်ကြည့်တယ်။ တင်ထားတဲ့ပစ္စည်းတွေက မစုံသလို ပစ္စည်းနာမည်တွေ၊ ဈေးနှုန်းတွေ အားလုံး တရုတ်စာနဲ့ပဲ ရေးထားတယ်။ တရုတ်စာနဲ့ရေးပြီး ကြော်ငြာတဲ့ပစ္စည်းကို တရုတ်စာမဖတ်တတ်တဲ့ နိုင်ငံတွေက ဘယ်လို ဝယ်ပါ့မလဲဆိုတဲ့ အတွေးတစ်ခု သူ့ခေါင်းထဲကို ဖြတ်ကနဲ ဝင်လာတယ်။

အဲဒီမှာ ဂျက်မားဟာ အခွင့်အလမ်းတစ်ခုကို စတွေ့လိုက်ပြီ။ အခွင့်အလမ်းဆိုတာ အရံသင့် ရွှေလင်ဗန်းနဲ့ ရောက်လာတာ မဟုတ်ပါဘူး။ ဒါပေမဲ့ စိတ်ရှည်ရှည်နဲ့ နှစ်ပေါင်းများစွာ စောင့်နေခဲ့တဲ့ ဂျက်မားအတွက်ကတော့ ဒါဟာ ကြီးပွားချမ်းသာမဲ့ လမ်းစတစ်ခုဆိုတာ သိနေတော့ ရတဲ့အခွင့်အရေးကို အမိအရ ဖမ်းဆုပ်ကိုင်ဖို့ ပြင်ဆင်ပါတော့တယ်။

နောက် ၄ နှစ်အကြာ ၁၉၉၉ ခုနှစ် အောက်တိုဘာလမှာ ဂျက်မားဟာ သူ့သူငယ်ချင်း ၁၇ ယောက်ကို သူ့အိမ်မှာ ထမင်းစားဖိတ်ကျွေးပြီး သူတည်ထောင်မဲ့ အင်တာနက်ကုမ္ပဏီမှာ အစုငွေထည့်ဝင်ဖို့ စည်းရုံးတယ်။ ပထမတော့ အားလုံးဟာ အင်တာနက်အကြောင်း ကောင်းကောင်းမသိသေးတဲ့ ဂျက်ရဲ့ လုပ်ငန်းကို မယုံကြဘူး။ ဒါပေမဲ့ ရည်မှန်းချက်ကြီးမားတဲ့ ဂျက်ရဲ့ စိတ်အားထက်ထက်သန်သန် စည်းရုံးမှုကြောင့် တချို့က အစုငွေတွေထည့်ကြတယ်။ ရင်းနှီးမတည်ငွေ အမေရိကန်ဒေါ်လာ ၆ သောင်း ရလိုက်တယ်။

ဂျက်မားဟာ ပစ္စည်းကြော်ငြာပြီးရောင်းတဲ့ Website တစ်ခု ထောင်လိုက်တယ်။ သူဟာ ကွန်ပျူတာပရိုဂရမ်အကြောင်း ဘာမှမသိပါဘူး။ ဒါပေမဲ့

သူ့မှာ အားသာချက်တစ်ခုရှိတယ်။ အဲဒါက တရုတ်စာကို အင်္ဂလိပ်လို ကျွမ်းကျွမ်းကျင်ကျင် ဘာသာပြန်တတ်တယ်။ သူဟာ သူလိုချင်တဲ့ website ပုံစံရအောင် သူ့သူငယ်ချင်း ကွန်ပျူတာကျွမ်းကျင်သူတွေကို လုပ်ခိုင်းတယ်။

အလီဘာဘာနာမည်နဲ့ ကုမ္ပဏီထောင်လိုက်တယ်။ သိပ်မကြာခင်မှာပဲ တခြားနိုင်ငံတချို့က သူတို့လိုချင်တဲ့ တရုတ်ပြည်က ပစ္စည်းတွေ လှမ်းမှာတယ်။ ဂျက်မားတို့က ပစ္စည်းရောင်းတဲ့ဆိုင်တွေ အကြောင်းကြားပြီး မှာတဲ့နိုင်ငံတွေကို ပို့ခိုင်းလိုက်တယ်။ အလုပ်ဖြစ်သွားရင် ဝန်ဆောင်ခ ကော်မရှင်ရတယ်။

လပေါင်းအတန်ကြာမှာ အမေရိကန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုဘဏ်ကြီး Goldman Sachs က ဒေါ်လာ (၅)သန်းနဲ့ ဂျပန်နိုင်ငံက ဆက်သွယ်ရေး ကုမ္ပဏီကြီး SoftBank က ဒေါ်လာ သန်း (၂၀) ကို အလီဘာဘာမှာ ရင်းနှီးမြှုပ်နှံငွေအဖြစ် ထည့်ဝင်လာခဲ့တယ်။ ၂၀၀၅ ခုနှစ်မှာ Yahoo ကုမ္ပဏီကြီးက ဒေါ်လာတစ်ဘီလီယံဖိုး ရင်းနှီးမြှုပ်နှံလာလို့ အလီဘာဘာရဲ့ ရင်းနှီးမြှုပ်နှံငွေ စုစုပေါင်းဟာ ဒေါ်လာ (၁၀) ဘီလီယံထိ ရှိလာခဲ့တယ်။

အလီဘာဘာဟာ ပစ္စည်းတွေ ဝယ်ယူစုထားပြီး အင်တာနက်က အမြတ်တင်ရောင်းပေးတဲ့ Amazon တို့ eBay တို့နဲ့ မတူပါဘူး။ ပစ္စည်းဝယ်ချင်သူနဲ့ ပစ္စည်းရောင်းသူချင်း ဆက်သွယ်ပေးပြီး အရောင်းအဝယ်ဖြစ်သွားရင် ပွဲစားခ ကော်မရှင်ယူတဲ့ ကုမ္ပဏီမျိုးပါ။ ပွဲစားကုမ္ပဏီက ဘာလို့များ အခုလို ကမ္ဘာသိအောင် မြင်သွားခဲ့ရတာလဲ။




တရုတ်နိုင်ငံက ဈေးသက်သာတဲ့ ပစ္စည်းတွေကို ဝယ်ချင်နေတဲ့ အနောက်ကမ္ဘာက Customer စားသုံးသူ ဘီလီယံဦးရေ ရှိနေတယ်။ သဘောက ဒေါ်လာ ဘီလီယံနဲ့ချီတဲ့ အနောက်ကမ္ဘာဈေးကွက်ကြီး ရှိနေတယ်။ ထိုနည်းတူ စီးပွားရေးကောင်းလာလို့ ချမ်းသာလာကြတဲ့ တရုတ်လူမျိုး သန်းပေါင်းများစွာကလဲ အနောက်နိုင်ငံထုတ် Branded ပစ္စည်းအကောင်းစားတွေကို ဝယ်ချင်နေကြတယ်။ ဘာသာစကား မတူကြတဲ့ လူနှစ်မျိုးကို ကြားခံဆက်သွယ်ပေးပြီး

ရောင်းသူရော ဝယ်သူပါ စိတ်ကျေနပ်အောင် လုပ်ပေးနိုင်ခဲ့လို့ပါ။ ဂျက်မားရဲ့ လုပ်ငန်းကျွမ်းကျင်မှုနဲ့ စွန့်စားလုပ်ကိုင်တတ်မှုကလဲ ကုမ္ပဏီအောင်မြင်မှုမှာ အဓိကကျခဲ့ပါတယ်။

ယနေ့ အလီဘာဘာရဲ့ ပိုင်ဆိုင်မှုဟာ အမေရိကန်ဒေါ်လာ (၁၆၀) ဘီလီယံဖြစ်ပြီး ဂျက်မားရဲ့ ပိုင်ဆိုင်ကြွယ်ဝမှုက အမေရိကန်ဒေါ်လာ (၃၀) ဘီလီယံဖြစ်လို့ တရုတ်ပြည်ရဲ့ အချမ်းသာဆုံး ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာပါတယ်။

နောက်ဆုံးအနေနဲ့ လူငယ်တွေအတွက် မှတ်သားစရာလေးတစ်ခု ပြောပြချင်ပါတယ်။ မဂ္ဂဇင်း အင်တာဗျူးတစ်ခုမှာ တက္ကသိုလ်တက်စဉ်ကတဲက ဂျက်မားနဲ့ ချစ်ကြိုက်ခဲ့ပြီးနောက် သူ့ဇနီးဖြစ်လာခဲ့တဲ့ မိန်းမချောချောလေး Zhang Ying က အခုလို ပြောပြခဲ့ပါတယ်။ "မားဟာ ရုပ်မချောပါဘူး။ မိန်းမတွေကျလောက်တဲ့ ရုပ်ရည်မရှိပါဘူး။ ဒါပေမဲ့ သူ့မှာ ရုပ်ချောသူတွေ မလုပ်နိုင်တာကို လုပ်နိုင်တဲ့ အရည်အချင်းရှိတယ်။ အဲဒီအရည်အချင်းကို သဘောကျလို့ သူ့ကို ကျမ လက်ထပ်ခဲ့တာပါ" တဲ့။



အလီဘာဘာနဲ့ ဂျက်မားတို့ရဲ့ စိတ်ဝင်စားဖွယ် အခြားအချက်များမှာ-

၁။ ဂျက်မားရဲ့ အရပ်ဟာ ၅ ပေပဲရှိတယ်။ လူရွှင်တော် ဇေလုဝနဲ့ ရုပ်တူသလို ဇေလုဝလိုပဲ လူကောင်သေးသေးလေးပါ။

၂။ အလီဘာဘာဆိုတဲ့ နာမည်ကို ဂျက်မားက "အလီဘာဘာနဲ့ ခိုးသားလေးဆယ်" ဆိုတဲ့ အာရပ်ပုံပြင်ထဲက ယူလိုက်တာပါ။ အဲဒီပုံပြင်ကို ဟောလီးဝုဒ်က ရုပ်ရှင်ရိုက်လိုက်လို့ ကမ္ဘာကျော်ဇာတ်လမ်းတစ်ပုဒ် ဖြစ်သွားခဲ့တယ်။ ဂျက်မားက သူ့ကုမ္ပဏီကို ကမ္ဘာကသိအောင်လို့ ကမ္ဘာကျော်ပုံပြင်က ယူလိုက်တာပါ။

၃။ ဂျက်မားရဲ့ နာမည်ရင်းက Ma Yun (မားယွန်း) ပါ။ ဂျက်ဆိုတဲ့ အင်္ဂလိပ်နာမည်ကို သူငယ်ငယ်က ဇာတိ ဟန်ဇိုးမြို့မှာ မိတ်ဆွေဖြစ်ခဲ့တဲ့ တိုးရစ်အမျိုးသမီးတစ်ယောက်က ပေးခဲ့တာပါ။ အဲဒီအမျိုးသမီးရဲ့ ခင်ပွန်းနဲ့ အဖေနာမည်တွေမှာလဲ Jack ပါနေတယ်။



၄။ ဂျက်ဟာ တရုတ်တိုင်ချီ သိုင်းကစားတာကို အလွန်ဝါသနာပါလို့ နေ့စဉ် သိုင်းလေ့ကျင့်လေ့ရှိတယ်။

၅။ ဂျက်မားဟာ ကမ္ဘာကျော် အမေရိကန် ဟားဗတ်တက္ကသိုလ်မှာ တက်ခွင့်ရဖို့ လျှောက်တာ (၁၀) ကြိမ်ရှိခဲ့တယ်။ အကြိမ်တိုင်း ပယ်ချခံခဲ့ရတယ်။ မကြာခင်ကပဲ ဟားဗတ်တက္ကသိုလ်က ဂျက်လို လူတော်တစ်ယောက်ကို လက်မခံမိတာ မှားသွားပါတယ်လို့ ဝန်ခံသွားခဲ့ပါတယ်။

၆။ အလီဘာဘာဆိုတာ Alibaba Group ကို ပြောတာဖြစ်ပြီး အဲဒီ Group အောက်မှာ Taobao ရယ်၊ Tmail ရယ်၊ Alibaba ရယ်ဆိုပြီး ကုမ္ပဏီ သုံးခုကို စုပေါင်းဖွဲ့စည်းထားတာပါ။


၇။ အလီဘာဘာကို စတင်တည်ထောင်တုံးက ဝန်ထမ်း (၁၅) ဦးနဲ့ စခဲ့တာပါ။ ယနေ့ ဝန်ထမ်းပေါင်း ၃ သောင်းကျော် ရှိနေပါတယ်။

၈။ အလီဘာဘာ Website ကို တစ်ကမ္ဘာလုံးက နေ့စဉ် ဝင်ကြည့်သူပေါင်း တစ်နေ့ သန်း (၁၀၀) ကျော်ပါတယ်။

၉။ အလီဘာဘာဟာ ပစ္စည်းဝယ်ယူသူတွေရဲ့ ယုံကြည်မှုရစေဖို့ ပစ္စည်းအတုပြုလုပ်တဲ့ လိမ်ညာတဲ့ ကုမ္ပဏီတွေနဲ့ အလုပ်မလုပ်ပါဘူး။

❑

## “ဆိုချီယိုဟွန်းဒါး”




ဂျပန်နိုင်ငံက တစ်ကမ္ဘာလုံးကို မော်တော်ကား၊ မော်တော်ဆိုင်ကယ် တွေ တင်ပို့ရောင်းချနေတဲ့ ဟွန်းဒါး (Honda) ကုမ္ပဏီဆိုတာ ကြားဖူးကြမှာပါ။ ဟွန်းဒါးကုမ္ပဏီကို စတင်တည်ထောင်ခဲ့သူက ဂျပန်လူမျိုး ဟွန်းဒါးပါ။ သူ့နာမည် အပြည့်အစုံက Soichiro Honda (ဆိုချီယိုဟွန်းဒါး) ပါ။ ဟွန်းဒါးကို အနောက် နိုင်ငံမှာ ထုတ်ဝေတဲ့ သတင်းစာ၊ မဂ္ဂဇင်းတွေမှာ “အခက်အခဲ ဘယ်လောက် ကြုံကြုံ ဘယ်တော့မှ လက်မြှောက် အရှုံးမပေးတတ်တဲ့ လူသား”လို့ ချီးကျူး ရေးသားကြတယ်။ အနောက်နိုင်ငံတွေက ဘာဖြစ်လို့ အာရှနိုင်ငံသား ဂျပန် လူမျိုးတစ်ယောက်ကို ဒီလောက်ချီးမွမ်းနေရတာလဲသိရအောင် ရေးပြပေးလိုက် ပါတယ်။

၁၉၃၈ ခုနှစ်မှာ အသက် ၂၁ နှစ်သာရှိသေးတဲ့ လူငယ်လေး ဟွန်းဒါး ဟာ မော်တော်ကား အင်ဂျင်တွေမှာသုံးတဲ့ ပစ္စတင်ကွင်း (Piston Ring) လေး တွေကို သူ့ရဲ့ ကားပြင်တဲ့ အလုပ်ရုံမှာ စတင်ထုတ်လုပ်တယ်။ အောင်မြင်ရင် တိုယိုတာ (TOYOTA) မော်တော်ကားထုတ်တဲ့ ကုမ္ပဏီကြီးကို ရောင်းမလို့ပါ။ အလုပ်ရုံထဲမှာ တစ်ယောက်ထဲ နေ့ရောညရော တကုတ်ကုတ်နဲ့ ကြိုးစားလုပ်တယ်။ ပိုက်ဆံမလောက်လို့ သူ့မိန်းမရဲ့ လက်ဝတ်လက်စားတွေတောင် ရောင်းချလိုက် ရတယ်။ နောက်ဆုံး အောင်မြင်စွာ ထုတ်လုပ်လိုက်တဲ့ သူ့ပစ္စတင်ကွင်းတွေကို တိုယိုတာကုမ္ပဏီမှာ သွားပြတယ်။ သူ့ပစ္စတင်ကွင်းတွေဟာ စမ်းသပ်ရင်း တချို့

ကျိုးပဲ့ကုန်လို့ တိုယိုတာက အရည်အချင်းမမှီဘူးဆိုပြီး ပယ်ချလိုက်တယ်။ ဟွန်းဒါးတစ်ယောက် စိတ်ပျက် လက်လျှော့သွားပြီလား။ သူ စိတ်မပျက်ပါဘူး။ ဟွန်းဒါးဟာ သူ့ပစ္စည်းတွေ အရည်အချင်းမမှီတာ သတ္တုကျိုစပ်နည်းကို ကောင်းကောင်းမသိလို့ဆိုပြီး သူဟာ အင်ဂျင်နီယာကျောင်း သွားတက်တယ်။ ကျောင်းက အင်ဂျင်နီယာဆရာတွေက သူ့ပစ္စတင်ကွင်းကိုကြည့်ပြီး ဝိုင်းဟားကြတယ်။ သူရှက်ပြီး လက်လျှော့လိုက်သလား။ မလျှော့ပါ။

ကျောင်းတက်နေတဲ့ ၂ နှစ်အတွင်း သူဟာ ပစ္စတင်ကွင်းတွေ အရည်အချင်းမှီအောင် ဆက်လုပ်တယ်။ နောက်ဆုံး အောင်မြင်သွားလို့ တိုယိုတာကုမ္ပဏီကြီးက သူ့ပစ္စည်းတွေသွင်းဖို့ ကန်ထရိုက်စာချုပ် ချုပ်လိုက်တယ်။

အခု ဟွန်းဒါးဟာ ပစ္စည်းတွေ အများကြီးထုတ်ရတော့မှာမို့ စက်ရုံတစ်ခုဆောက်ဖို့ လိုလာပြီ။ ဒါပေမဲ့ အခက်အခဲတစ်ခု စတွေ့ရပြီ။ အဲဒီအချိန်မှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခါနီးမို့ ဂျပန်စစ်တပ်က ထုတ်သမျှ ဘိလပ်မြေတွေ အကုန်သိမ်းယူထားတယ်။ ဘိလပ်မြေကို ဘယ်နေရာမှာမှ ဝယ်လို့မရဘူး။ ဟွန်းဒါး စိတ်ပျက်လို့ ပစ္စည်းထုတ်မဲ့ အစီအစဉ်ကို ရပ်လိုက်ပြီလား။ မရပ်ပါဘူး။

သူဟာ စုလို့ရတဲ့ ကုန်ကြမ်းတွေနဲ့ ဘိလပ်မြေ ထုတ်လုပ်နည်းတစ်ခု တီထွင်လိုက်တယ်။ သူကိုယ်တိုင်ထုတ်တဲ့ ဘိလပ်မြေနဲ့ စက်ရုံတစ်ခုကို ကွန်ကရစ်လောင်းပြီး အားချင်း တည်ဆောက်လိုက်တယ်။ စက်ရုံဆောက်တာ ပြီးသွားလို့ ပစ္စတင်ကွင်းတွေ စထုတ်ဖို့ ပြင်ဆင်နေချိန်မှာ ဒုတိယကမ္ဘာစစ်ကြီး စတင်လာပြီမို့ သူ့ရဲ့စက်ရုံဟာ အမေရိကန်စစ်လေယာဉ်တွေရဲ့ဗုံးကြဲချတာ ၂ကြိမ်တိုင်တိုင် ခံလိုက်ရတယ်။ စက်ရုံဟာ အတော်ပျက်စီးသွားတယ်။ ပိုဆိုးတာက ပစ္စတင်ကွင်းလုပ်ဖို့ သံထည်ပစ္စည်း လုံးဝရှာမရဘူး။ ဂျပန်စစ်တပ်က စစ်လက်နက်ပစ္စည်းထုတ်လုပ်ဖို့ ရှိသမျှ သံထည်သတ္တုတွေကို အကုန်သိမ်းထားလိုက်ပြီ။ သူ စိတ်ဓာတ်ကျပြီး သူ့အစီအစဉ်ကို ရပ်ဆိုင်းလိုက်ပြီလား။ ဘယ်ရပ်လိမ့်မလဲ။

သတ္တုဝယ်မရတဲ့ ဟွန်းဒါး ဘာလုပ်သလဲ။ အမေရိကန်စစ်လေယာဉ်ပျံတွေပေါ်က ပစ်ချလိုက်တဲ့ လေယာဉ်ဓာတ်ဆီပုံးအလွတ်တွေကို ကောက်ယူစုထားသူတွေဆီက လိုက်ဝယ်တယ်။ အဲဒီပုံးခွံတွေကို အရည်ကျိုပြီး ပစ္စတင်ကွင်းတွေ စတင်ထုတ်တယ်။ သိပ်မကြာခင်မှာ ဂျပန်နိုင်ငံမှာ မြေငလျင်လှုပ်လို့ သူ့စက်ရုံဟာ မြေပြင်ကို ပြားပြားဝပ် ပြိုကျသွားပြန်တယ်။ ဟွန်းဒါးတစ်ယောက်

ဝိုက်ကုသိုလ်ကံကလဲ ဆိုးလိုက်တာလို့ ထိုင်ညည်း စိတ်ဓာတ်ကျသွားပြီလား။ လုံးဝ မကျဘူး။

၁၉၄၅ ခုနှစ်မှာ ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားပြီ။ အဲဒီအချိန်မှာ ဓာတ်ဆီ အရမ်းရှားနေလို့ ဂျပန်လူမျိုးတွေဟာ ကုန်းကြောင်းလျှောက်ရင် လျှောက်၊ ဒါမှမဟုတ် စက်ဘီးနင်းပြီး တစ်နေရာကနေ တစ်နေရာ သွားလာနေရတယ်။ ဟွန်းဒါးဟာ ဓာတ်ဆီအစားသက်သာတဲ့ အင်ဂျင်အသေးလေးတစ်လုံးကို





တီထွင်ပြီး သူ့စက်ဘီးမှာတပ်လို့ လမ်းပေါ်မှာ သွားလာတယ်။ အိမ်နီးချင်းတွေ တွေ့သွားပြီး သဘောကျလို့ သူ့ကို အဲဒီလို အင်ဂျင်အသေးတပ်ထားတဲ့ စက်ဘီးတွေ ရောင်းပေးဖို့ ပြောလာကြတယ်။ သူလဲ အဲဒီစက်ဘီး (နောက်တော့ ဆိုင်ကယ်) တွေ လုပ်ပြီး ရောင်းပေးတယ်။ တဖြည်းဖြည်းနဲ့ သူ့ဆိုင်ကယ်ကို လူသိများလာပြီး အော်ဒါတွေ မှာကြတယ်။

ဟွန်းဒါးမှာ အခက်အခဲတွေ့ ပြန်ပြီ။ အင်ဂျင်လုပ်ဖို့ သံထည်သတ္တုရှားပါးတာရယ်၊ ငွေကြေးမလုံလောက်တာရယ်တွေကြောင့် ဆိုင်ကယ်အသစ်တွေ ထပ်မထုတ်နိုင်တော့ဘူး။ ပစ္စည်းအော်ဒါမှာသူတွေကို ပစ္စည်းမထုတ်နိုင်တော့ကြောင်း တောင်းပန်ရတယ်။ ဝယ်သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ ပစ္စည်းမထုတ်နိုင်လို့ သူ စိတ်ပျက်သွားပြန်ပြီလား။ စိတ်မပျက်ပါဘူး။

အဲဒီတော့ ဟွန်းဒါး ဘာလုပ်သလဲ။ သူဟာ စက်ဘီးဆိုင်ပေါင်း (၁၈,၀၀၀) က ဆိုင်ပိုင်ရှင်တွေဆီ စာပို့လိုက်တယ်။ စာထဲမှာ ဒုတိယကမ္ဘာစစ်ကြီး ရှုံးသွားတဲ့ ဂျပန်နိုင်ငံရဲ့ စီးပွားရေးကျဆင်းမှုကို ပြန်ကောင်းလာစေဖို့ သူကြိုးစားနေတာကြောင့် ဂျပန်နိုင်ငံ စီးပွားရေးကောင်းဖို့ စိတ်ထက်သန်ရင် သူ့လုပ်ငန်းထဲမှာ အစုငွေထည့်ဝင်ဖို့ ရေးထားပါတယ်။ ဆိုင်ရှင်ပေါင်း (၅,၀၀၀) ဆီက

စာပြန်လာတယ်။ သူ့ကို ကူညီမယ်။ အစုငွေထည့်မယ်ပေါ့။ ရတဲ့အစုငွေနဲ့ အသေးစားအင်ဂျင်တပ် ဆိုင်ကယ်လေးတွေ ထုတ်တယ်။ ရောင်းရလွန်းလို့ Super Cub စူပါကပ်ဆိုင်ကယ်ဆိုပြီး နာမည်ကျော်သွားတယ်။ စူပါကပ်တွေကို အမေရိကန်နဲ့ ဥရောပနိုင်ငံတွေကို အမြောက်အမြား တင်ပို့နေရတယ်။

၁၉၇ဝ ပြည့်နှစ်မှာ တစ်ကမ္ဘာလုံးမှာ ရေနံရှားပါးမှု ကြုံရတယ်။ အကွက်မြင်တဲ့ ဟွန်းဒါးဟာ သူ့ ဟွန်းဒါးကုမ္ပဏီကနေ ဆီစားသက်သာတဲ့ ကားသေးလေးတွေထုတ်ပြီး အနောက်နိုင်ငံတွေကို တင်ပို့တယ်။ အနောက်




နိုင်ငံတွေကလဲ ဆီစားသက်သာပြီး ဒီဇိုင်းလှလှလေးတွေနဲ့ ထုတ်လုပ်ထားတဲ့ဟွန်းဒါး ကားလေးတွေကို ကြိုက်လွန်းလို့ အလုအယက် မှာယူဝယ်ကြတယ်။

ယနေ့ ဟွန်းဒါးမော်တော်ကား ကုမ္ပဏီကြီးဟာ ဂျပန်နိုင်ငံသာမကဘဲ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေမှာပါ ကားထုတ်စက်ရုံပေါင်းများစွာ ထောင်ထားပြီး အဲဒီစက်ရုံတွေမှာ အလုပ်သမား သန်းချီရှိနေပါတယ်။

ကဲ ... မိတ်ဆွေတို့ရေ လုပ်ငန်းတစ်ခုလုပ်တာ မအောင်မြင်လို့ လက်မြောက်အရှုံးပေးချင်လာရင် ဘယ်တော့မှ လက်မြောက်အရှုံးမပေးတတ်တဲ့ ဂျပန်ကြီး "ဆိုချီယိုဟွန်းဒါး"ကို သတိရမြင်ကြည့်လိုက်ပါ။


ဟွန်းဒါးရဲ့ မှတ်သားစရာ စကားတစ်ခုကတော့ "အောင်မြင်မှုမှာ ရှုံးနိမ့်မှု (၉၉) ရာခိုင်နှုန်းပါတယ်" တဲ့။



ဆို ချီယို ဟွန်းဒါးဟာ အသက် (၈၅) နှစ်အရွယ် ၁၉၉၁ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့မှာ ကွယ်လွန်သွားခဲ့ပါတယ်။

HONDA
The Power of Dreams

# “လီကာရှင်း”




လီကာရှင်း (Li Ka Shing) ကို ၁၉၂၈ ခုနှစ် ဇွန်လ ၁၃ ရက်နေ့မှာ တရုတ်နိုင်ငံ ဂွန်ဒေါင်းပြည်နယ်က Chaozhou မြို့လေးမှာ မွေးဖွားခဲ့ပါတယ်။ သူ့ မူလတန်းတက်တော့ ဒုတိယကမ္ဘာစစ်ကြီး စဖြစ်လာတယ်။ သူနေတဲ့ မြို့လေးကို ဂျပန်စစ်လေယာဉ်တွေ မကြာခဏ ဗုံးလာကြဲလို့ သူ့အဖေဟာ မိသားစုကို ခေါ်ပြီး ဟောင်ကောင်ကျွန်းကို ထွက်ခွာသွားပါတယ်။ သူတို့မိသားစု ဟောင်ကောင်ရောက်ပြီး အခြေကျလို့ သိပ်မကြာခင်မှာဘဲ လီကာရှင်းရဲ့အဖေဟာ တီဘီရောဂါနဲ့ ကွယ်လွန်သွားခဲ့တယ်။

လီကာရှင်းလဲ တီဘီရောဂါ ကူးစက်ခံရလို့ ဆေးရုံက သီးသန့်ဆောင်လေးမှာ အခြားလူနာတွေနဲ့ ခွဲခြားထားခံရတယ်။ တစ်ယောက်ထဲ သီးသန့်ခွဲနေရတဲ့ အသက် ၁၅ နှစ်ပဲရှိသေးတဲ့ လီဟာ ဘယ်လောက် ဝမ်းနည်းကြေကွဲ ခံစားရမလဲ စဉ်းစားကြည့်ပေါ့။ အဖေက ဆုံးသွားပြီ။ သူ ဆေးရုံတက်နေရလို့ သူ့ မိသားစုကို ရှာမကျွေးနိုင်လို့ သူတို့စားဝတ်နေရေး ကြပ်တည်းနေကြပြီ။

အဲဒီခံစားချက်ဟာ လူငယ်လေးတစ်ယောက်ရဲ့ ဘဝကို ပျက်သွားစေနိုင်လောက်တယ်။ ဒါပေမဲ့ လီဟာ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တယ်။ အခုလို ဆင်းရဲတဲ့ဘဝက လွတ်မြောက်ဖို့ ကြီးပွားချမ်းသာအောင် လုပ်ကိုလုပ်မယ်လို့။

ဆေးရုံကဆင်းတော့ သူ ကျောင်းဆက်မတက်တော့ဘူး။ သူ့မိသားစု ဝမ်းရေးအတွက် ပလတ်စတစ်စက်ရုံတစ်ခုမှာ အလုပ်ဝင်လုပ်ရတယ်။ သူနဲ့

ရွယ်တူ လူငယ်လေးတွေ ကျောင်းတက်နေချိန် ကျောင်းဆင်းလို့ ကစားနေချိန်တွေမှာ သူကတော့ အလုပ်လုပ်နေရတယ်။ တစ်နေ့ကို (၁၆) နာရီအထိ ပလတ်စတစ်စက်ရုံမှာ နာရီလက်ပတ်ကြိုးတွေ လုပ်ရတယ်။

လီဟာ သူရတဲ့ လခအတော်များများကို မိသားစုစားဖို့ ပေးပြီး ကျန်တဲ့ ပိုက်ဆံလေးကို ခြစ်ကုတ်စုထားတယ်။ သူ အသက် (၂၂)နှစ်ရောက်တော့ သူ့လက်ထဲမှာ ဟောင်ကောင်ဒေါ်လာ ၅ သောင်း (အမေရိကန်ဒေါ်လာ ၆,၄၅၀) စုမိလို့ ကိုယ်ပိုင်ကုမ္ပဏီတစ်ခု ထောင်လိုက်တယ်။ သူ့ကုမ္ပဏီကို Cheung Kong လို့ နာမည်ပေးထားတယ်။ ကုမ္ပဏီက ပလတ်စတစ်နဲ့လုပ်တဲ့ အရုပ်လေးတွေ၊ ခြင်းတောင်းတွေ၊ ဘူးလေးတွေ ထုတ်လုပ်တယ်။

တရုတ်နိုင်ငံမှာနေတုံးက ကျောင်းအုပ်ဖြစ်ခဲ့တဲ့ အဖေရဲ့ သွန်သင်ပြသမှုကြောင့် လီဟာ စာဖတ်အရမ်းဝါသနာပါခဲ့တယ်။ စာအုပ်ကြီးတွေ ဖတ်ရုံမက စီးပွားရေး၊ ကုန်သွယ်ရေး စတာတွေနဲ့ဆိုင်တဲ့ မဂ္ဂဇင်း ဂျာနယ်တွေကိုလည်း အမြဲ ဖတ်လေ့ရှိတယ်။ တစ်နေ့တော့ မဂ္ဂဇင်းတစ်စောင်မှာရေးထားတဲ့ ဆောင်းပါးတစ်ပုဒ်မှာ အခု အီတလီနိုင်ငံမှာ အိမ်တွေမှာအလှဆင်တဲ့ ပလတ်စတစ်ပန်းတွေ အရမ်းရောင်းကောင်းနေတယ်ဆိုတဲ့ သတင်းကို ဖတ်လိုက်ရလို့ လီဟာ အကြံတစ်ခုရလိုက်တယ်။

သူရတဲ့အကြံက သူ့ကုမ္ပဏီကနေ ပလတ်စတစ်ပန်းတွေထုတ်လုပ်ပြီး နိုင်ငံခြားကို တင်ပို့ဖို့ပါ။ အဲဒီအကြံအတိုင်း သူ့ကုမ္ပဏီ ပလတ်စတစ်ပန်းတွေ ထုတ်လုပ်ဖြန့်ဖြူးရင်း ပလတ်စတစ်ပန်းကို နိုင်ငံခြားတင်ပို့တဲ့ ကုမ္ပဏီတွေထဲမှာ ထိပ်ဆုံးဖြစ်လာခဲ့ပြီး အဲဒီလုပ်ငန်းကနေ အမြတ်ငွေလဲ အတော်များများ ရလိုက်တယ်။

၁၉၅၈ ခုနှစ်မှာ လီဟာ အကြပ်အတည်းတစ်ခုနဲ့ ကြုံရတယ်။ သူ့ကုမ္ပဏီရုံးခန်းကို ဆက်ငှားခွင့်မရတော့ဘူး။ ဒါကြောင့် ရုံးခန်းပါတဲ့ အဆောက်အဦဆောက်ဖို့ မြေကွက်တစ်ခု ဝယ်လိုက်ရတယ်။ အဲဒီမှာမြေကွက်တွေကနေ အမြတ်များများရနိုင်မယ့် အခွင့်အလမ်းတစ်ခုကို တွေးမိလိုက်တယ်။

၁၉၆၇ ခုနှစ်က ဟောင်ကောင်ကျွန်းမှာ တရုတ်ကွန်မြူနစ်အစိုးရကို ထောက်ခံသူတွေနဲ့ အုပ်ချုပ်သူ ဗြိတိသျှအစိုးရကို ထောက်ခံသူတွေကြား မကြာခဏ တိုက်ခိုက်မှုတွေဖြစ်ပြီး ဟောင်ကောင်ရဲ့နိုင်ငံရေး မတည်မငြိမ်ဖြစ်လာတယ်။

လူတွေလဲ ဟောင်ကောင်ကို စွန့်ခွာထွက်သွားကြတယ်။ အဲဒါကြောင့် ဟောင်ကောင်ရဲ့ အိမ်ခြံမြေဈေးတွေ ထိုးကျလာတယ်။ ဒ့ါပြင် တရုတ်နိုင်ငံက ဟောင်ကောင်ကို ဝင်သိမ်းမယ်လို့ ကောလာဟာလ သတင်းတွေကြောင့် အိမ်ခြံမြေဈေးတွေ ပိုထပ်ကျကုန်တယ်။ ဒါကို အကွက်မြင်တဲ့ လီက အိမ်ခြံမြေ အမြောက်အမြားကို ဈေးအလွန်သက်သာစွာနဲ့ ဝယ်ယူထားလိုက်တယ်။

အဲဒီတစ်ချိန်ထဲမှာပဲ တရုတ်နိုင်ငံမှာ မော်စီတုံးယဉ်ကျေးမှု တော်လှန်ရေးကြောင့် တရုတ်နိုင်ငံသားတွေ ဟောင်ကောင်ကို ထွက်ပြေးလာကြတယ်။ ပြေးလာသူတွေ အများစုဟာ သိပ်မချမ်းသာတဲ့ သာမန်လူတန်းစားတွေ များပါတယ်။ ဒါကို အကွက်မြင်တဲ့လီဟာ သူဝယ်ထားတဲ့ မြေကွက်တွေပေါ်မှာ သာမန်လူတွေ နေနိုင်တဲ့ လူနေတိုက်ခန်းတွေပါတဲ့ အထပ်မြင့်အဆောက်အဦတွေ ဆောက်ပြီး အိမ်ခန်းတွေ ရောင်းပါတယ်။ နေစရာမရှိသေးတဲ့ တရုတ်လူမျိုးတွေ ဝယ်ကြလို့ သူ့အိပ်ခန်းတွေ အရမ်းရောင်းရပြီး ဒီလုပ်ငန်းကြောင့် လီဟာ ဒေါ်လာသန်းချီ ချမ်းသာသွားတယ်။

၁၉၇၉ ခုနှစ်မှာ ဟောင်ကောင်က ဗြိတိသျှအစိုးရပိုင်တဲ့ Hutchison Whampoa ကုမ္ပဏီကြီးဟာ အရှုံးနဲ့ ရင်ဆိုင်နေရတယ်။ အဲဒီကုမ္ပဏီရဲ့ ပိုင်ဆိုင်မှု (၂၂) ရာခိုင်နှုန်းကို လီက ဈေးသက်သက်သာသာနဲ့ ဝယ်ယူလိုက်တယ်။ အဲဒီကုမ္ပဏီဟာ ဟောင်ကောင်မှာရှိတဲ့ သင်္ဘောကျင်းတွေ၊ ဆိပ်ကမ်းတွေ၊ အိမ်ခြံမြေ အမြောက်အမြားကို ပိုင်ထားတာပါ။ လီဟာ အဲဒီကုမ္ပဏီကို စီးပွားရေး ပြန်ကောင်းလာအောင် လုပ်ပေးလိုက်တာကြောင့် (၁၀)နှစ်အကြာမှာ အဲဒီကုမ္ပဏီဟာ ဟောင်ကောင်ရဲ့ အမြတ်အများဆုံး ရတဲ့စာရင်းမှာ ထိပ်ဆုံးဖြစ်လာခဲ့တယ်။



လီဟာ အဲဒီလုပ်ငန်းတွေ အပြင် စီးပွားရေးကျဆင်းနေတဲ့ ကုမ္ပဏီတွေ၊ လုပ်ငန်းထူထောင်စ ငွေအရင်းအနှီး နည်းပါးတဲ့ ကုမ္ပဏီလေးတွေရဲ့ အစုရှယ်ယာတွေ လိုက်



ဝယ်တယ်။ ၂၀၀၇ ခုနှစ်မှာ ဝင်ငွေ မယ်မယ်ရရမရှိသေးတဲ့ Facebook ကုမ္ပဏီရဲ့ စတော့ရှယ်ယာ ဒေါ်လာ သန်း (၁၂၀) ဖိုး ဝယ်ခဲ့တယ်။ နောက်ပြီး အဲဒီအချိန်က ရှယ်ယာဈေးမကြီးသေးတဲ့ Skype တို့ Apple တို့ရဲ့ စတော့တွေကို ဒေါ်လာ သန်းချီ ပေးဝယ်ထားခဲ့တယ်။ မကြာခင် အဲဒီကုမ္ပဏီတွေရဲ့ စတော့ရှယ်ယာ ဈေးတွေ အရမ်းတက်လာချိန်မှာ ဝယ်ထားတဲ့ စတော့တွေ ထုတ်ရောင်းလိုက်လို့ လီဟာ ဒေါ်လာ ဘီလီယံချီ မြတ်ခဲ့ပြန်ပါတယ်။

လီရဲ့ အရည်အချင်းက "လုပ်ငန်းတစ်ခုဟာ လောလောဆယ် ရှုံးနေပေမယ့် မကြာခင် ပြန်မြတ်လာမယ်ဆိုတဲ့ စီးပွားရေးတွက်ချက်မှု အရမ်းကောင်းတယ်။ စီးပွားရေးအကွက်မြင်တတ်တယ်။"

လီရဲ့ပိုင်ဆိုင်မှုဟာ ဒေါ်လာ (၃၀) ဘီလီယံချီရှိတာကြောင့် အာရှမှာ အချမ်းသာဆုံးလူတစ်ယောက် ဖြစ်နေခဲ့တယ်။ ချမ်းသာသလောက် အလှူအတန်းလည်း ရက်ရောပါတယ်။ သူဌေးကြီးလီဟာ လီကာရှင်းဖောင်ဒေးရှင်းတစ်ခုကို ၁၉၈၀ ပြည့်နှစ်မှာ ထူထောင်ခဲ့ပြီး သူချမ်းသာသမျှ ပိုင်ဆိုင်မှုတွေ၊ ငွေကြေးတွေ ၃ ပုံ ၁ ပုံကို အဲဒီဖောင်ဒေးရှင်းထဲ ထည့်ဝင်လှူဒါန်းထားပါတယ်။ သူ့ရဲ့ဖောင်ဒေးရှင်းက ပညာရေးအဆင့်မြင့်တင်ဖို့ တက္ကသိုလ်တွေ စာကြည့်တိုက်တွေ ဆောက်ပေး

ဖို့ရယ်၊ ဆေးသုတေသနလုပ်ဖို့ရယ်၊ ယဉ်ကျေးမှုနဲ့ လူမှုအဆင့်အတန်း မြှင့်တက်စေဖို့ ဒေါ်လာဘီလီယံချီပြီး နိုင်ငံတကာကို လှူဒါန်းနေပါတယ်။

လီက လူငယ်စီးပွားရေးသမားတွေကို ခုလို အမှာစကား ပြောကြားခဲ့တယ်။

“လုပ်ငန်းတစ်ခု ထူထောင်တယ်ဆိုတာ မလွယ်ပါဘူး။ ဒါပေမဲ့ ကြိုးစားအားထုတ်မှုဟာ အခွင့်အလမ်းထက် ပိုအရေးကြီးပါတယ်။ ကြိုးစားမှုမရှိရင်တော့ အခွင့်အလမ်းကို လက်လွှတ်ဆုံးရှုံးသွားမှာပါ” တဲ့။

အသက် ၈၇ နှစ်ရှိပြီဖြစ်တဲ့ အာရှအချမ်းသာဆုံး သူဌေးကြီး လီကာရှင်းဟာ သူ့သားနှစ်ယောက်နဲ့အတူ ဟောင်ကောင်မှာ နေထိုင်ဆဲပါ။ ဇနီးသည်ကတော့ အသက် ၅၆ နှစ်အရွယ် ၁၉၉၀ ခုနှစ်မှာ ကွယ်လွန်သွားခဲ့ပေမဲ့ သူဟာ နောက်ထပ် အိမ်ထောင်ထပ်မပြုတော့ပါဘူး။

❑

# "နစ်ဘွိုင်းယစ်ချစ်"




မွေးစတည်းက ခြေလက်တွေ လုံးဝမပါခဲ့ပဲ တုံးတိပြတ်နေခဲ့သူ တစ်ယောက်ဟာ ယနေ့ ကမ္ဘာမှာ ထင်ရှားကျော်ကြားနေတဲ့ လူတစ်ယောက် ဖြစ်နေတယ်လို့ ပြောပြရင် ယုံကြပါ့မလား။ တကယ်ရှိတာပါ။

အခု အသက် ၃၃ နှစ်အရွယ် အမေရိကန်နိုင်ငံ ကာလီဖိုးနီးယား ပြည်နယ်မှာ နေထိုင်လျက်ရှိတဲ့ နစ်ဘွိုင်းယစ်ချစ် (Nick Vujicic) ဆိုသူပါ။ သူ့ရဲ့နာမည်ဟာ အခေါ်ရခက်လို့ အတိုကောက် "နစ်" လို့ပဲ ခေါ်ကြရအောင်။

နစ်ရဲ့ ငယ်ဘဝဟာ သာမန်လူတွေ မတွေးရဲတဲ့ ဒုက္ခအခက်အခဲတွေနဲ့ ရောပြွမ်းနေတာမို့ သာမန်လူတွေဟာ သူ့နေရာမှာဆိုရင် ဘဝကို လက်မြှောက် အရှုံးပေးသွားကြမှာပါ။


နစ်ကို ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့မှာ ဩစတေးလျနိုင်ငံက မဲလ်ဘုန်းမြို့လေးမှာ မွေးဖွားခဲ့တယ်။ လက်နှစ်ဖက်စလုံးလဲ လက်မောင်းရင်း ကနေ ပြတ်နေတယ်။ တုံးတိတွေပဲ။

သူမွေးတာကို ဆေးရုံမှာလာကြည့်ကြတဲ့ ဆွေမျိုးတွေဟာ သူ့ကိုမြင် တော့ အံ့အားသင့် လန့်ဖြတ်သွားကြတယ်။ အဖေဖြစ်သူက အနီးပတ်ထားတဲ့ သူ့မွေးစသားလေးကို ဘယ်လက်မောင်းဖက်က အနီးစကိုလှပ်ကြည့်လိုက်တော့ လက်မောင်းရင်းက ပြတ်နေတာတွေ့လို့ မွေးပေးတဲ့ဆရာဝန်ကို သူ့သား ဟုတ်ရဲ့ လားလို့ မေးလိုက်တယ်။

ဆရာဝန်က သူ့သားဟုတ်ပါတယ်။ သူ့သားအစစ်ပါ။ ကလေးမှာ လက်နှစ်ဖက်၊ ခြေနှစ်ဖက် အားလုံးမပါလာဘူးလို့ ပြောလိုက်တော့ နစ်ရဲ့အဖေဟာ ပတ်ထားတဲ့ အနီးတစ်ခုလုံး ဖယ်လိုက်တော့ ခြေလက် လုံးဝမပါတဲ့ကလေးကို အံ့အားသင့်ကြည့်ရင်း သတိလစ်မတတ် ဖြစ်သွားလို့ ဆရာဝန်က ဖေးကူထိန်းလိုက်ရတယ်။ အမေလုပ်သူကလဲ နစ်ကလေးကို ထပ်မကြည့်ရဲတော့လို့ သူ့ဆွေမျိုးတွေကို ကလေးကို အဝေးခေါ်သွားပါလို့ အော်ငိုပြီး ပြောနေတယ်။

ဒါပေမဲ့ ၃-၄လလောက်ကြာလာတော့ သူ့အဖေနဲ့အမေဟာ သူတို့သားလေး နစ်ကို ငုံထားမတတ် ချစ်လာကြတယ်။ သနားလဲ သနားနေမိတယ်။ သူတို့နှစ်ယောက်စလုံးဟာ နစ်လေးရဲ့ ဘဝရှေ့ရေးကို မျှော်တွေးရင်း အမြဲတမ်း ရင်မော စိုးရိမ်ပူပန်နေကြတယ်။ ဒါပေမဲ့ သူတို့သားလေး နစ်ကို စိတ်ဓာတ်မကျဘဲ ဘဝကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖို့ ကလေးဘဝထဲက အားပေးစကားတွေ အမြဲပြောကြားပေးလေ့ရှိတယ်။

နစ်တစ်ယောက် ကျောင်းစတက်ရမယ့်အရွယ် ရောက်လာပြီ၊ သူ့အမေက နစ်ကို မသန်မစွမ်းတွေတက်တဲ့ကျောင်းမှာ မထားပဲ ရိုးရိုးကျောင်းမှာ ကျောင်း



အပ်လိုက်တယ်။ လွယ်လွယ်ကူကူ အပ်လို့ရတာတော့ မဟုတ်ပါဘူး။ သူ့အမေက ကျောင်းအာဏာပိုင်တွေနဲ့ အတိုက်အခံပြောပြီး အပ်ခဲ့ရတာပါ။ သူ့သားဟာ


ကျောင်းအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်ရင် ကျောင်းက ပြန်နှုတ်ပါမယ်လို့ အာမခံ ကတိပေးရတယ်။ နှစ်ကို သာမန်လူတစ်ယောက်လိုပဲ သူ့ကိုယ်သူ ယုံကြည်အောင် စီစဉ်တဲ့ မိခင်ရဲ့မေတ္တာပါ။

နှစ်ဟာ ကျောင်းစတက်ကတည်းက စိန်ခေါ်မှုတွေနဲ့ စတင်ရင်ဆိုင်ရပါတယ်။ သူ့မတ်တတ်မရပ်နိုင်လို့ ခုံပေါ်မှာ မှောက်လျက်နေရင်း စာသင်နေတဲ့ သူ့ကို အတန်းထဲက ကလေးတွေက အရုပ်တစ်ခုလို ဝိုင်းစကြ နောက်ကြတယ်။ တချို့ကလေးတွေဆိုရင် သူ့ကို တို့ထိ ရိုက်ပုတ် စကြတယ်။

နှစ် ကျောင်းကပြန်လာလို့ အိမ်ရောက်တာနဲ့ သူ့အမေကို မေးနေကျမေးခွန်းတစ်ခုရှိတယ်။ သူဟာ ဘာကြောင့် တခြားကလေးတွေလို ခြေလက်အစုံနဲ့ မွေးမလာရတာလဲတဲ့။ အမေဖြစ်သူဟာ နှစ် အဲဒီမေးခွန်းမေးတိုင်း နှစ် မမြင်အောင် တစ်ဖက်ကိုလှည့်ပြီး မျက်ရည်ကျခဲ့ရတယ်။ ဒါပေမဲ့ သူ့အဖေရော အမေပါ နှစ်ကို စိတ်ဓာတ်မကျအောင် အားပေးနေဆဲပါပဲ။

သူ့အမေဟာ ကျောင်းအာဏာပိုင်တွေကို အတိုက်အခံပြောပြီး ကျောင်းထားပေးခဲ့တယ်ဆိုတာကို နားလည်တဲ့ နှစ်လေးဟာ သူများအကူအညီမပါဘဲ ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်ဖို့ ကြိုးစားပါတော့တယ်။ မှောက်လျက်အနေအထားကနေ သူ့ဘာသာ သူရပ်နိုင်ဖို့ ကြိုးစားတယ်။ သူ့မှာ ခြေထောက်နှစ်ဖက်စလုံး မပါပေမဲ့ ဘယ်ဖက်ပေါင်ရင်းမှာ ၆ လက်မလောက်ပဲရှည်တဲ့ ခြေထောက်အတိုလေးကို အားပြုပြီး သူ့ကိုယ်သူ မတ်တတ်ထရပ်နိုင်အောင် အကြိမ်ကြိမ်ကြိုးစားတယ်။ သူလုပ်နေတာကို အဝေးကနေကြည့်နေတဲ့ အမေခမျာမှာ မျက်ရည်တွေ ကျနေတယ်။ ဒါပေမဲ့ သူ့သားလုပ်နေတာကို မဟန့်တားရှာဘူး။

နောက်ဆုံးမှာ နှစ်ဟာ သူ့ခြေတိုလေးနဲ့ အားပြု ထောက်ရင်း မတ်တတ်ရပ်သွား နိုင်ပြီ။ နောက်ပြီး ခြေတိုလေးမှာ ပါလာတဲ့ ခြေချောင်းတိုလေး နှစ်ချောင်းနဲ့ ခဲတံ ဘောပင် တွေကို ညှပ်ပြီး စာရေးတတ်လာပြီ။ ကွန်ပျူတာ ကီးဘုတ်မှာ ခြေထောက်နဲ့ စာရိုက်တတ်လာတယ်။ ဘီးကိုလဲ ခြေချောင်း လေးနဲ့ညှပ်ပြီး ခေါင်းဖီးလာနိုင်တယ်။ သူ့ဘာသာ ခြေထောက်နဲ့ ရေခွက်ကိုကိုင်ပြီး ရေသောက်လာတတ်တယ်။ နောက်ပိုင်းမှာ ခြေတိုလေးနဲ့ ဘောလုံးကန်တတ်လာတယ်။ ရေကူးတတ်လာတယ်။ စကိတ်စီးတတ်လာတယ်။ သာမန်ကလေးတွေ လုပ်နိုင်တာ အားလုံးနီးပါး လုပ်နိုင်လာတယ်။



ဒါကြောင့် သူ့ကျောင်းက ကလေးတွေဟာ သူ့ကို သာမန်ကလေးတစ်ယောက်လို ပြောင်းလဲဆက်ဆံလာကြတယ်။ စတာ နောက်တာ အနိုင်ကျင့်တာတွေ လျော့နည်းသွားတယ်။ နစ်တစ်ယောက်လဲ အခု ကျောင်းမှာ ပျော်သွားပြီ။

ဒါပေမဲ့ အသက် ၈ နှစ်အရွယ်မှာ နစ်ဟာ အရမ်းစိတ်ဓာတ်ကျလို့ ရေချိုးကြွေကန်မှာ ရေအပြည့်ဖြည့်ပြီး သူ့ကိုယ်သူ ရေနစ်သတ်သေဖို့ ကြိုးစားတယ်။ ၂ ကြိမ် ကြိုးစားပြီးနောက် သူ့အပေါ် မေတ္တာတရားကြီးမားစွာနဲ့ ချစ်ကြတဲ့ သူ့အဖေနဲ့ အမေတို့ တသက်လုံး စိတ်ဆင်းရဲနေမှာ တွေးမိတာကြောင့် သတ်သေဖို့ ဆက်မလုပ်ဖြစ်တော့ဘူး။

အထက်တန်းကျောင်းအောင်ပြီး သူ တက္ကသိုလ်ဆက်တက်တယ်။ အသက် ၂၁ နှစ်အရွယ်မှာ စာရင်းကိုင်ပညာနဲ့ ငွေကြေးစီမံခန့်ခွဲမှု ဘာသာရပ် ၂ ခုနဲ့ စီးပွားရေးပညာဘွဲ့ ရခဲ့တယ်။

အသက် ၁၇ နှစ်သားအရွယ်တုန်းက တစ်ရက်မှာ သူတက်နေကျ ခရစ်ယန် ဘုရားရှိခိုးကျောင်းကိုလာတဲ့ လူတွေအများစုဟာ စီးပွားရေး အဆင်မပြေလို့ စိတ်ဓာတ်ကျနေကြတယ်။ ဘုရားကျောင်းက ဘုန်းကြီးတစ်ပါးက နစ်ကို လူတွေစိတ်ဓာတ်တက်အောင် အားပေးစကားလေး ပြောပေးဖို့ တိုက်တွန်းတယ်။ ဒါနဲ့ နစ်ဟာ လူထုရှေ့မှာ ပထမဆုံး စကားပြောဖြစ်တယ်။ လူတွေဟာ ခြေလက်မပါတဲ့ လူငယ်လေးတစ်ယောက်ဟာ ပြုံးပြုံးရွှင်ရွှင်နဲ့ အားတက်စရာ စကားတွေ

ပြောသွားတာကို အရမ်း သဘောကျ သွားကြတယ်။ နစ်ကိုကြည့်ရင်း သူတို့လဲ စိတ်ဓာတ်တွေ တက်လာ တယ်။

တဖြည်းဖြည်းနဲ့ နစ်ဟာ ကြုံရင် ကြုံသလို စိတ်ဓာတ်မြှင့်တင်ရေး ဟောပြောပွဲလေးတွေ လုပ်ဖြစ်သွားတယ်။ လူတွေ သဘောကျလို့ နစ်ဟာ တဖြည်းဖြည်း လူသိများ ထင်ရှားလာတယ်။ သူဟာ မကြာခင်မှာပဲ ခြေလက် မပါသူများရဲ့ဘဝ (Life Without Life) ဆိုတဲ့ လူမှုရေးအဖွဲ့တစ်ခုကို ထူထောင်လိုက်တယ်။ အဲဒီအဖွဲ့ဟာ ခြေလက်မပါ



မသန်စွမ်းသူတွေကို အကူအညီပေးဖို့ပါ။

အသက် ၁၇ နှစ်သားလောက်စပြီး ကမ္ဘာအနှံ့ လှည့်လည်ပြီး စိတ်ဓာတ်မြှင့်တင်ရေး ဟောပြောပွဲတွေလုပ်တယ်။ နိုင်ငံတကာက အားကစားရုံ အားကစားကွင်းကြီးတွေမှာလုပ်တဲ့ သူ့ဟောပြောပွဲကို လူတွေ သိန်းချီလာနားထောင်ကြတယ်။

သူ့ဘဝ အတွေ့အကြုံနဲ့ သူ့ခံယူချက်သဘောထားတွေကို ဖော်ပြတဲ့ သူကိုယ်တိုင်ရေး စာအုပ်တွေလဲ သန်းချီရောင်းနေရသလို တချို့စာအုပ်တွေဟာလဲ ကမ္ဘာမှာ ရောင်းအကောင်းဆုံးစာရင်းဝင် ဖြစ်လာခဲ့တယ်။ သူ့ဟောပြောပွဲတွေကို ရိုက်ကူးထားတဲ့ ဗီဒီယိုခွေတွေ၊ စီဒီခွေတွေလဲ သန်းချီရောင်းနေရတယ်။ သူ့စာအုပ်တွေ၊ ဗီဒီယိုခွေတွေ ထုတ်လုပ်ဖြန့်ဖြူးဖို့ "Attitude is Attitude" ဆိုတဲ့ ကိုယ်ပိုင်ကုမ္ပဏီတစ်ခုလဲ ထောင်ထားတယ်။

ယနေ့အထိ နစ်ဟာ ကမ္ဘာ့အနှံ့ နိုင်ငံပေါင်း (၆၀) လောက်မှာ ဟောပြောပွဲတွေ လုပ်ပြီးသွားပြီ။ သူ့ဟောပြောပွဲနားထောင်ကြတဲ့ ပရိသတ်လဲ (၆) သန်းကျော်ရှိသွားပြီ။

အရပ် ၃ ပေ ၃ လက်မသာရှိတဲ့ နစ်ဟာ ၂၀၁၂ ခုနှစ်တုံးက ချစ်ကြိုက်လက်ထပ်ခဲ့တဲ့ သူ့ဇနီး Kanae ရယ်၊ ခြေလက်အစုံပါတဲ့ ၃ နှစ်သားလေး Kiyoshi တို့နဲ့အတူ အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားမှာ ပျော်ရွှင်စွာ နေထိုင်လျက်ရှိပါတယ်။




နှစ်က ပြောဖူးတယ်။ သူဟာ ရှူးဖိနပ်တစ်ရံကို သူ့အဝတ်ဘီရိုထဲမှာ အခုထိ သိမ်းထားတယ်တဲ့။ တစ်နေ့မနက် အိပ်ယာကနိုးလာလို့ သူ့ကိုယ်မှာ ခြေတွေလက်တွေ ပေါက်လာရင် အရံသင့် စီးရအောင်ပါတဲ့။

ခြေလက်လုံးဝမပါဘဲ မွေးလာတဲ့လူတစ်ယောက်ဟာ သူ့ဘဝကို အောင်မြင်အောင် လုပ်နိုင်သေးရင် ခြေလက်အစုံရှိတဲ့ ခင်ဗျားတို့ ကျနော်တို့ ကရော ဘာလို့ အောင်မြင်အောင် မလုပ်နိုင်ရမှာလဲ။

❑




ဘရုစ်လီ (Bruce Lee) ရဲ့ ကွန်ဖူးသိုင်း ရုပ်ရှင်ကားတွေကို ကြည့်ဖူးကြမှာပါ။ တကယ်တော့ ဘရုစ်လီရဲ့ ရုပ်ရှင်ကားတွေကြောင့် အနောက်နိုင်ငံနဲ့ ဥရောပကလူတွေ အရှေ့တိုင်းသိုင်းပညာကို သိလာပြီး စိတ်ဝင်စားခဲ့ကြတာပါ။

ဘရုစ်လီရဲ့ ဘဝဖြစ်စဉ်လေးကို လေ့လာကြည့်ကြရအောင်လား။

ဘရုစ်လီကို ၁၉၄၀ ပြည့်နှစ် နိုဝင်ဘာလ ၂၇ ရက်နေ့က အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့မှာ မွေးဖွားခဲ့လို့ မွေးကတည်းက အလိုအလျောက် အမေရိကန်နိုင်ငံသား ဖြစ်ခဲ့ပါတယ်။ ဘရုစ်ဆိုတဲ့နာမည်ကို ဆေးရုံမှာမွေးပေးတဲ့ သူနာပြုဆရာမတစ်ယောက်က ပေးခဲ့တာပါ။ အမည်ရင်းက "Lee Jun Fan" ပါ။ သူ့အဖေက တရုတ်ရိုးရာကပွဲမှာ သီချင်းဆိုသူတစ်ယောက်ပါ။ ဘရုစ်လီဟာ မွေးချင်း ၃ ယောက်ထဲက အလတ်ပါ။

ဘရုစ်လီကို အမေရိကန်မှာမွေးပြီး မကြာခင်မှာ သူ့မိဘတွေဟာ ဟောင်ကောင်ကျွန်းက ကောင်လွန်မြို့ကို ပြောင်းရွှေ့သွားကြတယ်။ အဲဒီအချိန်က ဟောင်ကောင်ကျွန်းဟာ ဗြိတိသျှရဲ့ အုပ်ချုပ်မှုအောက်မှာ ရှိပါတယ်။ ဘရုစ်လီဟာ အသက် ၅ နှစ်အရွယ်မှာပဲ ဟောင်ကောင်က ရုပ်ရှင်ကား ၂၀ လောက်မှာ ကလေးသရုပ်ဆောင်အဖြစ် ပါဝင်ခဲ့ပြီးပြီ။

သူ့ အသက် ၁၈ အရွယ်မှာ La Salle College တက်ပါတယ်။ ကျောင်းသားဘဝမှာ ဟောင်ကောင်လမ်းသူရဲတွေရဲ့ ထိုးကြိတ်ရိုက်နှက်တာ

ခံလိုက်ရတယ်။ ဒါကြောင့် ဘရုစ်လီဟာ တရုတ်သိုင်း ဆရာကြီး "Sifu Yip Man" ဆီမှာ သိုင်းပညာသင်ယူတယ်။ Yip Man ရဲ့ ဝင်ချွန်း သိုင်းပညာကို ၅ နှစ်ကြာ သင်ယူခဲ့တယ်။ သူ သိုင်းပညာကို ဆရာဆီမှာသင်တာ အဲဒီတစ်ခါဘဲ ရှိပါတယ်။ ဘရုစ်လီဟာ အနောက်တိုင်း အကဖြစ်တဲ့ ချာချာအကကို သင်ယူခဲ့ပြီး အသက် ၁၈ နှစ်အရွယ်မှာ ဟောင်ကောင်နိုင်ငံရဲ့ ချာချာ အကပြိုင်ပွဲမှာ ချန်ပီယံဆု ရခဲ့သေးတယ်။



စိတ်ဆတ်ပြီး သိုင်းတော်တဲ့ ဘရုစ်လီဟာ ဟောင်ကောင်ရဲတွေရယ်၊ ဟောင်ကောင်မှာရှိတဲ့ အင်္ဂလိပ်ကျောင်းသားတွေနဲ့ မကြာခဏ ရန်ဖြစ် ပြဿနာတက်ပြီး လမ်းသူ့ရဲအဖွဲ့ဝင်တစ်ယောက်လဲ ဖြစ်လာခဲ့တယ်။ သူ့နောင်ရေးကို စိုးရိမ်တဲ့ ဘရုစ်လီရဲ့အဖေက သူ့ကို အမေရိကန်နိုင်ငံကို ပို့လိုက်တယ်။ အဲဒီအချိန်က ၁၉၅၉ ခုနှစ် သူ အသက် ၁၉ နှစ်သားပေါ့။

အမေရိကန်နိုင်ငံရောက်တော့ ဘရုစ်လီဟာ ဆန်ဖရန်စစ္စကိုမြို့ရဲ့ ချိုင်းနားတောင်းက အသိတစ်ယောက်ရဲ့ စားသောက်ဆိုင်တစ်ခုမှာ အလုပ်ဝင်လုပ်တယ်။ မကြာခင် ဝါရှင်တန်မြို့က တက္ကသိုလ်တစ်ခုမှာ သွားတက်တယ်။ ဒဿနိကဘာသာရပ် ယူပါတယ်။ ကျောင်းဆင်းလို့ ညနေရောက်တဲ့အခါ ကွန်ဖူးသိုင်းကို တစ်ယောက်ထဲ အပြင်းအထန် လေ့ကျင့်တယ်။ အဲဒီမှာ သူ့ကိုယ်ပိုင်သိုင်းပညာတစ်မျိုး တွင်လိုက်ပြီး Jeet Kung Do (ဂျစ်ကွန်ဒို) လို့ နာမည်ပေးထားတယ်။

၁၉၆၃ ခုနှစ်ရောက်တော့ တက္ကသိုလ်တဝှမ်းမှာ သူ့ရဲ့ ဂျစ်ကွန်ဒိုသိုင်းကို လူသိများလာတာကြောင့် တက္ကသိုလ်နဲ့ မလှမ်းမကမ်းမှာ သူ့ရဲ့ ကွန်ဖူးသင်တန်း


ကျောင်းတစ်ခု ဖွင့်လိုက်တယ်။ ကရာတေး၊ ဂျူဒိုပြိုင်ပွဲတွေမှာ ဘရုစ်လီဟာ သူ့ရဲ့ ဂျစ်ကွန်းဒိုလိုင်းစွမ်းရည်ကို ပြရလေ့ရှိတယ်။ နောက်တစ်နှစ်မှာ သူ့သင်တန်းလာ တက်တဲ့ လင်ဒါအမ်မာရီနဲ့ လက်ထပ်လိုက်တယ်။

သိုင်းပြိုင်ပွဲတစ်ခုမှာ လာကြည့်သူတွေထဲက ဟောလီးဝုဒ် ရုပ်ရှင် လောကမှာ နာမည်ကြီး ဆံပင်အလှပြုပြင်သူတစ်ယောက်နဲ့ မိတ်ဆွေဖြစ်သွား တယ်။ အဲဒီမိတ်ဆွေရဲ့ မိတ်ဆက်ပေးမှုကြောင့် တီဗွီရုပ်သံလွှင့်ကုမ္ပဏီတစ်ခုက ထုတ်လုပ်သူနဲ့ သိသွားတယ်။ အဲဒီ တီဗွီရုပ်ရှင်အဖွဲ့က ဘရုစ်လီကို နာမည်ကြီး ဇာတ်လမ်းတွဲဖြစ်တဲ့ "The Green Hornet" အစီအစဉ်မှာ အဓိက ဇာတ်ဆောင် မင်းသားရဲ့ ကိုယ်ရံတော်အဖြစ် သရုပ်ဆောင်နိုင်းတယ်။ အဲဒီအချိန်မှာပဲ သူဟာ ဒုတိယမြောက် ကွန်ဖူးသင်တန်းကျောင်းကို ဟောလီးဝုဒ်နဲ့နီးတဲ့ အုတ်ကလင်း မြို့လေးမှာ ဖွင့်လိုက်ပါတယ်။

"The Green Hornet" ရုပ်သံအစီအစဉ်ဟာ တစ်နှစ်ကြာ အပိုင်း ၂၆ ပိုင်းပြသပြီး ရပ်နားလိုက်ပါတယ်။ အဲဒီအခါမှာ ဘရုစ်လီရဲ့ ကွန်ဖူးစွမ်းရည် ကို အမေရိကန်က လူတော်တော်များများ သိသွားကြပြီ။ ဘရုစ်လီရဲ့ သင်တန်း ကျောင်းကို ဟောလီးဝုဒ်မှာ နာမည်ကြီးနေကြတဲ့ အက်ရှင်မင်းသားတွေလဲ လာတက်ကြတယ်။ ဘရုစ်လီဟာ နောက်ထပ် တီဗွီအစီအစဉ်တချို့မှာလဲ သရုပ် ဆောင်ခဲ့ပါတယ်။

ဘရုစ်လီရဲ့ဘဝကို ရုတ်တရက် ပြောင်းလဲသွားစေခဲ့တာက ၁၉၇၁ ခုနှစ် မှာပါ။ သူဟာ သူ့မိဘတွေရှိတဲ့ ဟောင်ကောင်ကျွန်းကို အလည်ပြန်လာခဲ့တယ်။ ဟောင်ကောင်ရုပ်ရှင်လောက,က နာမည်ကြီး ရုပ်ရှင်ထုတ်လုပ်သူ ရေမွန်ချောင်က






ဘရုစ်လီကို ခေါင်းဆောင်မင်းသားအဖြစ် တင်ရိုက်ဖို့ ကမ်းလှမ်းတယ်။ ဘရုစ်လီက လက်ခံလိုက်ပြီး "The Big Boss" ဆိုတဲ့ ကွန်ဖူးသိုင်းရုပ်ရှင်ကားကို ငွေကြေး များများမသုံးဘဲ ရိုက်ဖြစ်တယ်။ အဲဒီရုပ်ရှင်ကားကို ဟောင်ကောင်မှာ ရုံတင်တင် ချင်း ကြည့်သူတွေ အရမ်းများပြီး ဝင်ငွေကောင်းတဲ့ ရုပ်ရှင်ကားတစ်ခုဖြစ်ခဲ့တယ်။ ဘရုစ်လီတစ်ယောက်လဲ သူ့သိုင်းစွမ်းရည်ကြောင့် နေ့တွင်းချင်း နာမည်ကြီး ဟောင်ကောင်မင်းသား ဖြစ်သွားခဲ့တယ်။

ဒါကြောင့် ရေမွှန်ချောင်က ဘရုစ်လီနဲ့ "The Fist of Fury" ဆိုတဲ့ ရုပ်ရှင်နောက်တစ်ကား ထပ်ရိုက်တယ်။ ဒီကားကို ငွေကြေးအတော် အကုန် အကျခံ ရိုက်လိုက်တယ်။ အဲဒီကားလဲ အရမ်းအောင်မြင်သွားပြန်လို့ ဘရုစ်လီလဲ နာမည်ပိုကြီးလာခဲ့တယ်။ နောက်တစ်ကားဖြစ်တဲ့ "Way of the Dragon" ရုပ်ရှင်ကားကို ၁၉၇၂ ခုနှစ်မှာ ရိုက်ပြီး ဟောင်ကောင်မှာသာမက အမေရိကန် နိုင်ငံက ရုပ်ရှင်တွေမှာ ပြခဲ့တယ်။ ရုပ်ရှင်ကားကောင်းသလို ဘရုစ်လီရဲ့ သိုင်း စွမ်းရည်ကို အနောက်နိုင်ငံက သိလာခဲ့ကြတယ်။

နောက်ဆုံးတော့ ဟောလီးဝုဒ်က ရုပ်ရှင်ကုမ္ပဏီကြီးတွေက ဘရုစ်လီကို ရုပ်ရှင်ရိုက်ဖို့ ကမ်းလှမ်းလာခဲ့ကြတယ်။ "Enter the Dragon" စတဲ့ သိုင်းကား ကိုဟောလီးဝုဒ်က ဒေါ်လာ တစ်သန်း အကုန်ခံရိုက် ခဲ့တာ ဝင်ငွေ ဒေါ်လာသန်း (၂၀၀) ရသွားခဲ့တယ်။ ဘရုစ်လီတစ်ယောက် အရမ်းနာမည်တက်လာ ချိန်မှာပဲ ရေတိမ်နစ်သွား ခဲ့ရတယ်။



၁၉၇၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့မှာ ဟောင်ကောင်မှာ ရုပ်ရှင်တစ်ကား လာရိုက်ရင်း ဟောင်ကောင်ရုပ်ရှင်မင်းသမီးတစ်ယောက်ရဲ့အိမ်မှာ ခေါင်းကိုက် လို့ အကိုက်အခဲပျောက်ဆေးသောက်ပြီး သတိလစ်သွားတယ်။ ဆေးရုံကို အမြန် ပို့ပေမဲ့လဲ ဘရုစ်လီတစ်ယောက် ကွယ်လွန်ဆုံးပါးသွားခဲ့တယ်။

သူ့ရဲ့စျာပနကို ချစ်ခင်ကြတဲ့ ဟောင်ကောင်ပရိသတ် (၃)သောင်း

ကျော် တက်ရောက်ကြပြီး သူ့ရုပ်ကလပ်ကို လိုက်ပါပို့ဆောင်ခဲ့ကြတယ်။ အမေရိကန်မှာရှိတဲ့ ဟောလီးဝုဒ် ရုပ်ရှင်လောက,က လူတွေကလဲ သူ့အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်တွေ လုပ်ခဲ့ကြတယ်။

ဘာရစ်လီ ကွယ်လွန်ချိန်မှာ အသက် ၃၃ နှစ်သာ ရှိပါသေးတယ်။ သူ့ရဲ့ဇနီး လင်ဒါရယ်၊ သားတစ်ယောက်၊ သမီးတစ်ယောက် ကျန်ခဲ့တယ်။ သူ့သားဘရင်ဒန်လီဟာလဲ ကွန်ဖူးသိုင်းရုပ်ရှင်မှာ သရုပ်ဆောင်ရင်း ရိုက်ကွင်းမှာ သေနတ်ကျည်ဆံ မတော်တဆထိမှန်ပြီး ကွယ်လွန်သွားခဲ့ပြန်တယ်။

ဘာရစ်လီကြောင့် အရှေ့တိုင်းသိုင်းပညာကို ကမ္ဘာက သိလာခဲ့တာပါ။ သူ့ရုပ်ရှင်ကားတွေ ကြည့်ဖူးပြီး သူ့ကိုချစ်တဲ့လူတွေဟာ သူ့ကို ယနေ့တိုင် လွမ်းဆွတ်နေကြဆဲပါပဲ။

❑




လက်ရှိစပိန်နိုင်ငံက ကမ္ဘာကျော် ရီယယ်မက်ဒရစ် ဘောလုံးကလပ်သင်းရဲ့ ရှေ့တန်းတိုက်စစ်မှူး ခရစ်ရှန်နိုရော်နယ်ဒို (Christiano Ronaldo) ကို လူအတော်များများ သိကြပါတယ်။ သူ့ရဲ့ အံ့မခန်းဖွယ် ဘောလုံးစွမ်းရည်ကိုလဲ တီဗွီမှာ မြင်ဖူးကြမှာပါ။ သူ့ကို အင်္ဂလန် မန်ချက်စတာယူနိုက်တက် အသင်းကနေ ရီယယ်မက်ဒရစ်အသင်းက ကမ္ဘာ့ဘောလုံးရာဇဝင်မှာ ဈေးအမြင့်ဆုံး ပေးဝယ်ခဲ့သလို ရော်နယ်ဒိုဟာလဲ ယနေ့ အားကစားသမားတွေထဲမှာ ဝင်ငွေအကောင်းဆုံး ရနေသူလဲ ဖြစ်ပါတယ်။

အခုလို အောင်မြင်မှုကို လွယ်လွယ်နဲ့ရခဲ့တာ မဟုတ်ဘူးဆိုတာ သူ့ဘဝ အကြောင်း လေ့လာကြည့်ရင် သိနိုင်ပါတယ်။

ရော်နယ်ဒိုကို ၁၉၈၅ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့က ပေါ်တူဂီနိုင်ငံ ဖန်ချဲကျွန်းလေးပေါ်မှာ မွေးဖွားခဲ့ပါတယ်။ မွေးချင်း ၄ ယောက်မှာ အငယ်ဆုံး ဖြစ်ပါတယ်။ ရော်နယ်ဒိုဆိုတဲ့ နာမည်ကို အဲဒီအချိန်မှာ နာမည်ကြီး ဟောလီးဝုဒ် မင်းသားကြီး ရော်နယ်ရီဂန် (နောင် အမေရိကန်သမ္မတဖြစ်လာသူ) ကို အရမ်း ကြိုက်တဲ့ သူ့အဖေက ပေးခဲ့တာပါ။

ရော်နယ်ဒို (မြန်မာတွေအခေါ် "ဒိုလေး") ဟာ သာမန် လက်လုပ် လက်စား ရပ်ကွက်လေးမှာ ကြီးပြင်းခဲ့ပါတယ်။ သူ့ရဲ့ ငယ်ဘဝမှာ အခက်အခဲ ဒုက္ခတွေ ကြုံခဲ့ရတယ်။ မိသားစုကို ရှာကျွေးနေတဲ့ သူ့အဖေဟာ အရက်

သောက်လွန်းလို့ ကျောက်ကပ်ပျက်စီးပြီး ၂၀၀၅ ခုနှစ်မှာ သေဆုံးသွားခဲ့တယ်။ သားသမီးတွေ စားဝတ်နေရေးအတွက် သူ့အမေဟာ အိမ်တကာလှည့်ပြီး ထမင်းဟင်းချက်နဲ့ သန့်ရှင်းရေးလုပ်ရင်း ဝင်ငွေရှာခဲ့ရတယ်။

ရော်နယ်ဒိုတစ်ယောက် ဘောလုံးဝါသနာပါခဲ့ရတာက သူ့အဖေကြောင့်ပါ။ သူ့အဖေဟာ သူတို့မြို့လေးက လူငယ် ဘောလုံးကလပ်သင်းလေးတစ်ခုရဲ့ ဘောလုံးကန်ပစ္စည်းတွေကို စီမံထိန်းသိမ်းပေးရသူပါ။ ရော်နယ်ဒိုဟာ သူ့အဖေနဲ့ လိုက်သွားရင်း ဘောလုံးနဲ့ နေ့စဉ်ထိတွေ့နေခဲ့တယ်။ ငယ်ငယ်လေးကတည်းက သူတစ်ယောက်ထဲ ဘောလုံးတစ်လုံးနဲ့ ဆော့ကစားနေလေ့ရှိတယ်။

သူ အသက် ၁၀ နှစ်အရွယ်မှာ သူ့ရဲ့ ဘောလုံးစွဲလန်းမှုကို သူ့အိမ်နီးချင်းတွေရော တစ်မြို့လုံးကပါ သတိထားမိလာကြတယ်။ သူ့အိမ်နီးချင်းတစ်ယောက်က ပြောတယ်။ "ရော်နယ်ဒိုဟာ ဘောလုံးကစားတာကို ဘယ်လောက် အရူးအမူးဖြစ်သလဲဆိုရင် တခါတလေ အိမ်ပြန်ထမင်းမစားဘဲ ဘောလုံးပဲကန်နေတယ်။ ညဆိုရင်လဲ ကျောင်းကပေးလိုက်တဲ့ အိမ်စာမလုပ်ဘဲ ပြတင်းပေါက်ကနေ အသာခိုးထွက်ပြီး ညအမှောင်ထဲမှာ တစ်ယောက်ထဲ ဘောလုံးအထိန်းအသိမ်း လေ့ကျင့်နေတယ်" တဲ့။



သူ့အသက် ၁၆ နှစ်ရောက်တော့ သူ့ရဲ့ ဘောလုံးအထိန်းအသိမ်းစွမ်းရည်နဲ့ ဘောလုံးဆွဲပြီး အပြေးမြန်တာတွေကြောင့် ပေါ်တူဂီကလပ်အသင်း Sporting Lisbon စပို့တင်းလစ္စဘွန်းက သူ့ကို ခေါ်ယူကစားစေတယ်။ အဲဒီနှစ်မှာပဲ သူ့ရဲ့ ကလပ်သင်းနဲ့ အင်္ဂလန်က မန်ချက်စတာယူနိုက်တက်ဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ဆုံကြတယ်။ ၁၆ နှစ်သားလေး ရော်နယ်ဒိုဟာ နာမည်ကြီး မန်ယူ နောက်ခံလူတွေကို ဖြတ်ကျော်ပြီး လုလုပပ ဂိုးသွင်းနိုင်ခဲ့တယ်။ သူ့ရဲ့ဂိုးသွင်းခြေစွမ်းနဲ့

ဘောလုံး အထိန်းသိမ်း ခြေအနုတ်အသိမ်း မြန်တာတွေ ကိုယ်တွေ့ မြင်ခဲ့တဲ့ မန်ယူဘောလုံးသမားတွေက အဲဒီပွဲအပြီးမှာ သူတို့ရဲ့ မန်နေဂျာကြီး ဖာဂူဆန်ကို ရော်နယ်ဒိုကို အမြန်ဆုံးဝယ်ဖို့ တိုက်တွန်းကြတယ်။ ဖာဂူဆန်ကိုယ်တိုင်ကလဲ ရော်နယ်ဒိုရဲ့ ခြေစွမ်းကို ကိုယ်တိုင်မြင်တွေ့ခဲ့ပြီမို့ မြန်မြန်ထက်ထက်ပဲ ဗြိတိန်ပေါင် ၁၂ သန်း ပေးပြီး ရော်နယ်ဒိုကို မန်ယူ အသင်းအတွက် ဝယ်ယူလိုက်တယ်။




အဲဒီခေတ်က အသက် ၁၆ နှစ်သား ဘောလုံးသမားလေး တစ်ယောက်ကို ဒီလောက်ဈေးကြီးပေးပြီး ဝယ်ခဲ့တာ ကမ္ဘာ့ဘောလုံးလောကမှာ ဈေးအမြင့်ဆုံး စံချိန်တင်ခဲ့တယ်။ အဲဒါ ၂၀၀၁ ခုနှစ်မှာပါ။

ရော်နယ်ဒိုဟာ မန်ယူအသင်းရောက်ပြီး ၂၀၀၄ ခုနှစ် အင်္ဂလန်ရဲ့ FA Cup ဘောလုံးဗိုလ်လု ပွဲမှာ မန်ယူအသင်းအတွက် ၃ ဂိုးဆက်တိုက် ဂိုးသွင်းပေးပြီး ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးပေးခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာ မန်ယူအသင်းဟာ ရော်နယ်ဒိုကို ပေါင် ၃၁ သန်းနဲ့ ၅ နှစ်စာချုပ် ထပ်ချုပ်ခဲ့တယ်။ ရော်နယ်ဒိုဟာ မန်ယူအသင်းကို အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးချန်ပီယံဆု ၃ ကြိမ်ရအောင် လုပ်ပေးခဲ့တယ်။

၂၀၀၇ ခုနှစ်မှာ ရော်နယ်ဒိုရဲ့ ဘောလုံးစွမ်းရည် အတော်ကျဆင်းသွားခဲ့တယ်။ အကြောင်းတွေကတော့ သူ့အမေဟာ ရင်သားကင်ဆာဝေဒနာ ခံစားနေရလို့နဲ့ သူ့အဖေဟာလဲ အရက်သောက်လွန်းလို့ ကျောက်ကပ်ရောဂါနဲ့ ကွယ်လွန်သွားခဲ့လို့ပါ။

ဒါပေမဲ့ ရော်နယ်ဒိုဟာ ဒီစိတ်ဆင်းရဲသောကတွေကို ဖြေပျောက်ဖို့ ဘောလုံးကို အရင်ထက် ပိုကြိုးစား လေ့ကျင့်ပါတော့တယ်။ ၂၀၀၉ ခုနှစ်မှာ စပိန်က ကမ္ဘာကျော် ရီယယ်မက်ဒရစ် အသင်းကြီးက ရော်နယ်ဒိုကို ဒေါ်လာ ၁၃၁ သန်းပေးပြီး မန်ယူအသင်းက ဝယ်ယူလိုက်တယ်။ အဲဒီအချိန်က ကြေးစား ဘောလုံးသမားတစ်ယောက်ကို ဝယ်ယူခဲ့တဲ့ အမြင့်ဆုံးကြေးပါပဲ။

ရော်နယ်ဒိုဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုကို ၃ ကြိမ် ရခဲ့ပြီးပြီ။ ယနေ့ ကမ္ဘာမှာ ဝင်ငွေအကောင်းဆုံး အားကစားသမားအဖြစ် ရပ်တည်နေဆဲ ဖြစ်ပါတယ်။



ရော်နယ်ဒိုနဲ့ပတ်သက်လို့ လူတော်တော်များများ မသိကြတဲ့ စိတ်ဝင်စားစရာလေးများဟာ

၁။ သူဟာ ဆေးလိပ်နဲ့ အရက်ကို လုံးဝရှောင်ကြဉ်တယ်။ သူ့အဖေဟာ သူငယ်စဉ်က အရက်အရမ်းသောက်ပြီး သေဆုံးခဲ့တာမို့ အရက်ကို စိတ်နာလို့ လက်ဖျားနဲ့တောင် မထိဘူး။ ဆေးလိပ်မသောက်တာက သူ ဘောလုံးကစားရင် အမောမခံနိုင်ဖြစ်မှာ စိုးလို့ပါ။

၂။ သူဟာ အခုခေတ်လူငယ်တွေကြား ခေတ်စားနေတဲ့ တက်တူးဆေးမှင်ကြောင် လုံးဝမထိုးဘူး။ သူဟာ တစ်နှစ်ကို သွေး ၂ ကြိမ်လှူနေလို့ တက်တူး မထိုးတာပါတဲ့။

၃။ သူဟာ အလေးမလေ့ကျင့်ရာမှာ တစ်နေ့ကို အကြိမ် (၃၀၀၀) ကျင့်တယ်။ ဘောလုံးလေ့ကျင့်တော့လဲ သူ့ခြေကျင်းဝတ်တွေမှာ အလေးဝိတ်တုံးတွေချီပြီး ဘောလုံးသယ်ယူလေ့ကျင့်တယ်။ ဘောလုံးပွဲကျတော့ အလေး မချည်ထားတဲ့ သူ့ခြေထောက်တွေဟာ အရမ်းသွက်နေတယ်။

၄။ ရော်နယ်ဒိုဟာ တာကိုအပြေးချန်ပီယံတစ်ယောက်ရဲ့ စံချိန်နီးပါး မြန်အောင် ပြေးနိုင်သလို အမေရိကန် NBA ဘတ်စကက်ဘောကစားသမားတွေထက် ပိုမြင့်အောင် ခုန်နိုင်တယ်။ သူ့ရဲ့ ဖရီးကစ်ဘောလုံးကန်ချက်ဟာ အာကာသယာဉ်ပြေးနှုန်းထက် မြန်တယ်။

၅။ သူ့ရဲ့ခန္ဓာကိုယ်မှာ အဆီဓာတ်ဟာ ၁၀ ရာခိုင်နှုန်းပဲရှိပြီး ကျန်တာတွေကတော့ ကြွက်သားတွေပါပဲ။

၆။ ရော်နယ်ဒိုရဲ့ဝင်ငွေဟာ တစ်ပတ်မှာ ဗြိတိန်ပေါင် (၂၇၄,၀၀၀) ဖြစ်တယ်။ ကမ္ဘာမှာ ဝင်ငွေအကောင်းဆုံးရနေသူ ဖြစ်ရုံမက သူ့ရဲ့ ၆ ရက်နဲ့ ၉ နာရီ ဝင်ငွေဟာ အမေရိကန်သမ္မတ အိုဘားမားရဲ့တစ်နှစ်စာဝင်ငွေလစာနဲ့ ညီမျှတယ်။

❑

# "အော်ဒီမာဖီ"




အော်ဒီမာဖီ (Audie Murphy) ဆိုတဲ့ အမေရိကန်စစ်သားလေးဟာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ ရန်သူတွေကို ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ရုံမက သူ့ရဲ့ တိုက်ပွဲဝင် ရဲဘော်တွေရဲ့ အသက်တွေလဲ အများကြီး ကယ်တင်ခဲ့တာကြောင့် အမေရိကန်နိုင်ငံရဲ့ အမြင့်ဆုံး ဂုဏ်ထူးဆောင်တံဆိပ်ဖြစ်တဲ့ Medal of Honour အပါအဝင် အခြား စစ်တပ်ဂုဏ်ထူးဆောင်ဆုပေါင်း ၃၃ ခုလဲ ရခဲ့သူပါ။ သူဟာ ဒုတိယကမ္ဘာစစ်ကြီးပြီးလို့ စစ်တပ်က အနားယူပြီး ရုပ်ရှင်မင်းသားလုပ်တော့လဲ ဟောလီးဝုဒ် ရုပ်ရှင်လောကမှာလဲ အောင်မြင်ကျော်ကြားခဲ့ပါတယ်။ သူ့ရဲ့ ဘဝ ဇာတ်ကြောင်းလေးဟာ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။

အော်ဒီကို ၁၉၂၅ ခုနှစ် ဇွန်လ ၂၀ ရက်နေ့က အမေရိကန်နိုင်ငံ တက်ဆက်ပြည်နယ် ကင်းစတန်းမြို့လေးမှာ မွေးဖွားခဲ့ပါတယ်။ မွေးချင်း ၁၂ ယောက်မှာ ၆ ယောက်မြောက်ပါ။ သူ့အဖေဟာ ယာမြေထွန်ယက်စိုက်ပျိုးသူ တစ်ယောက်မို့ အော်ဒီဟာ ယာမြေတွေပေါ်မှာ ကြီးပြင်းလာခဲ့တယ်။ ကျောင်း တက်လို့ ၅ တန်းတက်နေတုံး (၁၉၃၆ ခုနှစ်မှာ) ကျောင်းက ထွက်လိုက်ရတယ်။ ဘာလို့လဲဆိုတော့ သူ့အဖေဟာ မိသားစုကိုစွန့်ခွာပြီး အဝေးကို ထွက်သွားလို့ပါ။

မိသားစုမှာ မိန်းကလေးများတဲ့ သူ့ရဲ့မိသားစု စားဝတ်နေရေးအတွက် အော်ဒီဟာ သူ့အိမ်အနီးတဝိုက်မှာ ရှိကြတဲ့ ယာမြေတွေမှာ ကြုံရာအလုပ်လုပ်ရင်း ဝင်ငွေရှာရပါတယ်။ အော်ဒီဟာ သေနတ်ပစ် လက်ဖြောင့်သူမို့ အနီးတဝိုက်

တောစပ်တွေမှာ ကြက်လေး၊ ငှက်လေး၊ ယုန်လေးတွေကို ပစ်ခတ်ပြီး မိသားစု စားဖို့ ရှာပေးပါတယ်။

၁၉၄၁ ခုနှစ်မှာ သူ့အမေ ရုတ်တရက် ဆုံးပါးသွားပြန်တော့ အော်ဒီဟာ သူ့မောင်နှမတွေကို ဆက်ပြီး ရှာဖွေကျွေးမွေးရပြန်တယ်။ သူ အလုပ်ကြိုးစား လုပ်ပေမဲ့ အလုပ်အကိုင်ရှားပါးလာပြီး စားစရာပြတ်လို့ သူ့ရဲ့အငယ်တွေဖြစ်ကြတဲ့ ညီအစ်မ ၃ ယောက်ကို မိဘမဲ့ဂေဟာကို ရင်နာနာနဲ့ ပို့လိုက်ရတယ်။

အဲဒီအချိန် ၁၉၄၂ ခုနှစ်မှာ ဂျပန်နိုင်ငံက အမေရိကန်ရဲ့ ရေတပ်စခန်းကြီး ပါးလ်ဟားဘားကို လေယာဉ်တွေနဲ့ ဗုံးကြဲတိုက်ခိုက်လိုက်တာကြောင့် အမေရိကန်နိုင်ငံဟာ ဒုတိယကမ္ဘာစစ်ထဲ ဝင်လိုက်ပါတယ်။ အော်ဒီလဲ သူ့နေရပ်မှာ အလုပ်အကိုင် ရှားပါးလွန်းလို့ စစ်တပ်ထဲဝင်ဖို့ ကြိုးစားတယ်။ အဲဒီအချိန်မှာ အော်ဒီဟာ အသက် ၁၆ နှစ်ပဲ ရှိသေးပြီး လူကောင်ကသေးသေး ကလေးမျက်နှာလေးနဲ့မို့ စစ်တပ်က အသက်မပြည့်လို့ဆိုပြီး သူ့ကို လက်မခံခဲ့ပါဘူး။

သူ အသက် ၁၇ နှစ်ပြည့်တော့ သူ့အမကြီး ကော်ရင်းက သူ့ရဲ့မွေးစာရင်းကို ၁၈ နှစ်ပြည့်ပြီလို့ လိမ်ညာရေးပေးလိုက်တယ်။ အော်ဒီဟာ အမေရိကန်ရေတပ်နဲ့ လေတပ်တွေမှာ လျှောက်ပေမဲ့ လူကောင်သေးတဲ့သူ့ကို လက်မခံခဲ့ကြဘူး။ နောက်ဆုံးတော့ အော်ဒီဟာ အကျီ ၃-၄ ထပ်ဝတ်ပြီးလျှောက်တော့ အမေရိကန်ကြည်းတပ်က လက်ခံလိုက်တယ်။

သူ ပထမဆုံး စစ်သင်တန်းတက်တော့ ရိုင်ဖယ်သေနတ်ကို မနိုင်မနင်း ကိုင်ပြေးနေတဲ့ အော်ဒီကို မြင်သွားပြီး သနားသွားတဲ့ သူ့အရာရှိက သူ့ကို ထမင်းချက် စစ်သင်တန်းကျောင်းကို လွှဲပေးမယ်လို့ ကမ်းလှမ်းတယ်။ စွန့်စားတိုက်ခိုက်ဖို့ ဝါသနာပါတဲ့ အော်ဒီက အတင်းငြင်းဆန်လို့ မသွားလိုက်ရပါဘူး။



အော်ဒီဟာ စစ်သင်တန်းဆင်းပြီးတာနဲ့ အီတလီနိုင်ငံ စစ်စလီကျွန်းကို အပို့ခံရတယ်။ အော်ဒီဟာ အဲဒီကျွန်းမှာ အီတလီ ဖက်ဆစ်ရန်သူတွေနဲ့ တိုက် ရတဲ့ တိုက်ပွဲအနည်းငယ် ကြုံခဲ့တယ်။ ရန်သူ အချို့ကို သတ်ဖြတ်နိုင်ခဲ့တယ်။



ဒါပေမဲ့ အော်ဒီရဲ့ စွမ်းသတ္တိကိုပြခဲ့တဲ့ ပထမဆုံး တိုက်ပွဲကတော့ ပြင်သစ်နိုင်ငံမှာ ဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံကို သိမ်းပိုက်ထားတဲ့ ဂျာမန်စစ်တပ်ကို တိုက်ခိုက်ချေမှုန်းဖို့ အော်ဒီတို့တပ်ဖွဲ့ကို ပြင်သစ်ကို လွှတ်လိုက်တယ်။ သူတို့ တပ်ဖွဲ့ဟာ ပြင်သစ်ကမ်းခြေကို ရေတပ်ဖောင်တွေနဲ့ ထိုးကပ်ပြီး ကမ်းပေါ်တက်နေကြတုံးမှာ အော်ဒီရဲ့ သူငယ်ချင်းဖြစ်သူ လက်တီဟာ သေနတ်ကျည်ထိမှန်ပြီး သူ့အနားမှာ ကျဆုံးသွားတယ်။ ဂျာမန်စစ်သားတစ်ယောက်က လက်နက်ချမဲ့ အမူအရာပြလို့ လက်တီဟာ အနားကပ်သွားတော့ အဲဒီ ဂျာမန်စစ်သားက လက်ထဲက သေနတ်နဲ့ ပစ်ထည့်လိုက်တာပါ။

အော်ဒီဟာ အရမ်း ဒေါသထွက်သွားလို့ သူ့တပ်ဖွဲ့ရဲ့ရှေ့ကို ထွက်လာပြီး ဂျာမန်စစ်သားတွေကို တစ်ယောက်ထဲ ပစ်ခတ်တိုက်ခိုက်လိုက်တာ ဂျာမန်စစ်သား တော်တော်များများ ကျဆုံးကုန်ကျတယ်။ အဲဒီဖြစ်ရပ်ကြောင့် သူ့ကို အမေရိကန်စစ်တပ်က သူ့ရဲကောင်းဘွဲ့ ငွေတံဆိပ် ချီးမြှင့်ပေးလိုက်တယ်။

၁၉၄၂ ခုနှစ် အောက်တိုဘာလမှာ အော်ဒီဟာ ပေါင်မှာ သေနတ်ကျည်ဆံထိမှန်ပြီး ဒဏ်ရာရလို့ တပ်ရင်းက ဆေးရုံမှာ ဆေးကုသခံရတယ်။ အဲဒီအချိန်မှာ တပ်ကြပ်ကြီးဖြစ်နေတဲ့ အော်ဒီဟာ စစ်ဆေးရုံမှာ ၂ ပတ်ပဲနေပြီး သူ့တပ်စိတ်ရှိရာကို ပြန်လာပြီး တိုက်ပွဲတွေမှာ ပါဝင်ဆင်နွှဲပါတယ်။ ပေါင်က ဒဏ်ရာမပျောက်သေးလို့ ပတ်တီးစည်းပြီး တိုက်ပွဲဝင်ခဲ့တယ်။

၁၉၄၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့မှာ ဖြစ်ခဲ့တဲ့ တိုက်ပွဲဖြစ်ရပ်ကတော့ အော်ဒီကို အမေရိကန်နိုင်ငံရဲ့ အမြင့်ဆုံး ဂုဏ်ထူးဆောင် ဆုတံဆိပ် ရစေခဲ့တာပါ။ ဂျာမန်တွေ သိမ်းပိုက်ထားတဲ့ ပြင်သစ်နိုင်ငံရဲ့ နယ်မြေတစ်ခုကို တပ်ကြပ်ကြီး အော်ဒီနဲ့ ရဲဘော် ၉ ယောက်တို့ ထိန်းချုပ်ထားဖို့ တာဝန်ကျနေတယ်။ ကင်းလှည့်နေကြရင်း တင့်ကား ၆ စီးနဲ့ ဂျာမန်စစ်သား ၂၅၀ လောက်ပါတဲ့ ဂျာမန် ပန်ဇာ တပ်မကြီးတစ်ခုကို ရှေ့မှာ ဘွားကနဲ မြင်လိုက်ရတယ်။ အော်ဒီဟာ သူ့ရဲဘော်

တွေကို နောက်ဆုတ်ခိုင်းပြီး သစ်ပင်တွေနောက်မှာ နေရာယူခိုင်းလိုက်တယ်။ သူကတော့ နောက်မဆုတ်ဘဲ မြေပြင်မှာ ဝပ်တွားရင်း သူ့တပ်ရင်းကို ရေဒီယိုနဲ့ ဆက်သွယ်ပြီး ဂျာမန်တွေရှိတဲ့နေရာကို အမြောက်ကြီးတွေနဲ့ ပစ်ခိုင်းတယ်။ ပစ်လိုက်တဲ့ အမြောက်ကျည်ဆံတွေဟာ ဂျာမန်တွေရှိတဲ့နေရာ မရောက်ဘဲ သူနဲ့ ဂျာမန်တွေကြားမှာ ကျရောက်ပေါက်ကွဲကုန်တယ်။

အဲဒီမှာ အော်ဒီဟာ အမြောက်ပေါက်ကွဲတဲ့ မီးခိုးတွေကို အကာအကွယ် ယူရင်း ဂျာမန်စစ်သားတွေရှိတဲ့ဖက်က မီးလောင်နေတဲ့ တင့်ကားတစ်စီးပေါ် ပြေးတက်တယ်။ တင့်ကားပေါ်ရောက်တော့ တင့်ကားအပေါ်မှာ တပ်ထားတဲ့ ဂျာမန်စက်သေနတ်နဲ့ ဂျာမန်စစ်သားတွေကို မွှေ့ရမ်းပစ်လိုက်တာ ဂျာမန်စစ်သား တွေ အတုံးအရုံး ကျဆုံးကုန်တယ်။ ရာနဲ့ချီ သေကုန်ကြတာပါ။ နောက်ဆုံး အော်ဒီဟာ ဂျာမန်စစ်သားတွေ သေနတ်နဲ့ ဝိုင်းပစ်ကြလို့ တင့်ကားပေါ်က ပြန်ဆင်းပြေးပြီး သူ့တပ်ဖွဲ့ရှိရာကို ပြန်ရောက်လာခဲ့တယ်။ ပြေးရင်းနဲ့ ပေါင်မှာ ကျည်ဆံတစ်ချက် ထိမှန်ခံခဲ့ရတယ်။


ဒီစွန့်စားမှုကြီးကြောင့် သူဟာ အမေရိကန်စစ်တပ်ရဲ့ အမြင့်ဆုံး သူရဲကောင်းဘွဲ့တံဆိပ် ချီးမြှင့်ခံခဲ့ရသလို ဒုဗိုလ်အဖြစ်လဲ ရာထူးတိုးမြှင့်ခံခဲ့ရတယ်။

မကြာခင်မှာပဲ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားလို့ အော်ဒီလည်း စစ်တပ်ကထွက်ပြီး သူ့မွေးရပ်မြေ အမေရိကန်နိုင်ငံကို ပြန်လာခဲ့တယ်။ သူ့အပြန် ခရီးမှာ အမေရိကန်လူထုဟာ သူရဲကောင်းအဖြစ် သောင်းသောင်းဖြဖြ ကြိုဆို ခဲ့ကြတယ်။




သူ့အဖြစ်အပျက်ကို ရုပ်ရှင်ရိုက်ဖို့ ဟောလီးဝုဒ် ရုပ်ရှင်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေက အော်ဒီကို ကမ်းလှမ်းတယ်။ ၁၉၅၁ ခုနှစ်မှာ "Red Badge of Courage" စစ်ရုပ်ရှင်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တယ်။ အောင်မြင်မှု အသင့်အတင့် ရခဲ့ပါတယ်။

ဒါပေမဲ့ သူ့ရဲ့ဖြစ်ရပ်မှန်တိုက်ပွဲတွေကို ရိုက်ပြခဲ့တဲ့ ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးထုတ်လုပ်လိုက်တဲ့ "To Hell and Back" (ငရဲသို့အသွားနဲ့ အပြန်) ရုပ်ရှင်ကားကတော့ အရမ်းအောင်မြင်သွားသလို ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ခဲ့တဲ့ အော်ဒီလဲ အရမ်းနာမည်ကျော်သွားတယ်။ နောက်ထပ် အနှစ်အစိတ်လောက် အော်ဒီဟာ ရုပ်ရှင်ကားပေါင်း ၄၄ ကားမှာ သရုပ်ဆောင်ခဲ့တယ်။ ရုပ်ရှင်ကားအများစုကတော့ အမေရိကန် ကောင်းဘွိုင်ဇာတ်လမ်းတွေ ဖြစ်ပါတယ်။




အော်ဒီဟာ ၁၉၇၁ ခုနှစ် မေလ ၂၈ ရက်နေ့မှာ အလုပ်ကိစ္စနဲ့ ခရီးထွက်ရင်း သူစီးတဲ့ လေယာဉ်ပျံဟာ နှင်းတွေဖုံးလွှမ်းနေတဲ့ တောင်တစ်ခုနဲ့ တိုက်မိပျက်ကျပြီး အော်ဒီ သေဆုံးသွားခဲ့ရတယ်။ သူ့ရဲ့ ရုပ်အလောင်းကို အမေရိကန်စစ်တပ်က ဂုဏ်ပြုတပ်ဖွဲ့နဲ့ တခမ်းတနား ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။

❑





မိုက်ကရိုဆော့ (Microsoft) ဆိုတဲ့ ကွန်ပျူတာဆော့ဖ်ဝဲ (Software) တီထွင်ပြီး ယနေ့ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးဖြစ်နေတဲ့သူ ဘီလ်ဂိတ် (Bill Gates) ရဲ့ ဘဝအကြောင်း အတုယူရအောင် ရေးလိုက်တာပါ။

ဘီလ်ဂိတ်ကို ၁၉၅၅ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့က အမေရိကန်နိုင်ငံ ဆီယေးတဲမြို့လေးမှာ မွေးဖွားခဲ့ပါတယ်။ မွေးချင်း ၃ ယောက်မှာ အလတ်ပါ။ နာမည်အပြည့်အစုံက William Henry Gates III ဖြစ်ပါတယ်။

သူဟာ ကလေးအရွယ်ကတည်းက စူးစမ်းလေ့လာချင်စိတ်ရှိပြီး နက်နက်နဲနဲ တွေးတောတတ်တယ်။ သူ့မိဘတွေက သူ့ကို Lake side ကျောင်းမှာ ကျောင်းထားပေးတယ်။ သူဟာ ဘာသာရပ်တိုင်းမှာ ထူးချွန်တယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ စာအုပ်တွေကို ဖတ်နေတတ်တယ်။

၁၉၆၉ ခုနှစ် ဇူလိုင်လမှာ အမေရိကန်နိုင်ငံက အပိုလို ၁၁ ဒုံးပျံယာဉ်နဲ့ ပထမဆုံးလူသားကို လကမ္ဘာပေါ် လွှတ်တင်ခဲ့တယ်။ အဲဒီ အပိုလို ဒုံးပျံအစီအစဉ်အတွက် တွက်ချက်ဖို့ အိပ်ခန်းလောက်ကြီးတဲ့ ကွန်ပျူတာအကြီးကြီးတွေ သုံးရတယ်။ အဲဒီအချိန်က ကွန်ပျူတာကြီးတွေဟာ ဈေးအရမ်းကြီးလွန်းလို့ လူတွေ မဝယ်နိုင် မသုံးနိုင်ကြပါဘူး။

ဆီယေးတဲမြို့ရဲ့ အာဏာပိုင်တွေက ပညာရေးမြှင့်တင်တဲ့ အစီအစဉ် အရ ဘီလ်ဂိတ်တက်နေတဲ့ Lake side ကျောင်းကို ကွန်ပျူတာအကြီးတစ်လုံး



ပို့ပေးလိုက်တယ်။ အဲဒီအချိန်ကစလို့ ဘီလ်ဂိတ်ဟာ ကွန်ပျူတာထားတဲ့ အခန်းက မထွက်တော့ဘဲ ကွန်ပျူတာဘာသာရပ်ကို လေ့လာပါတော့တယ်။ အဲဒီတုံးက သူဟာ အသက် ၁၃ နှစ်ပဲ ရှိပါသေးတယ်။ အဲဒီမှာ ပေါလ်အဲလင် (Paul Allen) ဆိုတဲ့ ကျောင်းသားနဲ့ သူငယ်ချင်းဖြစ်သွားကြတယ်။ သူတို့နှစ်ယောက်ရဲ့ ကွန်ပျူတာကို အရူးအမူး လေ့လာချင်စိတ် တူကြတာကြောင့် မကြာခဏ ကွန်ပျူတာသုံးဖို့ စကားများ ရန်ဖြစ်ကြတယ်။

၁၉၇၀ ခုနှစ် ဘီလ်ဂိတ် အသက် ၁၅ နှစ်အရွယ် အထက်တန်းကျောင်းသားဘဝမှာပဲ ပေါလ်အဲလင်နဲ့ပေါင်းပြီး မော်တော်ကား ယာဉ်ကြောလမ်းကြောင်းကို လေ့လာတဲ့ ကွန်ပျူတာ ပရိုဂရမ်တစ်ခုကို တီထွင်ရေးသားပြီး ကုမ္ပဏီတစ်ခုကို ဒေါ်လာနှစ်သောင်းနဲ့ ရောင်းလိုက်ကြတယ်။

၁၉၇၃ ခုနှစ်မှာ ဘီလ်ဂိတ်ဟာ အထက်တန်းကျောင်း အောင်ခဲ့တယ်။ SAT လို့ခေါ်တဲ့ ဉာဏ်အရည်အချင်းစစ်ဆေးတဲ့ စာမေးပွဲကို ပေးတဲ့အမှတ်စုစုပေါင်း ၁၆၀၀ မှာ ၁၅၉၀ မှတ်ရခဲ့ပြီး အတော်ဆုံးကျောင်းသား ဖြစ်ခဲ့ပါတယ်။

အဲဒီနှစ်မှာပဲ ကမ္ဘာကျော် ဟားဗတ်တက္ကသိုလ်ကို တက်တယ်။ ရှေ့နေတစ်ယောက်ဖြစ်ချင်လို့ ဥပဒေဘာသာရပ်ကို ယူလိုက်တယ်။ တက္ကသိုလ်ပထမနှစ်မှာ သူဟာ စာမကြိုးစားပါဘူး။ သင်နေတဲ့စာတွေကို စိတ်မဝင်စားလို့ စာသင်ခန်းထဲမှာ အိပ်ပျော်နေတတ်တယ်။ စာမေးပွဲစစ်မဲ့ ရက်ပိုင်းလေးအလိုကျမှ ကမန်းကတန်း စာတွေကို လေ့လာကျက်မှတ်ရင်း စာမေးပွဲ အောင်လာခဲ့တယ်။

ဘီလ်ဂိတ်ဟာ တက္ကသိုလ်မှာ ၂ နှစ်ပဲတက်ပြီး မိဘတွေကို အသိပေးမတိုင်ပင်ဘဲ ကျောင်းကထွက်လိုက်တယ်။ သူသင်နေတဲ့ ဘာသာရပ်တွေကို စိတ်မဝင်စားလို့ရယ် သူတကယ်စိတ်ဝင်စားတဲ့ ကွန်ပျူတာပညာကို ဇောက်ချလေ့လာဖို့ပါ။

သူနဲ့ အထက်တန်းကျောင်းတုံးက ကွန်ပျူတာလုပ်ဖက် သူငယ်ချင်း ပေါလ်အဲလင် ကလဲ ဝါရှင်တန်တက္ကသိုလ်မှာ ၂ နှစ်ပဲတက်ပြီး သူ့လိုပဲ ကျောင်း

ထွက်လိုက်တယ်။ သူတို့နှစ်ယောက် ပြန်ဆုံကြပြီး Honeywell ကုမ္ပဏီမှာ အလုပ်ဝင်လုပ်ကြတယ်။ ရုံးအားချိန်မှာ သူတို့နှစ်ယောက် ကွန်ပျူတာ အတူလေ့လာရင်း ကွန်ပျူတာ အခြေခံ ပရိုဂရမ်ဖြစ်တဲ့ Basic Programming ကို ထွင်လိုက်ကြပြီး ကွန်ပျူတာ ကုမ္ပဏီတစ်ခုဖြစ်တဲ့ Apple Computer ကို ရောင်းလိုက်တယ်။






၁၉၇၇ ခုနှစ်မှာ သူတို့နှစ်ယောက်ဟာ Microsoft ကုမ္ပဏီကို ထောင်လိုက်ကြတယ်။ အဲဒီအချိန်မှာ ဘီလ်ဂိတ်ဟာ အသက် ၂၂ နှစ်ပဲ ရှိပါသေးတယ်။ သူတို့ Microsoft ကုမ္ပဏီက ကွန်ပျူတာဆော့ဖ်ဝဲတွေ ရေးပြီး ကွန်ပျူတာကုမ္ပဏီတွေကို ရောင်းချတယ်။ လူတိုင်းဝယ်သုံးနိုင်တဲ့ ကွန်ပျူတာ အသေးစားလေးတွေပေါ်နေပြီး အဲဒီကွန်ပျူတာတွေသုံးနိုင်တဲ့ သူတို့ရဲ့ ဆော့ဖ်ဝဲတွေဟာ အရမ်းရောင်းရတာကြောင့် Microsoft ကုမ္ပဏီဟာ အမြတ်ငွေ ဒေါ်လာသန်းချီ ရသွားခဲ့တယ်။

နောက်ပိုင်းမှာ ပေါလ်အဲလင်ဟာ ကျန်းမာရေးမကောင်းလို့ Microsoft ကုမ္ပဏီက နုတ်ထွက်လိုက်လို့ Microsoft ကုမ္ပဏီဟာ ဘီလ်ဂိတ်တစ်ဦးတည်းပိုင် ဖြစ်လာခဲ့တယ်။ ၁၉၈၅ ခုနှစ် တစ်နှစ်အတွင်းမှာ Microsoft ရဲ့ ဆော့ဖ်ဝဲ ရောင်းရငွေဟာ ဒေါ်လာ သန်း ၁၄၀ အထိ ဖြစ်လာခဲ့တယ်။

ဘီလ်ဂိတ်ဟာ ၁၉၈၆ ခုနှစ်မှာ ယနေ့တိုင် ကမ္ဘာတလွှားက ကွန်ပျူတာတွေမှာ သုံးနေကြတဲ့ Windows စနစ်ကို တီထွင်လိုက်တယ်။ အဲဒီ Windows စနစ်ဟာ အရမ်းအောင်မြင်သွားပြီး ဘီလ်ဂိတ်တစ်ယောက်လဲ အသက် ၃၁ နှစ်အရွယ်မှာ ဘီလျံနာသူဌေးကြီးတစ်ယောက် ဖြစ်လာခဲ့တယ်။

ဘီလ်ဂိတ်ရဲ့ယနေ့ သူချမ်းသာတဲ့ငွေကြေးနဲ့ ပိုင်ဆိုင်မှုဟာ အမေရိကန်

# “ဆီဗက်စတာ စတားလုံး”




စတားလုံး (Sylvester Stallone) ဟာ လွန်ခဲ့ အနှစ် ၃၀ လောက်က စပြီး ယနေ့တိုင် ဟောလီးဝုဒ် ရုပ်ရှင်လောကမှာ လူကြိုက်အများဆုံး၊ အကျော်ကြားဆုံး မင်းသားတစ်ယောက်ပါ။ သူ သရုပ်ဆောင်ခဲ့တဲ့ Rocky လက်ဝှေ့ ဇာတ်လမ်းတွေ Rambo ဗီယက်နမ်စစ်ပြန်တစ်ယောက်ရဲ့ စွန့်စားခန်း ဇာတ်လမ်းတွေဟာ ဟောလီးဝုဒ်မှာ လူကြိုက်အများဆုံးနဲ့ ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားတွေ ဖြစ်ခဲ့ပါတယ်။

စတားလုံးဟာ ရုပ်ရှင်မင်းသားအဖြစ် အောင်မြင်ခဲ့ရုံ မကသေးပါဘူး။ ဆင်းရဲသားကနေ ကြီးပွားအောင်မြင်သွားသူ (Rag to Riches) တွေအကြောင်းကို အမေရိကန်လူငယ်တွေကို ပြောပြတဲ့ ဟောပြောပွဲတွေမှာဆိုရင် စတားလုံးကို စံပြထားပြီး ပြောလေ့ရှိပါတယ်။ သူ့လို လူငယ်တွေကို ကြိုးစားစေချင်လို့ပါ။ စတားလုံးက ဘာတွေများ ကြီးကြီးကျယ်ကျယ်လုပ်ခဲ့လို့လဲ။ ဆက်ဖတ်ကြည့်ပါ။

စတားလုံးဟာ ငယ်ငယ်တုံးက အတော်လေး ဆင်းရဲခဲ့ပါတယ်။ ဆင်းရဲပေမဲ့ ရုပ်ရှင်မင်းသား အရမ်းဖြစ်ချင်ခဲ့တယ်။ အားရင် တစ်ယောက်ထဲ သရုပ်ဆောင်အမူအရာကျင့်တယ်။ စတားလုံးမှာ မိန်းမတွေကျလောက်တဲ့ မျက်နှာပေါက်နဲ့ အချိုးအဆစ်ပြေပြစ်တဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားတယ်။ ဒါပေမဲ့ သူ့မှာ အားနည်းချက်တစ်ခုရှိတယ်။ သူ့ကို မွေးတုံးက ဆရာဝန်က ညှပ်ဆွဲမွေးပေးစဉ်မှာ သူ့ရဲ့ဘယ်ဖက်ပါးက အကြောတစ်ခုကို နည်းနည်းထိသွားတယ်။ သူ ကြီးလာတော့

ဘယ်ဖက်ပါးတခြမ်း နည်းနည်းရွဲ့သွားသလို စကားကိုလဲ ပီပီသသ သွက်သွက်လက်လက် မပြောနိုင်တော့ဘူး။ သူပြောတဲ့ စကားလုံးဟာ ဗလုံးဗထွေး မပီမသဖြစ်နေတယ်။

သူ အထက်တန်းကျောင်းတက်နေတုန်း အတန်းတစ်ပိုင်းတစ်စနဲ့ ကျောင်းက ထွက်လိုက်တယ်။ ရုပ်ရှင်မင်းသားလုပ်ချင်လို့ ကျောင်းဆက်မတက်တော့တာပါ။

အသက် ၂၅ နှစ်အရွယ်မှာ နယူးယောက်မြို့ကိုသွားပြီး ဟောလီးဝုဒ်က ရုပ်ရှင်ကုမ္ပဏီတွေမှာ မင်းသားလုပ်ဖို့ လျှောက်တယ်။ ဘယ်ကုမ္ပဏီကမှ မရွေးကြပါဘူး။ သူ့ရဲ့ မျက်နှာပေါက် ခန္ဓာကိုယ်အချိုးအစားနဲ့ သရုပ်ဆောင်ပညာကို သဘောကျကြပေမဲ့ စကားကို ပီပီသသ မပြောနိုင်တာကြောင့် ငြင်းပယ်ကြတာပါ။ ဒါပေမဲ့ စတားလုံးကတော့ လုံးဝ စိတ်ဓာတ်မကျပါဘူး။

တစ်နေ့တစ်နေ့ မင်းသားဖြစ်ဖို့ပဲ ရူးနေလို့ ဘာအလုပ်အကိုင်မှ မလုပ်ဘူး။ အလုပ်မရှိတော့ စားစရာလဲ မရှိဘူးပေါ့။ ငတ်လွန်းလို့ တစ်နေ့မှာ သူ့မိန်းမရဲ့ လက်ဝတ်လက်စားတွေကို ခိုးပြီး ရောင်းလိုက်တယ်။ ရတဲ့ပိုက်ဆံနဲ့ စားစရာဝယ်စားရတယ်။ ဒါကို သူ့မိန်းမသိသွားလို့ စတားလုံးဟာ အိမ်ပေါ်က မောင်းချခံရတယ်။ အိပ်စရာနေရာမရှိလို့ ဘတ်စ်ကားတွေရပ်နားတဲ့စခန်း (Bus Terminal) က ခုံတန်းလေးမှာ ၃ ရက်လောက် သွားအိပ်ခဲ့ရတယ်။

တစ်ရက်မှာ သူဟာ စားစရာမရှိလို့ သူမွေးထားတဲ့ သူနဲ့အမြဲသွားနေကျ ခွေးလေးကို အရက်ဆိုင်တစ်ခုနားမှာ ရောင်းဖို့စပ်တယ်။ လူတစ်ယောက်က ၂၅ ဒေါ်လာပေးမယ်ဆိုလို့ ရောင်းလိုက်တယ်။ ခွေးရောင်းပြီး အပြန်လမ်းမှာ သူဟာ ချုံးပွဲချ ငိုတော့တယ်။ စားစရာမရှိလို့သာ ရောင်းလိုက်ရတယ်၊ သူ့ခွေးကို သူ အင်မတန်ချစ်ရှာတာကိုး။



တစ်ညနေခင်း စားသောက်ဆိုင်တစ်ခုမှာ ပြနေတဲ့ တီဗွီကနေ

လက်ဝှေ့ထိုးပွဲတစ်ခုကို ကြည့်မိတယ်။ လက်ရှိ ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ မိုဟာမက်အလီနဲ့ စိမ်ခေါ်သူ လက်ဝှေ့သမား ချတ်ဝက်ပနာတို့ရဲ့ ထိုးသတ်ပွဲပါ။ ဝက်ပနာရဲ့ လက်ဝှေ့စွမ်းရည်အဆင့်ဟာ မိုဟာမက်အလီရဲ့အဆင့်ကို ဘယ်လိုမှ မယှဉ်နိုင်ပါဘူး။ ဒါကြောင့် ပွဲချီ ၁၅ ချီအတွင်း ဝက်ပနာဟာ အလီရဲ့ လက်သီး ချက်တွေထိပြီး အကြိမ်ကြိမ် ကြမ်းပေါ်လဲကျသွားတယ်။ ဒါပေမဲ့ ဝက်ပနာဟာ အလဲထိုးခံရပြီးတိုင်း ပြန်ပြန်ထလာတယ်။ ၁၅ ချီ ပြည့်သွားချိန်မှာ ဝက်ပနာဟာ အမှတ်နဲ့ ရှုံးသွားခဲ့တယ်။

စတားလုံးဟာ သူ့အိမ်ပြန်ရောက်တော့ ဝက်ပနာရဲ့ အနိုင်မခံ အရှုံးမပေးစိတ်ခာတ် လဲကျနေရာက ပြန်ပြန်ထလာတဲ့ သူ့ရဲ့ဇွဲသတ္တိကို သဘောကျလွန်းလို့ လက်ဝှေ့ပွဲ ဇာတ်ညွှန်းတစ်ပုဒ်ကို ဘာမှမစားဘဲ နာရီ ၂၀ ကြာအောင် မနားတမ်း ရေးလိုက်တယ်။ ဇာတ်ညွှန်းကို အသေအချာပြန်ဖတ်ရင်း ၃ ရက် အတွင်း အချောသတ်လိုက်တယ်။

ရက်အတန်ကြာမှာ သူ့ရုပ်ရှင်ဇာတ်ညွှန်းကို ဟောလီးဝုဒ်က ရုပ်ရှင် ထုတ်လုပ်တဲ့ ကုမ္ပဏီတွေ၊ ဒါရိုက်တာတွေကို လိုက်ပြပြီး ရောင်းဖို့ ကမ်းလှမ်းတယ်။ ဘယ်သူမှ မကြိုက်ကြဘူး။ နောက်ဆုံးတော့ ထုတ်လုပ်သူတစ်ယောက်က စိတ်ဝင်စားလို့ ရုပ်ရှင်ရိုက်မယ်လို့ ပြောတယ်။ ဇာတ်ညွှန်းကို ဒေါ်လာတစ်သိန်း နှစ်သောင်းခွဲနဲ့ ဝယ်မယ်လို့ ကမ်းလှမ်းတယ်။ စတားလုံးက အဲဒီရုပ်ရှင်မှာ သူ့ကို မင်းသားတင်ရိုက်မှ ရောင်းမယ်လို့ပြောတယ်။ သဘောတူညီမှု မရကြလို့ စတားလုံးလဲ သူ့ဇာတ်ညွှန်းကို ပြန်ယူလာခဲ့တယ်။


၂ ပတ်လောက်ကြာတော့ အဲဒီထုတ်လုပ်သူက သူ့ဇာတ်ညွှန်းကို ဒေါ်လာ နှစ်သိန်းခွဲထိ တိုးပေးမယ်လို့ ကမ်းလှမ်းပြန်တယ်။ စတားလုံးကလဲ သူ့ကို မင်းသားတင်မရိုက်ရင် မရောင်းဘူးလို့ ငြင်းတယ်။ နောက်ဆုံး ထုတ်လုပ်သူက ဒေါ်လာ ၃ သိန်းခွဲထိ တိုးပေးမယ် ပြောပြန်တယ်။ အဲဒီအချိန်က ဒေါ်လာ ၃ သိန်းခွဲဆိုတာ အခုခေတ်မှာ ဒေါ်လာတစ်သန်းနဲ့ ညီမျှပါတယ်။ စတားလုံးဟာ အရင်အတိုင်းပဲ မင်းသားမလုပ်ရရင် မရောင်းဘူးလို့ ငြင်းတုံးပဲ။ အဲဒီအချိန်မှာ သူ့လက်ထဲမှာ ငွေ (၁၀၆) ဒေါ်လာပဲရှိတယ်။ သူ တစ်သက်လုံး မက်လာခဲ့တဲ့ မင်းသားအိပ်မက်ကို ဒေါ်လာ ၃ သိန်းခွဲနဲ့ မလဲနိုင်လို့ပါ။

နောက်ဆုံးတော့ ထုတ်လုပ်သူဟာ စတားလုံးကို မင်းသားအဖြစ်

တင်ရိုက်ဖို့ သဘောတူလိုက်တယ်။ ဒါပေမဲ့ သူ့ဇာတ်ညွှန်းကို ဒေါ်လာ ၃ သောင်းခွဲပဲ ပေးမယ်။ သရုပ်ဆောင်ခ တစ်ပြားမှ မပေးဘူးလို့ ပြောတယ်။ စကားကို ပီပီသသ မပြောတတ်တဲ့လူကို မင်းသားနေရာကရိုက်ရင် ရှုံးမှာ သေချာသလောက်ရှိတာမို့ ဈေးကို မတန်တဆ နှိမ်ပေးလိုက်တာပါ။

စတားလုံးကတော့ သူ့ကို မင်းသားအဖြစ် တင်ရိုက်မယ်ဆိုတော့ လက်ခံလိုက်တယ်။ သဘောတူစာချုပ်မှာ လက်မှတ်ထိုးပြီးတာနဲ့ ဒေါ်လာ ၃ သောင်းခွဲကိုယူပြီး စတားလုံး ပထမဆုံး ဘာလုပ်သလဲ။ သူ ခွေးရောင်းလိုက်တဲ့ အရက်ဆိုင်နားကို သွားတယ်။ သူ့ခွေးကို ပြန်ဝယ်မလို့ပါ။ ခွေးဝယ်သွားတဲ့လူကို မတွေ့ဘူး။ ၃ ရက် ဆက်စောင့်တယ်။ ခွေးဝယ်သွားသူ ရောက်လာတယ်။ စတားလုံးက သူ့ခွေးကို ပြန်ရောင်းပါ ဒေါ်လာ ၅၀ ပေးမယ်လို့ ပြောတယ် (သူရောင်းလိုက်တုံးက ၂၅ ဒေါ်လာနော်)။ ဟိုလူက မရောင်းဘူးတဲ့။ စတားလုံးက ဒေါ်လာ တစ်ရာ တိုးပေးတယ်။ မရောင်းနိုင်ဘူးတဲ့။ စတားလုံးက ဒေါ်လာတစ်ထောင်ထိ တိုးပေးလဲ ဟိုလူက မရောင်းဘူး ငြင်းတုံးပဲ။ နောက်ဆုံး စတားလုံးဟာ သူ့ခွေးကို ဒေါ်လာတစ်သောင်းခွဲပေးပြီး ပြန်ဝယ်ခဲ့ရတယ်။

၁၉၇၆ ခုနှစ်မှာ သူ့ဇာတ်ညွှန်းကို ဒေါ်လာတစ်သန်းအကုန်ခံပြီး ၂၈ ရက်နဲ့ အပြီးရိုက်တယ်။ ဇာတ်ကားနာမည်က "Rocky" ပါ။ ဇာတ်လမ်းက သားသတ်ရုံမှာ အလုပ်လုပ်နေတဲ့ လူတစ်ယောက်ကနေ ကမ္ဘာ့လက်ဝှေ့ချန်ပီယံ



ဖြစ်လာပုံကို ရိုက်ထားတာပါ။ ရုပ်ရှင်ထဲမှာ သူ့ခွေးတောင် ထည့်ရိုက်ထားသေးတယ်။ စတားလုံးရဲ့ သရုပ်ဆောင်ကောင်းတာရယ် ဇာတ်လမ်းဇာတ်ကွက်ကောင်းတာတွေကြောင့် Rocky ရုပ်ရှင်ကားဟာ အရမ်းအောင်မြင်သွားတယ်။

ရုံတင်ရက် တစ်ပတ်အတွင်းမှာပဲ ဒေါ်လာ သန်း (၃၀၀) နီးပါး ဝင်ငွေရခဲ့တယ်။ အခုခေတ်နဲ့ဆိုရင် ဒေါ်လာတစ်ဘီလီယံလောက် ရှိမှာပေါ့။ Rocky ရုပ်ရှင်ကားဟာ အော်စကာဆုကြီး ၃ ဆု (ဇာတ်ကားဆု၊ ဒါရိုက်တာဆုနဲ့ ဇာတ်ညွှန်းဆု) ရသွားသလို စတားလုံးဟာလဲ အော်စကာမင်းသားဆု နောက်ဆုံးဆန်ကာတင်အဆင့်မှာ ပါခဲ့ပါတယ်။ သူလဲ ကမ္ဘာကျော်မင်းသားတစ်လက် ဖြစ်သွားတဲ့အပြင် ရုပ်ရှင်ကား အမြတ်ငွေတွေထဲက အချိုးကျခံစားခွင့်ငွေတွေရလို့ သန်းကြွယ်သူဌေးတစ်ယောက် ချက်ခြင်းဖြစ်သွားခဲ့တယ်။ စတားလုံးဟာ နောက်ပိုင်းမှာ ရုပ်ရှင်ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ မင်းသားနေရာတွေ အားလုံးမှာလဲ အောင်မြင်မှုတွေ ရခဲ့ပါတယ်။

Rocky ကား အောင်မြင်သွားလို့ နောက်ထပ် Rocky ဇာတ်လမ်းတွဲတွေ စတားလုံးနဲ့ပဲ ဆက်ရိုက်တယ်။ Rocky V အထိရောက်တယ်။ အားလုံးအောင်မြင်ခဲ့တယ်။ နောက်နှစ် အနည်းငယ်အကြာမှာ Rambo - First Blood ဗီယက်နမ် စစ်ပြန်တစ်ယောက်ရဲ့ စွန့်စားခန်းရုပ်ရှင်ကို စတားလုံး ပါဝင်သရုပ်ဆောင် ရိုက်ကူး ပြသခဲ့တာလဲ အရမ်းအောင်မြင်သွားလို့ Rambo IV အထိ ရိုက်ရပြန်တယ်။ အခု အသက် ၇၀ နီးပါးရှိပြီဖြစ်တဲ့ စတားလုံးဟာ ဟောလီးဝုဒ် ရုပ်ရှင်ကားတွေမှာ သရုပ်ဆောင်ဆဲပါပဲ။



တကယ်လို့သာ စတားလုံးဟာ သူ့ဇာတ်ညွှန်းကို မင်းသားမလုပ်တော့ဘဲ ဒေါ်လာ ၃ သိန်းခွဲကိုသာ လက်ခံလိုက်ရင် သူ တစ်သက်လုံးဖြစ်ချင်နေခဲ့တဲ့ သူ့အိပ်မက်ထဲက ရုပ်ရှင်မင်းသား ဖြစ်လာပါ့မလား။ တွေးစရာပါ။

လူတိုင်းမှာ အိပ်မက်ကိုယ်စီ ရှိကြတယ်။ ဘဝမှာ လုပ်ချင်တာ ဖြစ်ချင်တာလေးတွေ စိတ်ကူးတွေ ရှိကြပါတယ်။ အဲဒီအိပ်မက်စိတ်ကူးတွေ အကောင်အထည်ဖော်ဖို့ ကြောက်နေမယ်၊ တွေဝေနေမယ်၊ တုံ့ဆိုင်းနေမယ်ဆိုရင် စားစရာမရှိတဲ့ဘဝကနေ အောင်မြင်ကျော်ကြားသွားတဲ့ စတားလုံးအကြောင်းကို သတိရလိုက်ပါလို့။ ❑




အထက်မှာ ဖော်ပြထားတဲ့ နယ်ပယ်တစ်ခုခုမှာ နိုင်ငံ့လက်ရွေးစင် အဆင့်ရောက်ဖို့ဆိုတာ အင်မတန် ခက်ခဲလှပါတယ်။ ဒါပေမဲ့ အမေရိကန်နိုင်ငံက အာနိုး ရှဝတ်ဇနေးဂါး (Arnold Schwarzenegger) ကတော့ အသက် ၅၆ နှစ်အရွယ်မှာပဲ အဲဒီ နယ်ပယ် ၃ ရပ်စလုံးမှာ အောင်မြင်ကျော်ကြားခဲ့ပါတယ်။ ငယ်ငယ်တုံးက ဆင်းဆင်းရဲရဲ နေခဲ့ရတဲ့ အာနိုးတစ်ယောက် ခုလို အောင်မြင်မှုတွေရအောင် ဘယ်လိုလုပ်ဆောင်ခဲ့သလဲ။

အာနိုးကို ၁၉၄၇ ခုနှစ် ဇူလိုင်လ ၃၀ ရက်က ဥရောပတိုက်က ဩစတြီးယားနိုင်ငံ ဂရတ်ဇ်မြို့ အပြင်ဖက်က ရွာလေးတစ်ရွာမှာ မွေးဖွားခဲ့တယ်။ ညီအစ်ကို ၂ ယောက်ထဲက အငယ်ပါ။ အာနိုးရဲ့အဖေဟာ အာနိုးကို မွေးဖွားချိန်မှာ အဲဒီနယ်မြေမှာ ရဲမှူးတစ်ယောက်ဖြစ်နေလို့ အာနိုးတို့မိသားစုဟာ ရဲတန်းလျားတစ်ခုမှာ နေခဲ့ရတယ်။ သူတို့နေတဲ့ တန်းလျားကို ရေပိုက်သွယ်မထားလို့ တန်းလျားအပြင်က ရေဘုံဘိုင်ကရေကို ရေပုံးနဲ့ အိမ်သုံးဖို့ သယ်ရပါတယ်။

အဲဒီအချိန်ဟာ ဒုတိယကမ္ဘာစစ်ကြီး ပြီးစအချိန်မို့ ဥရောပတိုက်တစ်ခုလုံးက လူတွေ အတော်လေး ဆင်းရဲဒုက္ခနဲ့ ကြုံနေကြရတယ်။

အာနိုးရဲ့အဖေဟာ ရဲတပ်ဖွဲ့ကို မပြောင်းလာခင်က စစ်တပ်က အရာရှိတစ်ယောက် ဖြစ်ခဲ့တာမို့ အာနိုးတို့ညီအစ်ကိုနှစ်ယောက်ကို ငယ်ငယ်လေးကတည်းက စစ်တပ်ပုံစံအတိုင်း နေထိုင်ဖို့ ပုံစံသွင်းပါတယ်။

အာနိုးတို့ ညီအစ်ကိုနှစ်ယောက်ဟာ မနက်စောစော အိပ်ယာထကြရတယ်။ အိမ်သန့်ရှင်းရေး အလုပ်လုပ်ရတယ်။ အိမ်အလုပ်ပြီးသွားတာနဲ့ ကိုယ်ခန္ဓာ ကြံ့ခိုင်သန်စွမ်းအောင် အလေးမကိရိယာတွေနဲ့ အလေးမ လေ့ကျင့်ခန်းတွေ လုပ်ရတယ်။

လေ့ကျင့်ခန်းလုပ်ပြီးလို့ ရေချိုးပြီးမှ မနက်စာ စားကြရတယ်။ အဖေလုပ်သူက သားနှစ်ယောက်ကို အားကစားလုပ်တတ်တဲ့ အလေ့အကျင့်ကို ငယ်စဉ်ကလေးဘဝကတည်းက သွတ်သွင်းပေးခဲ့တယ်။ ဒါကြောင့် အစ်ကိုဖြစ်သူဟာ မြို့နယ် လက်ဝှေ့ချန်ပီယံတစ်ယောက် ဖြစ်လာခဲ့ပေမဲ့ အသက် ၂၄ နှစ်အရွယ်မှာ ကားတိုက်ခံရပြီး သေဆုံးသွားခဲ့တယ်။

## အားကစားနယ်ပယ်မှာ အောင်မြင်မှု

အာနိုးကလဲ ဘောလုံးသမားတစ်ယောက်အဖြစ် သူ့နယ်မြေမှာ အောင်မြင်ခဲ့ပါတယ်။ သူဟာ ဘောလုံးကန်တဲ့ သူ့ခြေထောက်တွေ သန်မာသန်စွမ်းအောင် အလေးဝိတ်တုံးတွေနဲ့ လေ့ကျင့်ရင်း ခန္ဓာကိုယ်တစ်ခုလုံးရဲ့ ကြွက်သားတွေ သန်စွမ်းစေမဲ့ ကာယဗလ လေ့ကျင့်တာကို စိတ်ဝင်စားသွားခဲ့တယ်။

ဒါကြောင့် သူ့ကိုယ်ခန္ဓာက ကြွက်သားတွေ သန်စွမ်းကျစ်လျစ်လာစေဖို့ အလေးမကိရိယာတွေနဲ့ နေ့စဉ် နာရီပေါင်းများစွာ လေ့ကျင့်တယ်။ အလေးမ အားကစားရုံကိုသွားပြီး လေ့ကျင့်ရုံမက သူ့အိမ်က အခန်းထဲမှာလဲ လေ့ကျင့်တယ်။ ဒါတင်မက လူ့ခန္ဓာကိုယ်အစိတ်အပိုင်းအကြောင်းနဲ့ အာဟာရဆိုင်ရာ စာအုပ်တွေဖတ်ပြီး အစားအသောက်ကို ဂရုတစိုက် စားတယ်။ သူ နေ့စဉ် ပြင်းပြင်းထန်ထန် လေ့ကျင့်နေတာမြင်နေတဲ့ မိဘတွေဟာ သူ့အတွက် စိုးရိမ်မိတယ်။




အဲဒီအချိန်က အာနိုးရဲ့စိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့ ပြင်းပျတဲ့ ဆန္ဒကတော့ သူ လက်ရှိနေတဲ့ တောရွာလေးကို စွန့်ခွာထွက်လို့ အမေရိကန်နိုင်ငံမှာ အခြေချနေရင်း ကာယ

ဗလမောင်အဖြစ် အောင်မြင်မှုရချင်တာတစ်ခုပဲ ရှိတယ်။ ဒီဆန္ဒ ပြည့်ဝဖို့ သူ အပြင်းအထန် နေ့စဉ် လေ့ကျင့်နေတာပါ။

၁၉၆၅ ခုနှစ်မှာ အထက်တန်းကျောင်းအောင်ပြီးသွားတဲ့ အာနိုးဟာ ဩစတြီးယားနိုင်ငံရဲ့ စစ်တပ်ထဲဝင်လိုက်တယ်။ စစ်တပ်ထဲဝင်လို့ တစ်လပဲ ကြာသေးတယ်။ သူ့ကို ဂျာမနီနိုင်ငံမှာကျင်းပမဲ့ ဥရောပရဲ့အငယ်တန်း ကာယဗလမောင်ရွေးပွဲ နောက်ဆုံးအဆင့်မှာ ယှဉ်ပြိုင်ဖို့အရွေးခံရကြောင်း အကြောင်းကြားစာ ရောက်လာတယ်။ ရလာတဲ့ အခွင့်အရေးကို လက်မလွှတ်ချင်တဲ့ အာနိုးဟာ သူ့စစ်တပ်ကို အကြောင်းကြား ခွင့်တိုင်ခြင်းမလုပ်ဘဲ ဂျာမနီနိုင်ငံကို ထွက်ခွာသွားပြီး ပြိုင်ပွဲကို သွားပြိုင်တယ်။ ဂျာမနီက ပြန်ရောက်လာတော့ စစ်တပ်က အရေးယူတာခံရပြီး စစ်အကျဉ်းထောင်ထဲမှာ တစ်နှစ်လောက် နေခဲ့ရတယ်။ သူ ထောင်ကလွတ်လွတ်ချင်းပဲ သူ့ရဲ့အလေးမလေ့ကျင့်ခန်းတွေကို ပြင်းပြင်းထန်ထန် လုပ်ပါတော့တယ်။ အားကစားရုံမှာ တစ်နေ့ ၅ နာရီကြာအောင် လေ့ကျင့်တယ်။

သူ့ရဲ့ကြိုးစားလေ့ကျင့်မှုတွေကြောင့် အသက် ၂၀ အရွယ် ၁၉၆၇ ခုနှစ်မှာ Mr. Universe Title မောင်စကြဝဠာဘွဲ့ ရလိုက်တယ်။ အဲဒီပြိုင်ပွဲတွေကို နှစ်စဉ်ကျင်းပရာမှာ ချန်ပီယံရခဲ့သူတွေထဲမှာ အာနိုးဟာ အသက်အငယ်ဆုံး ဖြစ်ပါတယ်။



အဲဒီချန်ပီယံဘွဲ့ရပြီးအချိန်မှာ ယခင်က ကမ္ဘာ့ကာယဗလမောင်ဘွဲ့ ရဖူးတဲ့ အမေရိကန်လူမျိုး ဂျိုးဝိုင်ဒါ (Joe Weider) က အာနိုးကို သူနဲ့အတူနေပြီး သူ့အားကစားရုံမှာ လေ့ကျင့်ဖို့ ကမ်းလှမ်းလာတယ်။ ဂျိုးဝိုင်ဒါဟာ အမေရိကန်နိုင်ငံမှာ ကာယဗလလေ့ကျင့်တဲ့ အလေးမပစ္စည်းတွေ ရောင်းချခြင်း၊ ကာယဗလဆိုင်ရာ လေ့ကျင့်ခန်းတွေကို တီဗွီမှာထုတ်လွှင့်ရင်း နာမည်ကြီး ထင်ရှားနေသူပါ။

အခွင့်အလမ်းကို လက်မလွှတ်တတ်တဲ့ အာနိုးဟာ ဂျိုးဝိုင်ဒါရဲ့ ကမ်းလှမ်းချက်ကို ချက်ခြင်းလက်ခံပြီး သူနဲ့အတူ လေ့ကျင့်ခန်းတွေ လုပ်ပါတယ်။

နောက် ၁၀ နှစ်ကာလမှာ အာနိုးဟာ ကာယဗလပြိုင်ပွဲတွေမှာ အကြီးအကျယ် အောင်မြင်မှုတွေ ရခဲ့တယ်။ Mr. Universe Title ချန်ပီယံ ၅ ကြိမ်နဲ့ Mr. Olympia Title ချန်ပီယံ ၇ ကြိမ် ရခဲ့ပါတယ်။

အာနိုးဟာ ကာယဗလပြိုင်ပွဲတွေမှာ ချန်ပီယံဆု အကြိမ်ကြိမ်ရနေတော့ ကမ္ဘာမှာ နာမည်ကျော်ကြားလာခဲ့တယ်။ သူဟာ ကာယဗလဆိုင်ရာ မဂ္ဂဇင်းတွေမှာ ဆောင်းပါးတွေ ရေးတယ်။ ၁၉၇၇ ခုနှစ်မှာ အာနိုးဟာ ကာယဗလပြိုင်ပွဲတွေ အကြောင်း ရိုက်ကူးထားတဲ့ သတင်းရုပ်ရှင်ကားတစ်ခုကို ထုတ်လုပ်လိုက်တယ်။ အဲဒီရုပ်ရှင်ကားဟာ လူကြည့်များလွန်းလို့ ဟောလီးဝုဒ်က ရုပ်ရှင်သမားတွေက အာနိုးကို သိလာကြပြီး ရုပ်ရှင်ရိုက်ဖို့ ကမ်းလှမ်းကြတယ်။

တစ်သက်လုံး ကာယဗလ လေ့ကျင့်နေရလို့ ငြီးငွေ့စပြုလာတဲ့ အာနိုးဟာ ရုပ်ရှင်နယ်ဖက်ကူးဖို့ ကာယဗလ လောက,ကနေ အသက် ၃၃ နှစ်အရွယ် ၁၉၇၀ ပြည့်နှစ်မှာ အနားယူလိုက်တယ်။

## ရုပ်ရှင်လောက အောင်မြင်မှု

သူ ကာယဗလလောက,က အနားယူပြီး ဘတ်ဂျက်နည်းနည်းနဲ့ ရိုက်ကူးတဲ့ ရုပ်ရှင်ကားတွေမှာ ဝင်သရုပ်ဆောင်တယ်။ ရုပ်ရှင်ကားတွေဟာ သူ့ရဲ့ သရုပ်ဆောင်မှုကို အဓိကမထားဘဲ သူ့ရဲ့ကြွက်သားတွေပြည့်နေတဲ့ ခန္ဓာကိုယ်ကို ဖော်ပြတာ များပါတယ်။

၁၉၈၂ ခုနှစ်မှာ ဟောလီးဝုဒ်ကရိုက်တဲ့ "Conan the Barbarian" ဇာတ်ကားမှာ အာနိုးဟာ လူသန်လူရိုင်းကြီး ကိုနန်အဖြစ် အဓိကအခန်းက သရုပ်ဆောင်ခဲ့ပါတယ်။ ရုပ်ရှင်ထဲမှာ သရုပ်ဆောင်တာ အဓိကမဟုတ်သလို သူ ပြောတဲ့ ဩစတြီးယားလေသံနဲ့ပြောတဲ့ အင်္ဂလိပ်စကားကို ရုပ်ရှင်ကြည့်ပရိသတ် အများစု နားမလည်ကြဘူး။ ဒါပေမဲ့ ကြွက်သားအပြည့်နဲ့ အချိုးအဆစ်ကျပြီး သန်စွမ်းတဲ့ သူ့ရဲ့ခန္ဓာကိုယ်ကိုတော့ ရုပ်ရှင်ကြည့်သူတွေ မျက်စိထဲစွဲအောင် သဘောကျသွားလို့ အဲဒီရုပ်ရှင်ကားဟာ ဝက်ဝက်ကွဲ အောင်မြင်သွားခဲ့တယ်။ အာနိုးလဲ အဲဒီရုပ်ရှင်ကားနဲ့ အကြီးအကျယ် နာမည်ကြီးသွားတယ်။

သူ့ကို နောက်ထပ်ပိုပြီး အောင်မြင်ကျော်ကြားသွားစေခဲ့တဲ့ ရုပ်ရှင်ကား ကတော့ "The Terminator" ပဲ ဖြစ်ပါတယ်။ အဲဒီကားထဲမှာ အာနိုးဟာ




ဒုတိယပိုင်း စက်ရုပ်တစ်ပိုင်းအဖြစ် အခြားဂြိုဟ်တစ်ခုက ကမ္ဘာပေါ်ကို ရောက်လာသူအဖြစ် သရုပ်ဆောင်ခဲ့တယ်။ ဇာတ်ကားတစ်ခုလုံးမှာ အာနိုးဟာ စကားလုံး ၇၄ လုံးပဲ ပြောခဲ့ရတယ်။ ပြီးတော့ စကားကို စက်ရုပ်တစ်ရုပ်ပြောသလို ပြောခဲ့ရတာပါ။ သြစတြီးယားလေသံနဲ့ သူပြောခဲ့တဲ့ "I'll be back" ဆိုတဲ့ စကားလေးကို ရုပ်ရှင်ကြည့်ပရိသတ်တွေ အရမ်းသဘောကျခဲ့ကြတယ်။

နောက်ထပ်ရိုက်ကူးတဲ့ Commando (၁၉၈၅)၊ Predator (၁၉၈၇)၊ Total Recall (၁၉၉၀) နဲ့ True Lies (၁၉၉၄) အက်ရှင် ရုပ်ရှင်ကားတွေနဲ့လဲ အာနိုးဟာ အောင်မြင်ကျော်ကြားမှုတွေ ဆက်လက်ရနေခဲ့တယ်။


နောက်ပိုင်းကျတော့ သူဟာ အက်ရှင်ကားတွေ မရိုက်တော့ဘဲ ဟာသဆန်ဆန်ကားတွေပဲ ရိုက်တာ များလာတယ်။ ၂၀၀၄ ခုနှစ်အထိ အာနိုး သရုပ်ဆောင်ခဲ့တဲ့ ဟောလီးဝုဒ်ရုပ်ရှင်ကားပေါင်း (၃၀)နီးပါး ရှိခဲ့ပြီး ကမ္ဘာကျော်ဟောလီးဝုဒ် ရုပ်ရှင်မင်းသားတစ်ယောက်လဲ ဖြစ်ခဲ့ပါတယ်။

## နိုင်ငံရေးလောက အောင်မြင်မှု

၁၉၉၀ ပြည့်နှစ်မှာ အာနိုးဟာ နိုင်ငံရေးလောကကိုဝင်ဖို့ အခွင့်အလမ်းတစ်ခု ပေါ်လာခဲ့တယ်။ အဲဒါက အဲဒီအချိန်မှာ အမေရိကန်သမ္မတဖြစ်နေတဲ့ ဂျော့ဘုရှ်က သူ့ကို အမေရိကန်လူထုကြား ခန္ဓာကိုယ်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းတွေလုပ်ဖို့ အားကစားလိုက်စားချင်လာအောင် လှုံ့ဆော်ပေးဖို့ တာဝန်တစ်ခုပေးပါတယ်။

အာနိုးလဲ အမေရိကန်နိုင်ငံတစ်ခုလုံး အနှံ့သွားပြီး ကြံ့ခိုင်သန်စွမ်းအောင် အားကစားလေ့ကျင့်ခန်းတွေလုပ်ဖို့ လူထုစိတ်ဝင်စားအောင် သရုပ်ပြပွဲ၊ ဟောပြောပွဲတွေ လုပ်တယ်။ အမေရိကန်လူထုကလဲ သူဟောပြောတာကို အရမ်းသဘောကျ အားပေးကြတယ်။ ဒါပေမဲ့ နောက်သမ္မတသက်တမ်းမှာ ဂျော့ဘုရှ် ဆက်မလုပ်လို့ အာနိုးလဲ အဲဒီတာဝန်က နားလိုက်တယ်။

နောက်ထပ် အခွင့်အလမ်းတစ်ခု ပေါ်လာပြန်တယ်။ ၂၀၀၃ ခုနှစ်မှာ သူနေထိုင်တဲ့ ကာလီဖိုးနီးယားမှာ နိုင်ငံရေးမတည်ငြိမ်မှု ဖြစ်လာတယ်။ လက်ရှိ ကာလီဖိုးနီးယားမြို့တော်ဝန် ဂရေးဒေးဗစ်ကို နိုင်ငံတော်ကချပေးတဲ့ ဘတ်ဂျက်တွေ လောက်ငအောင် မစီမံတတ်မှု၊ လျှပ်စစ်မီး မကြာခဏ ပြတ်တောက်မှု။ ကာလီဖိုးနီးယားရဲ့ စီးပွားရေး ကျဆင်းနေမှုကြောင့် လူထုက မကြိုက်တော့ဘူး။



ဂရေးဒေးဗစ်ဟာ မြို့တော်ဝန် ရာထူးကို ဒုတိယသက်တမ်းပြန်ရဖို့ မဲဆွယ်စဉ်မှာ လူထုကြိုက်တဲ့ အာနိုးကလဲ သူနဲ့ယှဉ်ပြိုင်ဖို့ မဲဆွယ်စည်းရုံးပါတယ်။ နောက်ဆုံး မြို့တော်ဝန် ရွေးကောက်ပွဲမှာ အာနိုးဟာ မဲဆန္ဒရှင် ၄၈.၆ ရာခိုင်နှုန်းနဲ့ မဲအပြတ်အသတ်နိုင်ပြီး ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့မှာ ကာလီဖိုးနီးယား မြို့တော်ဝန် ဖြစ်လာခဲ့တယ်။ ၂၀၀၆ ခုနှစ်မှာ မြို့တော်ဝန်အဖြစ် ဒုတိယအကြိမ် ရွေးခံခဲ့ရပြန်တယ်။

ကာယဗလ၊ ရုပ်ရှင်နဲ့ နိုင်ငံရေးလောက အားလုံးမှာ အောင်မြင်မှုတွေရခဲ့တဲ့ အာနိုးဟာ အခု အသက် ၆၈ နှစ်ရှိပြီး ဇနီးသယ် မာရီယာရှရီဗာရယ် သားသမီး ၄ ယောက်နဲ့အတူ ကာလီဖိုးနီးယားမှာ နေထိုင်လျက်ရှိပြီး တခါတလေ ရုပ်ရှင်ကားတချို့မှာ ပါဝင်သရုပ်ဆောင်နေပါသေးတယ်။

အာနိုးရဲ့ လူငယ်တွေကို ပြောလေ့ရှိတဲ့ အမှာစကားတစ်ခွန်းကတော့ “လောကကြီးမှာ မဖြစ်နိုင်တာ ဘာမှမရှိပါဘူး။ ပြင်းပြတဲ့ လိုချင်ဆန္ဒရှိဖို့နဲ့ အဲဒီဆန္ဒကို မဖြစ်ဖြစ်အောင် ကြိုးစားဖို့ပဲ လိုပါတယ်” တဲ့။

❑

# "ပစ်တာဗရင်ကဲလ်"




လူတွေဟာ ဆိုးရွားလှတဲ့ ဒုက္ခဆင်းရဲ အခက်အခဲတွေနဲ့ ကြုံတွေ့ရင် "ငါ့ကံက ဆိုးလိုက်တာ။ ငါ့မှာ တခြားရွေးစရာလမ်းလဲ မရှိတော့ဘူး" လို့ ပြောတတ်ကြတယ်။ အဲဒီတော့ လောကကြီးကို လက်မြှောက်အရှုံးပေးပြီး လူ့လောကထဲက ထွက်ခွာသွားဖို့ စိတ်ကူးတတ်ကြတယ်။ သင့်မှာ အဲဒီလိုစိတ်ကူးမျိုးဖြစ်နေရင် အောက်မှာ ရေးထားတာလေးကို ဖတ်ကြည့်လိုက်ပါ။

၁၉၄၂ ခုနှစ်မှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတော့ ဂျာမနီ နာဇီစစ်တပ်ဟာ အိမ်နီးချင်း သြစတီးယားနိုင်ငံကို ဝင်သိမ်းလိုက်တယ်။ အဲဒီနိုင်ငံမှာရှိတဲ့ ဂျူးလူမျိုးတွေကို ဂျာမန်စစ်သားတွေက ဖမ်းပြီး ပစ္စည်းတွေကို သိမ်းယူတယ်။ ပြီးတော့ ဂျူးတွေကို ဂျာမန်စစ်တပ်က သိမ်းပိုက်ထားတဲ့ ဥရောပနိုင်ငံတွေက အကျဉ်းစခန်းတွေကို ရထားတွေနဲ့ ပို့ပစ်တယ်။ အဲဒီမှာ အလုပ်ကြမ်းတွေလုပ်ခိုင်းတယ်။ အလုပ်မလုပ်နိုင်သူတွေကို သတ်ပစ်ကြတယ်။

သြစတီးယားနိုင်ငံမှာ နေထိုင်နေတဲ့ ဂျူးလူမျိုး စိတ်ရောဂါကုဆရာဝန် ပစ်တာဗရင်ကဲလ် (Viktor Frankl) ဟာလဲ သူ့မိသားစုနဲ့အတူ ဂျာမန်စစ်သားတွေရဲ့ ဖမ်းဆီးတာခံရပြီး ဥရောပတိုက်က အကျဉ်းစခန်းတွေကို တစ်ခုပြီးတစ်ခု ပြောင်းရွှေ့အပို့ခံရတယ်။ နောက်ဆုံး သူနဲ့ သူ့မိသားစု အပို့ခံရတဲ့ အကျဉ်းစခန်းကတော့ ဂျာမန်တွေ သိမ်းပိုက်ထားတဲ့ ပိုလန်နိုင်ငံက အော့စဝစ်ချ် အကျဉ်းစခန်း (Auschwitz Concentration Camp) ပါ။

အော့စဝစ်ချ် အကျဉ်းစခန်းဆိုတာ ဒုတိယကမ္ဘာစစ်ကြီးတုံးက ဂျာမန်စစ်သားတွေရဲ့ နှိပ်စက်ညှင်းပန်းဆုံး အရက်စက်ဆုံး အကျဉ်းထောင်တစ်ခုလို့ နာမည်ဆိုးနဲ့ ကျော်ကြားနေတဲ့ အကျဉ်းထောင်တစ်ခုပါ။ အဲဒီအကျဉ်းစခန်းမှာ အလုပ်လုပ်နိုင်တဲ့ ဂျူးလူမျိုး ယောကျ်ားတွေနဲ့ မိန်းမတွေကို မသေရုံပဲ အစာကျွေးပြီး အလုပ်ကြမ်းတွေကို တစ်နေကုန် မနားတမ်း လုပ်ခိုင်းတယ်။ အလုပ်မလုပ်နိုင်တော့ရင် သေနတ်နဲ့ ပစ်သတ်လိုက်တယ်။ အသက်ကြီးတဲ့ ဂျူးအဖိုးကြီး အဖွားကြီးတွေကို ခန်းမကျယ်ကြီးထဲကို နွားတွေလို မောင်းသွင်းပြီး အဆိပ်ဓာတ်ငွေ့လွှတ် သတ်ပစ်တယ်။ ဂျူးကလေးငယ်တွေကိုတော့ ဂျာမန်ဆရာဝန်တွေက မေ့ဆေးမပါ အရှင်လတ်လတ် ဖြတ်တောက်ကြတယ်။ အတွင်းကလီစာတွေကို ထုတ်ယူကြတယ်။ ဆေးသုတေသနလုပ်ဖို့ပါ။ ဒုတိယကမ္ဘာစစ်ကြီး ပြီးတဲ့အခါ အဲဒီအကျဉ်းစခန်းမှာ ဂျူးလူမျိုးစုစုပေါင်း တစ်သန်းနီးပါး အသက်ဆုံးရှုံးခဲ့ရပါတယ်။

ဇစ်တာနဲ့ မိသားစုတို့ဟာ အော့စဝစ်ချ် အကျဉ်းစခန်းရောက်ပြီး မကြာခင်မှာပဲ ဇစ်တာရဲ့အမေဟာ ခန်းမကြီးထဲမှာ အဆိပ်ဓာတ်ငွေ့လွှတ်ပြီး အသတ်ခံလိုက်ရတယ်။ သူ့မိန်းမကျတော့ အလုပ်ကြမ်းလုပ်ရတဲ့ဒဏ်ကြောင့် ဖျားနာပြီး သေဆုံးသွားရပြန်တယ်။ ဇစ်တာ့အကိုကလဲ အကျဉ်းစခန်းနားက ကျောက်မိုင်းတစ်ခုမှာ အလုပ်ကြမ်းလုပ်ရင်း ဂျာမန်စစ်သားတွေရဲ့ သေနတ်နဲ့ ပစ်ခတ်သတ်ဖြတ်တာ ခံလိုက်ရပြန်တယ်။ သူ့ညီမတစ်ယောက်သာ အကျဉ်းစခန်းမှာ အသက်မသေဘဲ စစ်ကြီးပြီးတော့ ပြန်လွတ်လာခဲ့တယ်။

ကဲ ... အခု ဇစ်တာနေရာမှာ ဝင်ပြီး ခံစားကြည့်ကြရအောင်။ သူ့မိသားစုလဲ သေကုန်ပြီ။ သူချစ်ရတဲ့ မိန်းမလဲ မရှိတော့ဘူး။ သူကိုယ်တိုင်လဲ အကျဉ်းစခန်းထဲမှာ နေ့စဉ် ညှင်းပန်းအနှိပ်စက်ခံနေရတယ်။ အလွှန်အေးခဲလှတဲ့ ပိုလန်ဆောင်းတွင်းကြီးမှာ သူဟာ အဝတ်မပါ စောင်မရှိဘဲ ကွန်ကရစ်အခန်းထဲမှာ ပိတ်လှောင်ခံနေရတယ်။ သူ့တကိုယ်လုံးလဲ ဂျာမန်စစ်သားတွေက သေနတ်ဒင်တွေနဲ့ဆောင့်ပြီး ထုထောင်းထားလို့ လက်မောင်းကျိုးပြီး သွေးသံတရဲရဲနဲ့။ ဒီလို ခံစားနေရတာ တစ်ရက်ထဲမဟုတ်ဘူး။ နေ့စဉ်ရက်ဆက် လနဲ့ချီနေပြီး အနှိပ်စက်ခံနေရတယ်။ ဒါကြောင့် ဇစ်တာဟာ မထူးတော့ဘူးကွာ ဆိုပြီး လောကကြီးကို လက်မြှောက်အရှုံးပေးပြီး သူ့ကိုယ်သူ သတ်သေဖို့ စိတ်ကူးတယ်။

တစ်နေ့ ဒဏ်ရာကြောင့် နာကျင်ကိုက်ခဲတဲ့ဝေဒနာနဲ့ ကြမ်းပေါ်မှာ

လဲလျောင်းနေတုံး သူ့ခေါင်းထဲမှာ အတွေးမေးခွန်းတစ်ခု ပေါ်လာတယ်။ အခု ခံစားနေရတဲ့ ဒုက္ခတွေကနေ လွတ်မြောက်ဖို့ တခြားနည်းလမ်း သူ့မှာ မရှိတော့ဘူးလားပေါ့။ အဲဒီမှာ ဗစ်တာဟာ အဖြေတစ်ခု သွားတွေ့လိုက်တယ်။ "ဟုတ်တယ်၊ ခန္ဓာကိုယ်အရတော့ ငါ့မှာ ရွေးစရာလမ်းမရှိဘူး။ ဂျာမန်တွေ နှိပ်စက်သမျှ ခေါင်းငုံ့ခံနေရုံပဲ။ သူတို့ကို ပြန်ချဖို့ လက်နက်လဲမရှိ မတ်တတ်ရပ်ဖို့တောင် ခွန်အားမရှိဘူး။ ဒါပေမဲ့ ငါ့မှာ ရွေးစရာလမ်းတစ်ခုတော့ ရှိတယ်။ အဲဒါက ငါ့ရဲ့စိတ်လွတ်လပ်မှုပဲ။ ငါ့စိတ်ကို ငါပိုင်တယ်။ ငါ့စိတ်ကို သူတို့ လုယူလို့မရဘူး။ ငါ့ခန္ဓာကိုယ်ကိုသာ သူတို့ နှိပ်စက်လို့ရမယ်။ ငါ့စိတ်ကို သူတို့ နှိပ်စက်ဖို့နေနေသာသာ ထိတောင် ထိလို့မရဘူး"


အဲဒီအဖြေကို တွေ့သွားပြီးကတည်းက ဗစ်တာဟာ သူ့ကို ဂျာမန်စစ်သားတွေ ထုံးစံအတိုင်း ထိုးကြိတ်ရိုက်နှက် နှိပ်စက်နေပေမဲ့ သူ့စိတ်ကို တခြားအာရုံပြုထားတယ်။ ညအချိန်ရောက်လို့ တစ်ကိုယ်လုံး နာကျင်နေရင် သူ့မိသားစုနဲ့နေခဲ့တဲ့ အတိတ်အကြောင်းလေးတွေ ပြန်စဉ်းစားပြီး ပျော်နေတယ်။ နေ့ခင်းပိုင်းကျတော့ အကျဉ်းစခန်းထဲမှာ ဂျာမန်စစ်သားတွေ နှိပ်စက်ညှင်းပန်းတာတွေ၊ ဂျူးအကျဉ်းသားတွေရဲ့ ခံစားချက်ပြောပြတာတွေကို နောင်တချိန် စာအုပ်ရေးဖို့ ခေါင်းထဲမှာ မှတ်ထားတယ်။ ဒီလိုနဲ့ ဗစ်တာဟာ ခန္ဓာကိုယ်သာ အနှိပ်စက် ခံနေရပေမဲ့ စိတ်ကတော့ ချမ်းသာနေတယ်။



အော့စဝစ်ချ် အကျဉ်းစခန်းမှာ ဗစ်တာဟာ ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့ ၁၉၄၅ ခုနှစ်အထိ သုံးနှစ်နေခဲ့ရတယ်။ အကျဉ်းစခန်းက လွတ်မြောက်တော့ သူ့နိုင်ငံ ဩစတီးယားကို ပြန်သွားတယ်။ အကျဉ်းစခန်းအတွေ့အကြုံတွေကို ဟောပြောပွဲလုပ်ရင်း တဖြည်းဖြည်း သူ့ကို လူသိများလာတယ်။

၁၉၉၅ ခုနှစ်မှာ Man's Search for Meaning ဆိုတဲ့ စာအုပ်ကို ရေးသား ထုတ်ဝေတယ်။ အဲဒီစာအုပ်ဟာ အော့စဝစ်ချ် အကျဉ်းစခန်းမှာ ဂျူးတွေ အသက်ရှင်ရပ်တည်ဖို့ ကြိုးစားကြပုံ၊ နောက်ပြီး သူ အသုံးချခဲ့တဲ့ လူမှာ ရွေးစရာ

ရှိတယ်။ လူ့စိတ်ကို ဘယ်သူမှ ထိန်းချုပ်လို့ မရဘူးဆိုတဲ့ အတွေးအခေါ် အသစ်အဆန်း တွေကြောင့် အဲဒီစာအုပ်ဟာ ယနေ့ထိ ကမ္ဘာမှာ အုပ်ရေ သန်းပေါင်းများစွာ ရောင်း နေရတယ်။




ဗစ်တာဖရင်ကဲလ်ဟာ ၁၉၉၇ ခုနှစ် အသက် ၉၂ နှစ်အရွယ်မှာ ကွယ်လွန်သွားခဲ့ပါတယ်။

ဒုက္ခဆင်းရဲတွေကြောင့် ရွေးချယ်စရာလမ်းမရှိတော့လို့ လောကကြီးကို လက်မြှောက်အရှုံးပေးချင်စိတ်ပေါ်လာရင် သူ့အကြောင်း သတိရပြီး အားတင်း လိုက်စမ်းပါ။

❑




အိန္ဒိယနိုင်ငံမှာ ဆင်းရဲသားတွေ၊ သူတောင်းစားတွေ၊ ကိုယ်ရေပြား ရောဂါသည်တွေ၊ မိဘမဲ့ကလေးတွေ သိန်းပေါင်းများစွာကို ပြုစုစောင့်ရှောက်ပေးခဲ့တဲ့ မာသာထရေဇား (Mother Teresa) ဆိုတာ ကြားဖူးကြမှာပါ။ Mother ဆိုတာက ခရစ်ယာန် မယ်သီလရှင်ကို နာမည်ရှေ့မှာ တပ်ခေါ်တာပါ။ မေတ္တာတရားကြီးမားစွာ လူမှုရေးလုပ်ငန်း ဆောင်ရွက်ချက်တွေကြောင့် သူဟာ အတုယူစရာမို့ ရေးပြပေးလိုက်ပါတယ်။

မာသာထရေဇားကို ဥရောပတိုက်ရဲ့ မက်ဆီဒိုးနီးယားနိုင်ငံက စကော့ဂျေမြို့လေးမှာ ၁၉၁၀ ပြည့်နှစ် ဩဂုတ်လ ၂၆ ရက်နေ့မှာ မွေးဖွားခဲ့ပါတယ်။ မွေးချင်း ၃ ယောက်မှာ အငယ်ဆုံးပါ။ သူမရဲ့ ငယ်စဉ်ဘဝကတော့ သိပ်ထူးထူးခြားခြား မရှိလှပါဘူး။

ခရစ်ယာန်ဘာသာဝင် မိဘနှစ်ပါးက မွေးဖွားခဲ့လို့ သူလည်း ခရစ်ယာန် ဘာသာဝင် ဖြစ်လာခဲ့တယ်။ အသက် ၁၈ နှစ်ကျော်အရွယ် ၁၉၂၈ ခုနှစ်မှာ အိုင်ယာလန်နိုင်ငံက ဒပ်ဗလင်မြို့မှာ ခရစ်ယာန်သီလရှင်သင်တန်းကျောင်းကို သူ သွားတက်ပါတယ်။ သင်တန်းစတက်လို့ ၂ လအကြာမှာ အိန္ဒိယနိုင်ငံကို လေ့လာဖို့ စေလွှတ်ခံရတယ်။

အိန္ဒိယနိုင်ငံကိုရောက်တော့ ကာလကတ္တားမြို့က လူချမ်းသာ သားသမီးတွေတက်တဲ့ အထက်တန်းကျောင်းတစ်ခုမှာ သမိုင်းနဲ့ ပထဝီဘာသာသင် ပေးတဲ့ ကျောင်းဆရာမအဖြစ် တာဝန်ထမ်းဆောင်ရပါတယ်။ မကြာခင်မှာပဲ



အဲဒီကျောင်းရဲ့ ကျောင်းအုပ်ဆရာမကြီး ဖြစ်လာခဲ့တယ်။

ကာလကတ္တားမြို့ပေါ်မှာ သွားရင်းလာရင်း များပြားလှတဲ့ ဆင်းရဲသားတွေ၊ သူတောင်းစားတွေ၊ ရောဂါဖြစ်ပြီး သေခါနီးဆဲဆဲလူတွေ၊ မိဘမဲ့ကလေးတွေကို လမ်းဘေးမှာ နေ့စဉ် မြင်တွေ့နေရတော့ သူတို့ကို ကူညီချင်စိတ်တွေ သူ့မှာ တဖွားဖွား ဖြစ်ပေါ်လာခဲ့တယ်။


ဒါကြောင့် မာသာထရေဇားဟာ သီလရှင်ဝတ်ဘဝကနေ နှုတ်ထွက်ခွင့်တောင်းတယ်။ နှုတ်ထွက်ခွင့်ရပြီးတာနဲ့ မကြာခင်မှာပဲ "Missionaries of Charity" လူမှုဝန်ထမ်းကူညီရေးအဖွဲ့ကို ထူထောင်လိုက်တယ်။ ဒီအဖွဲ့ရဲ့ ရည်ရွယ်ချက်က ဆင်းရဲသား သေခါနီးလူနာတွေနဲ့ မိဘမဲ့ကလေးတွေကို ကူညီစောင့်ရှောက်ပေးဖို့ပါ။

မာသာထရေဇားဟာ အဲဒီအဖွဲ့ကိုသာ ဖွဲ့လိုက်တယ်။ အဖွဲ့သားတစ်ယောက်မှ မရှိဘူး။ အဖွဲ့ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်ဆိုတာ သူတစ်ယောက်ထဲပါ။ သူ့လက်ထဲမှာ အိန္ဒိယရူပီငွေ ၅ ကျပ် (မြန်မာငွေ ၅ ကျပ်) ပဲ ရှိပါတယ်။ အဖွဲ့အလုပ်မစရသေးခင် အရေးပေါ် သူနာပြုစုနည်းသင်တန်း သွားတက်လိုက်ရသေးတယ်။

ပထမဆုံးလုပ်တာက လမ်းပေါ်က မိဘမဲ့ကလေးတွေကို သူခေါ်လာပြီး စာသင်ပေးတယ်။ စာသင်ပေးတယ်ဆိုပေမဲ့ စာသင်ခန်းလဲမရှိ၊ ကလေးတွေစာရေးဖို့ စားပွဲ၊ ထိုင်စရာခုံလဲ မရှိ၊ သင်ပုန်းကြီးလဲ မရှိ၊ စာရေးစရာ စက္ကူလဲ မရှိ၊ ဘာမှကို မရှိပါဘူး။ ဘယ်လိုစာသင်သလဲဆိုတော့ သစ်ပင်ကြီးကြီးတစ်ပင်ရဲ့ အရိပ်အောက်မှာ တုတ်တစ်ချောင်းနဲ့ မြေကြီးပေါ်မှာ ရေးခြစ်ပြီး သူ စာသင်ပေးတယ်။

စာသင်နေတာကို မြင်တွေ့တဲ့လူတွေက သူ့ကိုသနားပြီး တတ်နိုင်သမျှ ငွေကြေး၊ အစားအသောက်နဲ့ စာရေးကိရိယာလေးတွေ ပေးကမ်းထောက်ပံ့လာကြတယ်။ အရင်က စာသင်ပေးခဲ့တဲ့ အထက်တန်းကျောင်းက တပည့်မလေးတွေကလဲ သူ့ကို လာရောက်ကူညီပြီး စာသင်ပေးကြတယ်။

မာသာထရေဇားဟာ ၁၉၄၈ ခုနှစ်မှာ အိန္ဒိယနိုင်ငံသားအဖြစ် ခံယူလိုက်တယ်။ ၁၉၅၂ ခုနှစ်မှာ လက်ထဲမှာရှိတဲ့ ငွေလေးနဲ့ ဟိန္ဒူဘုရားရှိခိုးကျောင်းပျက်တစ်ခုကို သူဝယ်ယူလိုက်ပြီး လမ်းဘေးမှာတွေ့တဲ့ သေခါနီး လူနာတွေကို ခေါ်လာပြီး ထားလိုက်တယ်။ လူနာတွေကို ကုသဖို့ ဆေးလဲမရှိ၊ ဆေးဝယ် စရာ ပိုက်ဆံလဲ မရှိဘူး။ သူတတ်နိုင်တာက သူတို့ကို ရေချိုး၊ အဝတ်အစား သန့်သန့်လေး လဲပေးလိုက်ပြီး အသေဖြောင့်အောင် အနားမှာနေပြီး နောက်ဆုံးအနေနဲ့ အားပေးစကားလေး ပြောပေးတယ်။ နောက်တော့ အဲဒီနေရာကို ကိုယ်ရေပြားရောဂါသည်တွေကို နေဖို့လုပ်ပေးတယ်။ ကလေးတွေအတွက်လည်း တဲပျက်လေးတစ်ခုကို ပိုက်ဆံပေးငှားပြီး စာသင်ခန်းအဖြစ် လုပ်လိုက်တယ်။



တဖြည်းဖြည်းနဲ့ သူ့ရဲ့ လုပ်ဆောင်ချက် သတင်းတွေဟာ အိန္ဒိယနိုင်ငံသာမက တခြားနိုင်ငံတွေကိုပါ ပြန့်နှံ့သွားတယ်။ နိုင်ငံတကာက ကူညီတဲ့ ငွေကြေးအထောက်အပံ့ အလှူငွေတွေ ရလာတာကြောင့် မာသာထရေဇားဟာ ဝန်ထမ်းတွေ ငှားပြီး လူမှုရေးလုပ်ငန်းတွေကို တိုးချဲ့လုပ်လာခဲ့တယ်။

မာသာထရေဇားရဲ့ လူမှုရေးလုပ်ငန်းတွေကို ၁၉၆၀ ပြည့်နှစ်ကျမှ ကမ္ဘာက သိလာကြတာပါ။ အိန္ဒိယနိုင်ငံကို အလည်လာတဲ့ အမေရိကန်နိုင်ငံ နာမည်ကြီး စာရေးဆရာမတစ်ယောက်က မာသာထရေဇားရဲ့ လုပ်ဆောင်ချက်တွေကို တွေ့မြင်သွားပြီး အမေရိကန် နာမည်ကျော် မဂ္ဂဇင်းနဲ့ သတင်းစာတွေမှာ အဲဒီအကြောင်း ဆောင်းပါးတွေ ရေးလိုက်လို့ လူတွေသိလာကြတယ်။

၁၉၆၄ ခုနှစ်တုန်းက ခရစ်ယာန် ပုတ်ရဟန်းမင်းကြီးဟာ အိန္ဒိယနိုင်ငံကို ရောက်လာရင်း မာသာထရေဇားရဲ့အဖွဲ့တွေ လုပ်နေကြတာကို လိုက်ကြည့်တယ်။ မာသာထရေဇားတစ်ယောက် ဆင်းရဲသားတွေနဲ့ လူနာတွေကြား ဟိုပြေးဒီလွှား

လုပ်ပြီး ကူညီနေတာကို မြင်တွေ့သွားတဲ့ ပုတ်ရဟန်းမင်းကြီးဟာ သူစီးနေတဲ့ အင်မတန် တန်ဖိုးကြီးတဲ့ ဇိမ်ခံ လင်ကွန်းကားကြီးကို သူစီးဖို့ ပေးခဲ့တယ်။ သူ ဘာလုပ်သလဲ။ ကားပေါ် တစ်ချက် ထိုင်မကြည့်ဘဲ နောက်တစ်ရက်မှာ အဲဒီကားကြီးကို သူဌေးတစ်ယောက်ကို ရောင်းပစ်လိုက်တယ်။ အဲဒီကား ရောင်းရငွေနဲ့ ကိုယ်ရေပြား ရောဂါသည်တွေကို ဆေးကုသဖို့ ဆေးရုံတစ်ခု ဆောက်လိုက်တယ်။





၁၉၇၉ ခုနှစ်မှာ မာသာထရေဇာဟာ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆုကြီး ချီးမြှင့်ခံရတယ်။ နိုဘယ်ဆုချီးမြှင့်တဲ့ အခမ်းအနားကို သူ မတက်ခဲ့ပါဘူး။ သူနေတဲ့ အိန္ဒိယနိုင်ငံကနေ နိုဘယ်ဆုချီးမြှင့်ပွဲ အခမ်းအနားလုပ်တဲ့ နော်ဝေးနိုင်ငံ အော်စလိုမြို့ကိုသွားမဲ့ လေယာဉ်အသွားအပြန်စရိတ်၊ အဲဒီမြို့မှာ ဟိုတည်တည်းခိုစရိတ် အခမ်းအနား တက်ရောက်သူတွေကို ညစာနဲ့ ကျွေးမွေးဧည့်ခံစရိတ် စတဲ့ ကုန်ကျငွေစုစုပေါင်း ဒေါ်လာ (၇,၀၀၀) ကို နိုဘယ်ဆုချီးမြှင့်တဲ့ အဖွဲ့ကနေ တောင်းယူလိုက်ပြီး ဆင်းရဲသားတွေကို လှူလိုက်ပါတယ်။ ထိုငွေတွေဟာ အိန္ဒိယဆင်းရဲသားပေါင်း (၄၀၀) ကို တစ်နှစ်စာ အစားကျွေးနိုင်ခဲ့တယ်လို့ နောင်တစ်ချိန်မှာ သူ ပြန်ပြောပြပါတယ်။ နောက်ပြီး နိုဘယ်ဆုတံဆိပ်နဲ့အတူ ချီးမြှင့်ခံရတဲ့ ငွေသား အမေရိကန်ဒေါ်လာ (၁၉၄,၀၀၀) ကိုလဲ တစ်ပြားတစ်ချပ်မှ သူ မသုံးဘဲ ဆင်းရဲသားတွေကို ကူညီဖို့ စုထားတဲ့ ရန်ပုံငွေထဲ ထည့်ထားလိုက်တယ်။

မာသာထရေဇာတစ်ယောက်ထည်းနဲ့ စခဲ့တဲ့ Missionaries of Charity အဖွဲ့ဟာ ၂၀၁၃ ခုနှစ်မှာ အဖွဲ့ခွဲပေါင်း ၇၀၀ ကျော်ကို နိုင်ငံပေါင်း ၁၃၀ မှာ ဖွင့်လှစ်ထားရှိပြီး အဲဒီနိုင်ငံတွေက မိဘမဲ့ကလေးတွေကို နေစရာပေးပြီး ပညာ

သင်ပေးတယ်။ ဆင်းရဲသားတွေ၊ ကိုယ်ခံအားကျ AIDS ရောဂါသည်တွေကို စောင့်ရှောက်ကူညီပေးတယ်။

မာသာထရေဇာဟာ အသက် ၈၇ နှစ်အရွယ် ၁၉၉၇ ခုနှစ်မှာ အိန္ဒိယ နိုင်ငံ ကာလကတ္တားမြို့လေးမှာပဲ ကွယ်လွန်သွားခဲ့တယ်။ ကွယ်လွန်ချိန်အထိ ၁၈ နှစ်သမီးကတည်းက ခွဲခွာခဲ့တဲ့ သူ့မိသားစုနဲ့ တစ်ချက်လေးမှ မတွေ့ခဲ့ရတော့ဘူး။ သူ့ရဲ့ ဈာပနအခမ်းအနားကို နိုင်ငံတကာက ခေါင်းဆောင်တွေ တက်ရောက်ခဲ့ကြတယ်။ အိန္ဒိယနိုင်ငံသားတွေလဲ သိန်းချီပြီး သူ့ရဲ့ရုပ်ကလာပ်ကို နောက်ဆုံးအကြိမ် အဖြစ် နှုတ်ဆက် ဂါရဝပြုခဲ့ကြတယ်။ ဒီကြီးကျယ်တဲ့အခမ်းအနားကို တီဗွီကနေ တိုက်ရိုက်ထုတ်လွှင့်တာကို လူပေါင်း သန်းချီကြည့်ကြသလို ဆင်းရဲသားတွေ ကလဲ သူမကို လွမ်းဆွတ်ငိုကြွေးကြတယ်။

အမှန်ကတော့ မာသာထရေဇာဟာ သူ မကွယ်လွန်ခင် အနှစ် ၂၀ လောက်ကတည်းက ကျန်းမာရေး မကောင်းလှပါဘူး။ ဒါပေမဲ့ ကမ္ဘာအနှံ့မှာ ရှိနေတဲ့ သူ့ရဲ့ အဖွဲ့ဝင်တွေဆီကို အမြဲသွားရောက် ကြီးကြပ် စီမံခန့်ခွဲပေးနေခဲ့ ပါတယ်။

မာသာထရေဇာဟာ အရပ် ၅ ပေသာရှိပြီး လူကလဲ သေးသေးပုပု လေးပါ။ လူသာသေးတယ်၊ စိတ်ဓာတ်က မာကြောကြံ့ခိုင်လို့ သာမန်လူတွေ စိတ်ကူးထဲတောင် မထည့်ရဲတဲ့ ကြီးမားလှတဲ့ လူမှုရေးလုပ်ငန်းကြီးကို မေတ္တာစိတ် အပြည့်နဲ့ ကူညီပေးခဲ့တဲ့ သူလိုလူမျိုး တစ်ခေတ်မှာ တစ်ယောက်ပဲရှိမယ်လို့ ပြောရမှာပါ။

❑

# “အော်ပရာဝင်းဖရီး”



**စကားပြောနှင့် ချမ်းသာလာသည့်**
**အမေရိကန်**
**လူမည်းအမျိုးသမီး**

၂၀ ရာစုနှစ်မှာ အမေရိကန်နိုင်ငံက အမျိုးသမီးတွေထဲမှာ အချမ်းသာဆုံးအမျိုးသမီးဟာ အော်ပရာဝင်းဖရီး (Oprah Winfrey) ပါ။ တကယ်တော့ သူမဟာ အင်မတန်ဆင်းရဲတဲ့ မိသားစုက မွေးလာခဲ့ပြီး စကားပြောကောင်းလို့ ချမ်းသာလာတယ်လို့ပြောရင် မယုံချင်စရာပါ။ သူမရဲ့ဘဝမှာ သနားစရာတွေ၊ အားကျစရာတွေနဲ့ ပြည့်လျှမ်းနေတာမို့ ဒီအကြောင်းလေး ဖတ်ကြည့်ကြပါအုံး။

အော်ပရာကို ၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့က မြီးကောင်ပေါက် အရွယ် ကောင်မလေးတစ်ယောက်က အဖေမပေါ်ဘဲ မွေးခဲ့ပါတယ်။ သူမကို မွေးပြီး သိပ်မကြာခင်မှာပဲ အမေဖြစ်သူဟာ အော်ပရာကို အဖွားနဲ့ထားခဲ့ပြီး အိမ်ကထွက်သွားပါတယ်။

ဆင်းရဲတဲ့အဖွားဆီမှာနေရတဲ့ အော်ပရာရဲ့ဘဝဟာ သာသာယာယာ မရှိလှပါဘူး။ သူမမှာ ကစားဖော် ကလေးသူငယ်မရှိလို့ အိမ်မှာမွေးထားတဲ့ ကြက်၊ ဝက်၊ ခွေး စတဲ့ တိရစ္ဆာန်တွေနဲ့ပဲ ဆော့ကစားရတယ်။ အဲဒီ အိမ်မွေးတိရစ္ဆာန်လေးတွေနဲ့ ကစားရင်း သူမစိတ်ကူးယဉ်တာလေးတွေကို စကားပြောပြီး သရုပ်ဆောင်လုပ်လေ့ရှိတယ်။ အဲဒါကြောင့် သူမဟာ ငယ်ငယ်လေးကတည်းက စကားပြောတာနဲ့ သရုပ်ဆောင်တာကို ဝါသနာပါလာခဲ့တယ်။

အော်ပရာဟာ ၃ နှစ်မပြည့်ခင်မှာပဲ ခရစ်ယာန် ဘုရားရှိခိုးကျောင်းမှာ ကဗျာလေးတွေ ရွတ်ဆိုပြတယ်။ ခရစ်ယာန် ကျမ်းစာအုပ်ထဲက ကျမ်းပိုဒ်တွေ

ဆိုပြတယ်။ သူမရဲ့ အရွယ်နဲ့မလိုက်အောင် တော်လွန်းလို့ လူကြီးတွေက ဒီကလေးမလေးမှာ ပါရမီအခံရှိတယ်။ နောက်ပြီး "The Little Speaker" (တရားဟောသူ သေးသေးလေး) လို့ ချစ်စနိုးနဲ့ စကြ ကျီစယ်ကြတယ်။

အဖွားဖြစ်သူရဲ့ သင်ပြပေးမှုကြောင့် အော်ပရာဟာ ၃ နှစ်သမီးအရွယ်လေးမှာပဲ စာတွေ ရေးတတ် ဖတ်တတ်နေပြီ။ ကျောင်းတက်တော့လဲ သူမရဲ့ စာထူးချွန်မှုကြောင့် မကြာခဏ အတန်းတင်ပေးခြင်း ခံရတယ်။

သူမ အသက် ၆ နှစ်ရောက်တော့ သူ့အမေဆီမှာ သွားနေတယ်။ သူမရဲ့အမေဟာ တစ်အိမ်ဝင် တစ်အိမ်ထွက်ပြီး အိမ်မှုကိစ္စတွေလုပ်ပေးရင်း ပိုက်ဆံရှာရလို့ အော်ပရာကို ဂရုစိုက်ချိန်မရဘူး။

အော်ပရာ အသက် ၉ နှစ်အရွယ်မှာ သူ့အမေက သူ့ကို စောင့်ကြည့်ထိန်းဖို့ အိမ်မှာ ခဏခေါ်ထားတဲ့ အသက် ၁၉ နှစ်အရွယ် အစ်ကိုဝမ်းကွဲ တစ်ယောက်ရဲ့ လိင်မှုဆိုင်ရာ အနိုင်ကျင့်စော်ကားတာ ခံလိုက်ရတယ်။ ဒ့ါအပြင် အော်ပရာဟာ သူ့အမေရဲ့ သူငယ်ချင်း ယောက်ျားတစ်ယောက်၊ သူ့အမေရဲ့ ရည်းစား၊ သူ့အမေရဲ့မောင် စတဲ့ ယောက်ျားတွေရဲ့အနိုင်ကျင့် စော်ကားတာတွေကို အကြိမ်ကြိမ် ခံခဲ့ရတယ်။ တခြားလူတွေကို ပြန်ပြောရင် သတ်ပစ်မယ်လို့ ခြိမ်းခြောက်ခံထားရလို့ အော်ပရာဟာ ငယ်ရွယ်သူပီပီ ကြောက်ပြီး ဒီစော်ကားမှုတွေကို အမေကိုတောင် မပြောရဲဘဲ တစ်ယောက်ထဲ ကြိတ်မှိတ်ခံစားခဲ့ရတယ်။

သူမ အသက် ၁၃ နှစ်မှာ အိမ်က ထွက်ပြေးတယ်။ အသက် ၁၄ နှစ်မှာ ကိုယ်ဝန်ရတယ်။ မွေးတဲ့ကလေးဟာ မွေးပြီးပြီးချင်းပဲ သေဆုံးသွားတယ်။ ကလေးဆုံးသွားလို့ စိတ်ထိခိုက်နေတဲ့ အော်ပရာဟာ သူ့ဘဝ တိုးတက်ပြောင်းလဲဖို့ အခွင့်အလမ်းတစ်ခု ပေါ်လာခဲ့တယ်။

အဲဒါက သူမရဲ့အမေက သူမကို အဖေဆီမှာ သွားနေခိုင်းလိုက်တယ်။ သူမရဲ့အဖေဟာ အော်ပရာကို စည်းနဲ့ကမ်းနဲ့ နေခိုင်းပြီး ပညာတတ်တစ်ယောက်ဖြစ်အောင် အထက်တန်းကျောင်း ကောင်းကောင်းတစ်ခုမှာ ထားပေးတယ်။

ကျောင်းသူဘဝမှာ အော်ပရာဟာ သူမကြီးလာရင် ဘာဖြစ်စေချင်တယ်ဆိုတာကို ရေရေရာရာ မသိသေးပေမဲ့ စကားပြောရတာနဲ့ သရုပ်ဆောင်အမူအယာလုပ်တာကို စိတ်ဝင်စားခဲ့တယ်။ ကျောင်းမှာ စာတော်ပြီး ပေါင်းသင်းဆက်ဆံရေးလဲကောင်းလို့ ကျောင်းရဲ့ ကျောင်းသားရေးရာဥက္ကဋ္ဌအဖြစ် သူမကို တင်မြှောက်ခဲ့တယ်။

အထက်တန်းကျောင်း နောက်ဆုံးနှစ်မှာ အော်ပရာနဲ့ ကျောင်းသူကျောင်းသားတွေဟာ ပြဇာတ်တစ်ခု ကပြဖို့အတွက် အစမ်းလေ့ကျင့်နေကြတယ်။ အဲဒီ အချိန်မှာ ကျောင်းမှာရောက်နေတဲ့ မြို့ရဲ့ ရေဒီယိုအသံလွှင့်ဌာနအရာရှိတစ်ဦးဟာ အော်ပရာရဲ့ စကားပြောကို သဘောကျလို့ သူတို့ရေဒီယိုလေလှိုင်းမှာ စကားပြောပေးဖို့ ကမ်းလှမ်းတယ်။ အော်ပရာလဲ လက်ခံလိုက်လို့ မကြာခင် ရေဒီယိုကနေ သတင်းကြေငြာသူတစ်ယောက် ဖြစ်လာခဲ့တယ်။

တစ်နေ့မှာ လူထုကို မိန့်ခွန်းပြောပြိုင်ပွဲတစ်ခုမှာ သူမ ဝင်ပြိုင်တယ်။ ပြိုင်ပွဲမှာ ပထမရသူကို တင်နက်ဆီတက္ကသိုလ်က ပညာသင်ဖို့ စကောလားရှစ်ဆုချီးမြှင့်မယ်လို့ ကြေငြာထားတယ်။ ပြိုင်ပွဲမှာ ပထမရလို့ တင်နက်ဆီတက္ကသိုလ်မှာ စကောလားရှစ်နဲ့ သူမ တက်ခွင့်ရလိုက်တယ်။ တက္ကသိုလ်မှာ စကားပြောအတတ်ပညာနဲ့ သရုပ်ဆောင်ပညာ ဘာသာရပ်ကို သင်ယူတယ်။

အော်ပရာတက္ကသိုလ်တက်နေတုံးမှာ အမေရိကန်နိုင်ငံရဲ့ နာမည်ကြီး CBS ရုပ်မြင်သံကြားကုမ္ပဏီက သူမကို သတင်းထောက်လုပ်ဖို့ ကမ်းလှမ်းလာတယ်။ တက္ကသိုလ်တက်နေဆဲမို့ ကမ်းလှမ်းချက်ကို အကြိမ်ကြိမ် သူမ ငြင်းပယ်ခဲ့တယ်။ နောက်ဆုံးကျတော့ ပါမောက္ခက အဲဒီအလုပ်ဟာ သူ့ဘဝအတွက် တက်လမ်းရှိလို့ လက်ခံသင့်တယ်ပြောလို့ တက္ကသိုလ်ကထွက်ပြီး သတင်းထောက်အလုပ်ကို လက်ခံလိုက်တယ်။ တက္ကသိုလ်က ထွက်လိုက်တဲ့အချိန်ဟာ သူမဘွဲ့ရဖို့ လအနည်းငယ်ပဲ ကျန်ပါတော့တယ်။ ပေါ်လာတဲ့ အခွင့်အလမ်းကို လက်လွှတ်မခံနိုင်လို့ စွန့်စားလိုက်တာပါ။ ရတဲ့အလုပ်နေရာကလဲ သူမ အင်မတန်သွားချင်နေတဲ့ မေရီလန်းပြည်နယ်မှာဖြစ်ပြီး လစာနဲ့ ခံစားခွင့်တွေကလဲ အရမ်းကောင်းတာကြောင့်ပါ။

အလုပ်ဝင်ပြီးမကြာခင်မှာပဲ မကျွမ်းကျင်တဲ့ သတင်းထောက်အလုပ်မှာ အမှားအယွင်းတွေလုပ်မိလို့ သိပ်မကြာခင် သူမ အလုပ်ဖြုတ်ခံလိုက်ရတယ်။ ဒါပေမဲ့




သူမရဲ့ စကားပြောအရည်အချင်းကို သိထားတဲ့ဆရာဖြစ်သူက "Morning Talk Show" ဆိုတဲ့ စကားပြောဆွေးနွေးပွဲ ရုပ်မြင်သံကြားအစီအစဉ်မှာ ဦးဆောင် ဆွေးနွေးသူတစ်ယောက်အဖြစ် ပါဝင်ခိုင်းတယ်။ သူမ ဝါသနာပါတဲ့ စကားပြောတာ လုပ်ရလို့

ပျော်သွားပြီး စိတ်ရောကိုယ်ပါနှစ်ပြီး လုပ်ပါတော့တယ်။ အဲဒီအစီအစဉ် ရိုက်ပြီးသွားတော့ အော်ပရာက သူလုပ်ချင်နေတဲ့အလုပ်ဟာ ဒါပါလားလို့ သဘောပေါက်သွားတယ်။ အဲဒီ ရုပ်မြင်သံကြား အစီအစဉ်မှာ ၇ နှစ်ကြာအောင် လုပ်ခဲ့ပြီး နောက်တော့ သူမဘဝတက်လမ်းသစ် ရှာဖွေဖို့ အလုပ်က ထွက်လိုက်တယ်။

၁၉၈၁ ခုနှစ်မှာ အော်ပရာဟာ သူမပါဝင်ခဲ့တဲ့ စကားပြောဆွေးနွေးပွဲ ဗွီဒီယိုအခွေတွေကို A.M Chicago ရုပ်မြင်သံကြားကုမ္ပဏီကြီးကို ပို့လိုက်တယ်။ A.M Chicago က သူမရဲ့အခွေတွေကိုကြည့်ပြီး စကားပြောတာတွေကို သဘောကျလွန်းတာကြောင့် ချက်ခြင်း သူမကို အလုပ်ခန့်လိုက်ပြီး စကားပြော ဆွေးနွေးခန်းတွေ ရိုက်တယ်။

၁၉၈၅ ခုနှစ်မှာ အော်ပရာဟာ သူမပါဝင်ခဲ့တဲ့ စကားပြော ဆွေးနွေးခန်း အခွေတွေကို A.M Chicago ကနေ မူပိုင်အဖြစ် ဝယ်ယူလိုက်တယ်။ အဲဒါတွေကို ပြင်ဆင်တည်းဖြတ်ပြီး "Operah Winfrey Show" ဆိုပြီး နာမည်တပ်လိုက်တယ်။ သူမရဲ့ ပထမဆုံး Show ကို ၁၉၈၆ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှာ အမေရိကန် တစ်နိုင်ငံလုံးမှာ ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့တယ်။ အဲဒီ ပထမပွဲမှာတင်ပဲ ကြည့်သူတွေက သူမကို အရမ်း သဘောကျ လူကြိုက်များလွန်းလို့ အော်ပရာဝင်းဖရီး ဆိုတဲ့ နာမည်ဟာ အမေရိကန်တစ်နိုင်ငံလုံးမှာ ကျော်ကြားသွားခဲ့တယ်။





အော်ပရာဟာ Show ပွဲတွေမှာ ပထမတော့ အမျိုးသမီးတွေနဲ့ပဲ အမျိုးသမီးရေးရာ ကိစ္စတွေကို ဆွေးနွေးခန်းရိုက်ပါတယ်။ နောက်ကျတော့ ယောက်ျား၊ မိန်းမ၊ ကလေး အရွယ်စုံနဲ့ ရိုက်ကူးတယ်။ နာမည်ကြီး ရုပ်ရှင်မင်းသား၊ ဟာသရေးဆရာ၊ နိုင်ငံရေးသမား စတဲ့ နယ်ပယ်အသီးသီးကလူတွေနဲ့ အကြောင်းအရာပေါင်းစုံကို ဆွေးနွေးတာတွေကို ရိုက်ကူးပါတယ်။






အဲဒီဆွေးနွေးပွဲတွေမှာ ပရိသတ်သဘောကျတဲ့ မေးခွန်းတွေကို သူမ မေးတတ်တာရယ်၊ ပရိသတ်သိချင်တဲ့ အကြောင်းအရာတွေပါလာအောင် တစ်ဖက်သားကို ပညာသားပါပါနဲ့ ဖြေချင်အောင် ဆွဲဆောင်စည်းရုံးနိုင်တာတွေ ကြောင့် ပရိသတ်တွေ အရမ်းသဘောကျသလို ရုပ်မြင်သံကြားဌာနတွေကလဲ ဆုတွေ အများကြီး သူမကို ချီးမြှင့်ပေးခဲ့တယ်။ အော်ပရာဟာ အဲဒါတင်မကဘဲ ကိုယ်ပိုင်မဂ္ဂဇင်းစာစောင်တွေ ထုတ်တယ်။ ရုပ်ရှင်လဲ ရိုက်လိုက်သေးတယ်။ ရုပ်ရှင်တစ်ကားမှာ သူမရဲ့ သရုပ်ဆောင်ကောင်းလို့ ဟောလီးဝုဒ် အကယ်ဒမီ ဆုပေးပွဲမှာ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ သရုပ်ဆောင်ဆု ဆန်ကာတင် စာရင်းမှာ ပါခဲ့ပါသေးတယ်။

အော်ပရာဟာ အမေရိကန်နိုင်ငံမှာ အရပ်သားတွေကို ချီးမြှင့်တဲ့ ဆုတွေထဲက အမြင့်ဆုံးဆုဖြစ်တဲ့ "လွတ်လပ်မှု" ဆုကြီးကို သမ္မတအိုဘားမား ထံက ၂၀၁၃ ခုနှစ်မှာ လက်ခံရရှိခဲ့ပါတယ်။



ယနေ့မှာတော့ အော်ပရာရဲ့ ပိုင်ဆိုင်ကြွယ်ဝမှုဟာ အမေရိကန် ဒေါ်လာ (၃) ဘီလီယံဖြစ်လို့ အမေရိကန် အမျိုးသမီးတွေထဲမှာ အချမ်းသာဆုံး လူမည်းအမျိုးသမီး ဖြစ်နေပါတယ်။

ဆင်းရဲတဲ့မိသားစုက မွေးဖွား လာပြီး ငယ်စဉ်ကလေးဘဝမှာ လိင်မှု ဆိုင်ရာ အနိုင်ကျင့်မှုတွေ အကြိမ်ကြိမ် ခံခဲ့ရပေမဲ့ ဘဝကို အရှုံးမပေး၊ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရင်း အောင်မြင်မှုကြီးကို ဆွတ်ခူး နိုင်ခဲ့တဲ့ အော်ပရာဝင်းဖရီးရဲ့ဘဝကို အတုယူအားကျဖို့ မကောင်းဘူးလား။ ❑




အိန္ဒိယနိုင်ငံကြီးကို လွတ်လပ်ရေးရအောင် စွမ်းဆောင်ကြိုးပမ်းခဲ့တဲ့ ဂန္ဒီရဲ့ နာမည်ရင်းက Karamchard Gandhi ပါ။ သူ့တပည့်တွေက သူ့ကို မဟတ္တမဂန္ဒီ (Mahatama Gandhi) လို့ ခေါ်ကြတယ်။ မဟတ္တမရဲ့ အဓိပ္ပာယ်က ကြီးမားသောနှလုံးသားလို့ ဆိုလေရဲ့။

ဂန္ဒီဟာ အိန္ဒိယနိုင်ငံကို ဗြိတိသျှအုပ်ချုပ်ရေးအောက်က လွတ်လပ်ရေး ရဖို့ ကြိုးပမ်းရာမှာ လက်နက်မစွဲကိုင်ဘဲ ငြိမ်းချမ်းတဲ့နည်းတွေသုံးပြီး အောင်မြင် ခဲ့တာကြောင့် တကမ္ဘာလုံးက ချစ်ခင်လေးစားရတဲ့ ခေါင်းဆောင်ကြီးတစ်ဦးပါ။

ဂန္ဒီကို ၁၈၆၉ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့က အိန္ဒိယနိုင်ငံ ဂူဂျရတ်ပြည်နယ်ရဲ့ ပေါ်ဘန်ဒါမြို့လေးမှာ မွေးဖွားခဲ့ပါတယ်။ အဖေဖြစ်သူက ပြည်နယ်ဝန်ကြီးတစ်ဦး ဖြစ်ပါတယ်။

အသက် ၁၉ နှစ်အရွယ် ၁၈၈၈ ခုနှစ်မှာ ဂန္ဒီဟာ ဥပဒေပညာသင်ကြားဖို့ အင်္ဂလန်နိုင်ငံကို ထွက်သွားပါတယ်။ အဲဒီအချိန်က အိန္ဒိယနိုင်ငံဟာ ဗြိတိသျှ အုပ်ချုပ်မှုအောက်မှာပဲ ရှိနေဆဲပါ။ အင်္ဂလန်မှာ ၃ နှစ်ကြာ ပညာသင်ကြားပြီး အိန္ဒိယနိုင်ငံကို ပြန်လာခဲ့တယ်။ ဘုံဘေမှာ ရှေ့နေအလုပ်ဝင်လုပ်တယ်။

ရှေ့နေအလုပ်က သိပ်မအောင်မြင်လို့ အိန္ဒိယဥပဒေကုမ္ပဏီတစ်ခုမှာ ဝင်လုပ်ပြန်တယ်။ အဲဒီကုမ္ပဏီက သူ့ကို တောင်အာဖရိကနိုင်ငံမှာရှိတဲ့ သူတို့ရဲ့ ကုမ္ပဏီခွဲကို ပို့လိုက်တယ်။ ဂန္ဒီဟာ သူ့မိန်းမနဲ့ ကလေးတွေကိုခေါ်ပြီး တောင် အာဖရိကကို ၁၈၉၄ ခုနှစ်မှာ ထွက်သွားတယ်။

တောင်အာဖရိကနိုင်ငံကို ရောက်သွားပြီး မကြာခင်မှာပဲ လူဖြူအစိုးရဟာ အိန္ဒိယလူမျိုးတွေအပေါ် နှိမ်ပြီး ခွဲခြားဆက်ဆံတာတွေ မြင်တွေ့ရပါတော့တယ်။

တရားရုံးတစ်ခုမှာ ရှေ့နေအဖြစ် လျှောက်လွှဲချက်ပေးဖို့လာတဲ့ ဂန္ဒီကို သူ့ခေါင်းမှာဆောင်းထားတဲ့ ဖောင်းထုပ်ကို တရားသူကြီးက ချွတ်ခိုင်းတယ်။ ဂန္ဒီက မချွတ်နိုင်ဘူးလို့ ငြင်းဆန်တာကြောင့် သူဟာ တရားရုံးအပြင်ဖက်ကို မောင်းထုတ်ခံရတယ်။

တစ်ခါမှာ ဂန္ဒီဟာ ရထားစီးပြီး မြို့တစ်မြို့ကို အသွားမှာ သူ့ကို ရထားတွဲစောင့်က ပထမတန်းတွဲကနေ ရိုးရိုးတန်းကို ပြောင်းစီးခိုင်းတယ်။ ဂန္ဒီက သူမှာ ဝယ်ထားတဲ့ ပထမတန်းစီး ရထားလက်မှတ်ရှိတာမို့ မပြောင်းနိုင်ဘူးလို့ ငြင်းဆန်တော့ သူဟာ ပစ္စည်းတွေနဲ့အတူ ရထားပေါ်က အကန်ချခံခဲ့ရတယ်။ ဒီအဖြစ်အပျက်တွေဟာ ဂန္ဒီရဲ့ မတရားမှုကို တွန်းလှန်ချင်စိတ်တွေ ဖြစ်ပေါ်လာစေခဲ့တယ်။

၁၉၀၆ ခုနှစ်မှာ ဂန္ဒီဟာ တောင်အာဖရိက လူဖြူအစိုးရရဲ့ အိန္ဒိယလူမျိုးတွေအပေါ် ခွဲခြားချမှတ်ထားတဲ့ မတရားတဲ့ ဥပဒေတွေကို မလိုက်နာကြဖို့ စတင် ဆန္ဒပြခဲ့တယ်။ ၈ နှစ်ကြာအောင် ဆန္ဒပြခဲ့တယ်။ ၁၉၁၃ ခုနှစ်မှာ ဆန္ဒပြတဲ့ အိန္ဒိယလူမျိုး (မိန်းမတွေအပါအဝင်) ထောင်ပေါင်းများစွာကို အစိုးရက



ထောင်သွင်း အကျဉ်းချခဲ့တယ်။ နောက်တော့ တောင်အာဖရိကအစိုးရဟာ အိန္ဒိယနိုင်ငံနဲ့ အင်္ဂလန်နိုင်ငံက ဗြိတိသျှအစိုးရတွေရဲ့ ဖိအားပေးမှုကြောင့် မတရားဥပဒေ အချို့ကို ပယ်ဖျက်ပေးခဲ့ရတယ်။

၁၉၁၄ ခုနှစ် ဇူလိုင်လမှာ ဂန္ဒီဟာ အိန္ဒိယနိုင်ငံကို ပြန်လာခဲ့တယ်။ အဲဒီအချိန်မှာ ပထမကမ္ဘာစစ်ကြီး ဖြစ်နေပါတယ်။ ဂန္ဒီဟာ ဂျာမန်တွေကို မကြိုက်လို့ ဗြိတိသျှစစ်တပ်ဖက်က ဝင်တိုက်ပေးဖို့ အိန္ဒိယလူမျိုးတွေကို စည်းရုံးပေးခဲ့တယ်။

ပထမကမ္ဘာစစ်ကြီး ပြီးသွားပြီး ၁၉၁၉ ခုနှစ်မှာ ဗြိတိသျှအစိုးရဟာ အရေးပေါ်အာဏာသုံးပြီး နိုင်ငံတော် လုံခြုံရေးကို ထိပါးအောင်လုပ်သူ၊ ကြံစည်သူတွေကို ဖမ်းဆီးနိုင်တယ်ဆိုတဲ့ မတရားဥပဒေကို ထုတ်ပြန်ကြေညာလိုက်တယ်။ ဒါကို ဂန္ဒီက မကျေနပ်လို့ သူဦးဆောင်ပြီး လူထုချီတက် ဆန္ဒပြပွဲတွေ လုပ်တယ်။ ဗြိတိသျှရဲတွေက ဆန္ဒပြသူတွေကို ရိုက်နှက် နှိမ်နင်းရင်း ရန်းရင်းဆန်ခတ်ဖြစ်ကြပြီး ရဲသားအချို့ အသတ်ခံရတယ်။ အဲဒီမှာ ငြိမ်းချမ်းစွာပဲ ဆန္ဒပြချင်တဲ့ ဂန္ဒီဟာ လူထုဆန္ဒပြပွဲကို ဖျက်သိမ်းလိုက်တယ်။

၁၉၂၀ ပြည့်နှစ်လောက်မှာ ဂန္ဒီဟာ အိန္ဒိယနိုင်ငံတစ်ခုလုံးက ယုံကြည်အားထားရတဲ့ ခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်လာခဲ့ပါတယ်။ အဲဒီအချိန်က အိန္ဒိယနိုင်ငံက လူတွေဝတ်တဲ့ အဝတ်အထည်တွေချုပ်လုပ်ဖို့ အင်္ဂလန်နိုင်ငံက ချည်ထည်စတွေ မှာပြီး တင်သွင်းရတယ်။ ဂန္ဒီက အဲဒီချည်ထည်စတွေကို အင်္ဂလန်က တင်သွင်းတာကို ဆန္ဒပြပြီး မိမိတို့ဘာသာ ချည်စတွေကနေ ချည်ထည်ဖြစ်အောင်လုပ်ပြီး အဲဒီ ချည်ထည်ကိုပဲ အဝတ်ချုပ်ဝတ်ဖို့ ပြောလိုက်လို့ အိန္ဒိယတစ်နိုင်ငံလုံးဟာ ဂန္ဒီပြောစကားအတိုင်း လုပ်ခဲ့ကြတယ်။ အင်္ဂလန်နိုင်ငံရဲ့ ချည်ထည်ထုတ်ကုန် ဝင်ငွေတွေ အများကြီး နစ်နာထိခိုက်ခဲ့သလို ဗြိတိသျှအစိုးရဟာလဲ



ဂန္ဒီရဲ့ အိန္ဒိယလူထုအပေါ် ဩဇာလွှမ်းမိုးမှုကို ပထမဆုံး သတိပြုမိလာခဲ့တယ်။

၁၉၃၁ ခုနှစ်ရောက်တော့ ဗြိတိသျှအစိုးရက တင်းကျပ်တဲ့ ဥပဒေတွေကို ဖြေလျှော့ပေးလိုက်လို့ ဂန္ဒီဟာ လူထုချီတက် ဆန္ဒပြပွဲတွေ ဆက်မလုပ်တော့ဘဲ ရပ်နားထားလိုက်တယ်။ ဒါပေမဲ့ အိန္ဒိယလူထု မကျေနပ်တဲ့ ဥပဒေတွေကို ဖျက်သိမ်းပေးဖို့ မကြာခဏ တစ်ကိုယ်တော် အစာငတ်ခံ ဆန္ဒပြလေ့ရှိတယ်။

၁၉၃၉ ခုနှစ်ကနေ ၁၉၄၅ ခုနှစ်ထိ ဖြစ်ပွားခဲ့တဲ့ ဒုတိယကမ္ဘာစစ်ကြီး ကာလမှာ အိန္ဒိယလူမျိုးတွေဟာ ဗြိတိသျှစစ်တပ်ဖက်ကနေ ဖက်ဆစ်ဂျပန်ကို တွန်းလှန်ခဲ့တယ်။ ကမ္ဘာစစ်ကြီးပြီးတာနဲ့ အိန္ဒိယလူမျိုးတွေဟာ ဗြိတိသျှအစိုးရကို




အိန္ဒိယနိုင်ငံက ထွက်ခွာသွားဖို့ တောင်းဆို ဆန္ဒပြကြတယ်။ ဆန္ဒပြပွဲမှာ ဦးဆောင်ပါဝင်ခဲ့တဲ့ ဂန္ဒီရဲ့ ကွန်ဂရက်ပါတီ ခေါင်းဆောင်အားလုံးနီးပါး ထိန်းသိမ်းဖမ်းဆီးခံရတယ်။

၁၉၄၇ ခုနှစ်ကျတော့ အင်္ဂလန်နိုင်ငံမှာ အစိုးရ အပြောင်းအလဲဖြစ်ပြီး လေဘာတီပါတီက အစိုးရဖြစ်လာတယ်။ တက်လာတဲ့ အစိုးရသစ်ဟာ ဂန္ဒီရဲ့ ကွန်ဂရက်ပါတီခေါင်းဆောင်တွေရယ်၊ မူဆလင်ခေါင်းဆောင် ဂျင်းနားရဲ့ မူဆလင်ပါတီခေါင်းဆောင်တွေနဲ့ အင်္ဂလန်မှာ တွေ့ဆုံညှိနှိုင်း ဆွေးနွေးကြပြီး အိန္ဒိယနိုင်ငံကို လွတ်လပ်ရေးပေးလိုက်ပါတယ်။ အိန္ဒိယနိုင်ငံဟာ လွတ်လပ်ရေးရပြီး မကြာခင် ဟိန္ဒူဘာသာဝင်များတဲ့ အိန္ဒိယနိုင်ငံနဲ့ မူဆလင်ဘာသာဝင်များတဲ့ ပါကစ္စတန်နိုင်ငံတွေအဖြစ် ကွဲသွားခဲ့ပါတယ်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလမှာ ဟိန္ဒူဘာသာဝင်တွေနဲ့ မူဆလင်ဘာသာဝင်တွေကြား ဘာသာရေး အဓိကရုန်းဖြစ်တာကြောင့် ဂန္ဒီဟာ အဓိကရုန်းကို အားမပေးကြောင်း အစာငတ်ခံ ဆန္ဒပြပြန်တယ်။ ၁၂ ရက်ကြာ အစာငတ်ခံဆန္ဒပြတာကို အဆုံးသတ်တဲ့ ဇန်နဝါရီလ ၃၀ ရက်နေ့မှာ ဒေလီမြို့က ဆုတောင်းပွဲတစ်ခုကိုအလာ လမ်းမှာ ဟိန္ဒူဘာသာဝင် အစွန်းရောက်သမားတစ်ယောက်ရဲ့ သေနတ်နဲ့ လုပ်ကြံပစ်သတ်တာ ခံလိုက်ရလို့ ကွယ်လွန်သွားရတယ်။

သူ့ရဲ့ ဈာပနအခမ်းအနားကို အိန္ဒိယလူထု တစ်သန်းကျော် လမ်းလျှောက်လိုက်ပို့ခဲ့ကြတယ်။ ဂန္ဒီရဲ့ ရုပ်ကလပ်ကို ဟိန္ဒူဘာသာ ထုံးစံအတိုင်း မီးရှို့သင်္ဂြိုဟ်ပြီး သူ့ရဲ့ အရိုးပြာတွေကို ဂင်္ဂါမြစ်ထဲ မျှောပေးလိုက်ပါတယ်။

ဂန္ဒီရဲ့ လက်နက်မစွဲကိုင်ဘဲ ငြိမ်းချမ်းစွာ ဆန္ဒပြရင်း အမြောက်၊ သေနတ်စတဲ့ ခေတ်မီလက်နက်တွေ တပ်ဆင်ထားတဲ့ ဗြိတိသျှအင်ပါယာကြီးကို တုန်လှုပ်သွားစေခဲ့တာမို့ သူ့ရဲ့ ငြိမ်းချမ်းရေးလမ်းစဉ်ကို ယနေ့တိုင် ကမ္ဘာ့နိုင်ငံအသီးသီးက ချီးမွမ်းတမ်းတနေဆဲပါ။




ယနေ့ အိုင်တီခေတ်ကြီးမှာ Apple ကွန်ပျူတာ၊ အိုင်ဖုန်း၊ အိုင်ပက်ဆိုတာတွေဟာ ကမ္ဘာတစ်လွှားမှာ လူကြိုက်အများဆုံးနဲ့ ရောင်းအကောင်းဆုံး အိုင်တီပစ္စည်းတွေဆိုတာ လူတိုင်းနီးပါး လက်ခံကြမှာပါ။ ဒီပစ္စည်းတွေရဲ့ တီထွင်ပညာရှင်ကြီး စတီးဗ်ဂျော့ (Steve Jobs) အကြောင်းကိုတော့ အကျဉ်းလေး ရေးပြလိုက်ပါတယ်။

စတီးဗ်ကို ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က အမေရိကန်နိုင်ငံရဲ့ ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့မှာ မွေးဖွားခဲ့ပါတယ်။ သူ့ရဲ့မိဘတွေက Wisconsin တက္ကသိုလ်က ဘွဲ့ရပြီးစ ချစ်သူနှစ်ယောက်ပါ။ သူတို့နှစ်ယောက်ဟာ ဘွဲ့ရပြီးပေမဲ့ အလုပ်မရှိသေးတာကြောင့် စတီးဗ်ကို မွေးပြီးပြီးချင်းမှာပဲ သူများကို မွေးစားဖို့ ပေးလိုက်ပါတယ်။ စတီးဗ်ဟာ မွေးစားမိဘတွေလက်ထဲမှာ ကြီးပြင်းခဲ့ရတယ်။ အသက် ၂၁ နှစ်အရွယ်ကျမှ မိဘအရင်းတွေနဲ့ ပြန်တွေ့ရတယ်။

စတီးဗ်ရဲ့ မွေးစားမိဘတွေကတော့ ပေါလ်ဂျော့နဲ့ ကလဲရာတို့ ဖြစ်ကြပါတယ်။ နှစ်ယောက်စလုံးက စတီးဗ်ကို သားအရင်းတစ်ယောက်လို ချစ်ကြတယ်။ အဖေဖြစ်သူ ပေါလ်ဂျော့က စတီးဗ် ငယ်ငယ်လေးကတည်းက သူတို့ရဲ့ ကားပြင်ရုံမှာ အီလက်ထရောနစ် ပစ္စည်းတွေကို ဖြုတ်တပ်ခိုင်းတယ်။ အီလက်ထရောနစ်အကြောင်းလဲ ရှင်းပြပေးတယ်။ ဒါကြောင့် စတီးဗ်ဟာ ငယ်စဉ်ကတည်းက အီလက်ထရောနစ် ပစ္စည်းတွေကို စိတ်ဝင်စားလာခဲ့တယ်။

စတီးဗ်ဟာ ဉာဏ်ကောင်းသလို တီထွင်ဉာဏ်လဲရှိတယ်။ ဒါပေမဲ့ သူဟာ ကျောင်းကသင်တဲ့စာတွေကို ပျင်းစရာကောင်းတယ်ဆိုပြီး မသင်ချင်ဘူး။ ကျောင်းမှာ သူ့ကို လူနောက်လူပြောင် ကောင်လေးတစ်ယောက်လို့ အသိများကြတယ်။ ၄ တန်းမှာ သူ့အတန်းက ဆရာမက သူ့ကိုပေးတဲ့ ကျောင်းသင်ခန်းစာတွေ လုပ်ချင်အောင် မုန့်အမြဲဝယ်ကျွေးရသလို မုန့်ဖိုးလဲ ပေးရတယ်။ မူလတန်းကျောင်းစာမေးပွဲတွေမှာ စတီးဗ်ဟာ အမြဲတမ်း ပထမရလို့ ကျောင်းအာဏာပိုင်တွေက သူ့ကို အထက်တန်းကျောင်းကို ပို့ချင်ကြတယ်။ ဒါပေမဲ့ စတီးဗ်ရဲ့ မိဘတွေက သဘောမတူလို့ မပို့ဖြစ်ခဲ့ဘူး။

၁၉၇၁ ခုနှစ်မှာ စတီးဗ် အထက်တန်းကျောင်း စတက်တယ်။ အဲဒီမှာ စတီးဗ်ဝုဇနိုက် (Steve Woznaik) ဆိုတဲ့ ကျောင်းသားနဲ့ မိတ်ဆွေဖြစ်သွားကြတယ်။ ဝုဇနိုက်ဟာ အဲဒီအချိန်မှာ အီလက်ထရောနစ်အကြောင်း အတော်လေး သိနေပါပြီ။ ဝါသနာတူတဲ့ စတီးဗ်နဲ့ ဝုဇနိုက်တို့ နှစ်ယောက်ဟာ အီလက်ထရောနစ် ပစ္စည်းတွေ အကြောင်း ပြောကြတယ်။ အီလက်ထရောနစ် ပစ္စည်းတွေကို စမ်းသပ်ကြည့်ကြတယ်။



စတီးဗ်ဟာ အထက်တန်းကျောင်းအောင်တော့ အော်ရီဂွန်ပြည်နယ် ပေါ့လင်းမြို့က ရီးဒ်တက္ကသိုလ်ကို သွားတက်တယ်။ ၆ လပဲကြာတယ် တက္ကသိုလ်က ထွက်လိုက်တယ်။ အကြောင်းကတော့ တက္ကသိုလ်ကသင်တဲ့စာတွေကို စိတ်မဝင်စားသလို သူလုပ်ချင်တာက အီလက်ထရောနစ်ပစ္စည်း တီထွင်ဖို့ပါ။

၁၉၇၄ ခုနှစ်မှာ စတီးဗ်ဟာ ဗီဒီယိုဂိမ်းတွေ ထုတ်လုပ်ရောင်းချတဲ့ အာတာရီကုမ္ပဏီမှာ ဝင်လုပ်တယ်။ လအနည်းငယ်အကြာမှာ အလုပ်ထဲမှာ မပျော်လို့ဆိုပြီး ထွက်လိုက်ပြန်တယ်။ အလုပ်ထွက်ပြီး စိတ်ချမ်းသာပျော်ရွှင်မှု ရှာဖွေဖို့ အိန္ဒိယနိုင်ငံ အပါအဝင် ကမ္ဘာတစ်ဝန်းကို တစ်ယောက်ထဲ လှည့်လည်တယ်။ မူးယစ်ဆေးဝါးလဲ သုံးစွဲလိုက်သေးတယ်။

စတီဗ် ဂျော့ဘ် အသက် ၂၀ နှစ်ပြည့်တော့ အမေရိကန်နိုင်ငံကို ပြန်လာခဲ့တယ်။ အဲဒီအခါကျမှ စတီဗ်ဟာ သူမွေးမြို့ဘာအရင်တွေကို သိလာ ရောင်းတယ်။ တစ်ချိန်ထဲမှာပဲ အထက်တန်းကျောင်းတုန်းက ငယ်သူငယ်ချင်း ဝုဇနိုက်နဲ့ ပြန်တွေ့ပြီး သူတို့ပါဝင်နေပါတဲ့ အီလက်ထရောနစ်ပစ္စည်းတွေ တီထွင်ဖို့ ဆုံးဖြတ် လိုက်ကြတယ်။ သူတို့နှစ်ယောက်ဟာ စတီဗ်အိမ်က ကားပြင်ရုံထဲမှာ အများသုံး နိုင်အောင် ဈေးသက်သာတဲ့ ကွန်ပျူတာတစ်လုံးတီထွင်ဖို့ နေ့မအား ညမအား လုပ်နေကြတယ်။ ဒီလိုလုပ်နေရင်းနဲ့ သူတို့မှာ ငွေမလုံလောက်တော့ဘူး။ စတီဗ် ဟာ သူစီးနေတဲ့ ဖောက်စ်ဝက်ဂွန်ကားကို ရောင်းလိုက်တယ်။ ဝုဇနိုက်ကလဲ သူအလွန်နှစ်သက်တဲ့ သိပ္ပံဂဏန်းပေါင်းစက် (Scientific Calculator) ကို ရောင်းလိုက်ရတယ်။

အဲဒီအချိန်က ကွန်ပျူတာဆိုတာ အိမ်ခန်းတစ်ခုစာလောက် ကြီးသလို ဒေါ်လာသိန်းချီတန်လို့ လူတွေဟာ ကွန်ပျူတာ ဝယ်မသုံးနိုင်ကြပါဘူး။ စတီဗ်တို့






နှစ်ယောက်ဟာ Apple လို့ နာမည်ပေးထားတဲ့ ကွန်ပျူတာအသေးတစ်မျိုးကို တီထွင်လိုက်ပြီး တစ်လုံးကို ဒေါ်လာ ၆၆၀ နဲ့ ရောင်းချပေးတာကြောင့် လူတိုင်း နီပါး ဝယ်နိုင်ကြလို့ Apple ကွန်ပျူတာဟာ အရမ်းရောင်းကောင်းသွားတယ်။ အဲဒီ ပထမဆုံး Apple ကွန်ပျူတာကနေ ဒေါ်လာ ၇၇၄,၀၀၀ ရလိုက်ကြတယ်။

နောက် ၃ နှစ်ကြာတော့ စတီဗ်တို့နှစ်ယောက်ဟာ ဒုတိယကွန်ပျူတာ ဖြစ်တဲ့ Apple II ကို ထပ်မံတီထွင်ပြီး ရောင်းချပြန်တယ်။ အဲဒီကွန်ပျူတာဟာလဲ ဒေါ်လာ ၁၃၉ သန်းဖိုး ရောင်းချလိုက်ရတယ်။


သူတို့နှစ်ယောက်ဟာ ၁၉၈၀ ပြည့်နှစ်မှာ Apple ကုမ္ပဏီကို စတင်

ထူထောင်လိုက်ကြပြီး လူထုကို စတော့ရှယ်ယာတွေ ထုတ်ရောင်းတာ ပထမဆုံး နေ့မှာပဲ ဒေါ်လာ ၁.၂ ဘီလီယံဖိုး ရောင်းချခဲ့ရတယ်။

ဒါပေမဲ့ နောက်ပိုင်းမှာ Apple ကထုတ်တဲ့ ပစ္စည်းတွေကို လူကြိုက်နည်းလာလို့ သိပ်မရောင်းရတော့ဘူး။ အဲဒီအချိန်မှာ ပြိုင်ဘက်ကုမ္ပဏီတစ်ခုဖြစ်တဲ့ IBM ကုမ္ပဏီက ထုတ်တဲ့ ကွန်ပျူတာကို လူတွေ ပိုကြိုက်လာကြတယ်။ လူတွေဟာ Apple ကွန်ပျူတာမှာသုံးတဲ့ Macintosh စနစ်ထက် IBM ကွန်ပျူတာမှာသုံးတဲ့ Microsoft စနစ်ကို ပိုကြိုက်နေကြတယ်။ ဒါကြောင့် Apple ကုမ္ပဏီ ဒါရိုက်တာအဖွဲ့က သူတို့ပစ္စည်းတွေ မရောင်းရတာ ကုမ္ပဏီရဲ့ ထိပ်ဆုံးရာထူး CEO ရာထူးယူထားတဲ့ စတီးဗ်ကို သူ့ရဲ့ ဈေးကွက်နည်းဗျူဟာ အမှားကြောင့်ဆိုပြီး Apple ကုမ္ပဏီက ၁၉၈၅ ခုနှစ်မှာ ထုတ်ပယ်လိုက်ပါတယ်။

အလုပ်ထုတ်ခံရပြီး စတီးဗ်ဟာ NeXT ကုမ္ပဏီအတွက် ဟောလီးဝုဒ်ကာတွန်းကားတွေမှာသုံးတဲ့ animation လုပ်ပေးရင်း အတော်ချမ်းသာသွားတယ်။ ၁၉၈၅ ခုနှစ်ရောက်တော့ Apple ကုမ္ပဏီမှာ ဒါရိုက်တာအဖွဲ့ အပြောင်းအလဲဖြစ်လာပြီး ဒါရိုက်တာအဖွဲ့သစ်က စတီးဗ်ကို Apple ကုမ္ပဏီကို ပြန်လာဖို့ ခေါ်ယူတယ်။

စတီးဗ်ဟာ Apple ကုမ္ပဏီကို ၁၉၉၀ ပြည့်နှစ်မှာ ပြန်လာခဲ့တယ်။ ဒါပေမဲ့ အရင် သူ့ရာထူးဟောင်း CEO ကမ်းလှမ်းတာကို မယူဘဲ Apple အတွက် ပစ္စည်းသစ်တွေ တီထွင်သူအဖြစ်ပဲ နေခဲ့တယ်။ အဲဒီအချိန်မှာ Apple ရဲ့စတော့ရှယ်ယာတန်ဖိုးဟာ အတော်လေး ကျဆင်းနေတာကြောင့် စတီးဗ်ဟာ စတော့ရှယ်ယာ ပြန်တက်လာအောင် ကူညီတဲ့အနေနဲ့ သူ့ရဲ့တစ်နှစ်စာ လစာကို တစ်ဒေါ်လာပဲ ယူခဲ့ပါတယ်။



စတီးဗ်မှာ ၂၀၀၃ ခုနှစ်ကတည်းက ကင်ဆာအကြိတ်တစ်ခု ရှိနေခဲ့တယ်။ သူဟာ ဆရာဝန်တွေက အကြိတ်ကို ခွဲထုတ်ပစ်ဖို့ အကြံပေးတာကို နားမထောင်ဘဲ အရှေ့တိုင်းဆေးဝါးနဲ့ပဲ ဆေးကုနေတယ်။ ၉ လအကြာမှာ

အကြိတ်ဟာ အသက်အန္တရာယ်ထိခိုက်မဲ့ အဆင့်ဖြစ်လာလို့ ဆေးရုံတက် ခွဲလိုက်ရတယ်။ ခွဲစိပ်ကုသတာ အောင်မြင်ပါတယ်။

ဒါပေမဲ့ ၂၀၀၉ ခုနှစ်မှာ စတီးဗ်ရဲ့ ကိုယ်အလေးချိန်ဟာ သိသိသာသာ ကျလာတယ်။ ဆေးစစ်ချက်အရ ကင်ဆာဆဲလ်တွေဟာ သူ့အသည်းမှာ ပြန့်နှံ့နေလို့ အသည်းအစားထိုး ကုသခဲ့ရတယ်။ စတီးဗ်ကတော့ သူ့ရဲ့ ဟိုမုန်းဓာတ် မမှုမမှန်လို့ ပိန်ကျလာတာပါလို့ သတင်းထောက်တွေကို ပြောပြတယ်။ အမှန်ကတော့ Apple ရှယ်ယာဈေး ကျမှာစိုးလို့ စတီးဗ်က သတင်းအမှန်ကို မပြောခဲ့တာပါ။




၂၀၁၁ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှာ စတီးဗ် တစ်ယောက် ၁၀ နှစ်လောက် နပန်းလုံးခဲ့ရတဲ့ ကင်ဆာရောဂါနဲ့ပဲ ကွယ်လွန်သွားခဲ့ပါတယ်။ ကွယ်လွန်ချိန်မှာ ဇနီးသည် လိုရင်းပိုဝယ်လ်နဲ့ သားသမီး ၃ ယောက် ကျန်ရစ်ခဲ့ပါတယ်။

စတီးဗ်ဂျော့ကို ယနေ့တိုင် Apple ရဲ့ ဖခင်ကြီးလို့ လူတွေ ဂုဏ်ပြုပြောနေကြဆဲပါ။

❑

# “သောမတ်စ်အယ်ဒီဆင်”




သောမတ်စ်အယ်ဒီဆင် (Thomas Edison) ဟာ ကမ္ဘာပေါ်မှာ အထင်ပေါ်အကျော်ကြားဆုံး တီထွင်သူ သိပ္ပံပညာရှင်ကြီးတစ်ယောက် ဖြစ်သလို ကမ္ဘာကြီးနဲ့ လူသားတွေရဲ့ ဘဝကိုလဲ အကြီးအကျယ် ပြောင်းလဲသွားအောင် လုပ်ပေးခဲ့သူပါ။ သူတီထွင်ခဲ့တဲ့ လျှပ်စစ်မီးလုံး၊ ဓာတ်စက်၊ ရုပ်ရှင်ကင်မရာ စတာတွေကြောင့် လူသားတွေရဲ့ ဘဝအခြေအနေတွေ ပြောင်းလဲတိုးတက်ခဲ့ရတယ်ဆိုတာ ဘယ်သူမှ ငြင်းနိုင်မယ် မထင်ပါဘူး။

အယ်ဒီဆင်ကို ၁၈၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့က အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် မီလန်မြို့မှာ မွေးဖွားခဲ့ပါတယ်။ မွေးချင်း ၇ ယောက်မှာ အငယ်ဆုံးဖြစ်ပါတယ်။ သူဟာ ငယ်ငယ်တုံးက ဖျားနာဖြစ်ပြီး နားနှစ်ဖက်စလုံး ပင်းလုနီးပါးဖြစ်ခဲ့လို့ ကြီးလာတဲ့အခါ နားကောင်းကောင်း မကြားရတော့ဘူး။

၁၈၅၄ ခုနှစ်မှာ အယ်ဒီဆင်ရဲ့ မိသားစုဟာ မီချီဂန်ပြည်နယ်က ပို့တ်ဟာရွန်မြို့လေးကို ပြောင်းရွှေ့သွားတယ်။ အဲဒီမြို့မှာ အယ်ဒီဆင် ကျောင်းစတက်တယ်။ ကျောင်းစတက်လို့ ၁၂ ပတ်အကြာမှာ သူ့အမေက သူ့ကို ကျောင်းကနှုတ်လိုက်တယ်။ ဘာကြောင့်လဲဆိုတော့ အယ်ဒီဆင်ရဲ့ အမေးအမြန်းထူတာကို ကျောင်းက ဆရာမတွေက မခံနိုင်ကြလို့ သူ့အမေကို တိုင်လို့ပါ။ အမေဖြစ်သူက သူ့သားအကြောင်း မကောင်းပြောတာကို မခံနိုင်လို့ ကျောင်းကနှုတ်ပြီး အယ်ဒီဆင်ကို အိမ်မှာပဲစာသင်ပေးတော့တယ်။ သူ့အမေက အရင်က ကျောင်းဆရာမတစ်ယောက်ဖြစ်ခဲ့တာကိုး။

အယ်ဒီဆင်ဟာ ဘယ်လောက်တောင် စူးစမ်းလေ့လာချင်စိတ် များသလဲ ဆိုတော့ သူ ၅ နှစ်သားအရွယ်မှာ အိမ်မှာထားတဲ့ စပါးကျီတောင်းအမြင့်ကြီးကို နင်းတင်ထားတဲ့ လှေကားတစ်ခုပေါ်တက်ပြီး အထဲမှာ ဘာရှိတယ်ဆိုတာ ငုံ့ကြည့်ရင်း ကျီထဲကို ထိုးကျသွားခဲ့တယ်။ ကံကောင်းလို့ အယ်ဒီဆင်ရဲ့ အော်သံကြားလိုက်တဲ့ သူ့အဖေဟာ ကျီထဲကနေ ခက်ခက်ခဲခဲနဲ့ သူ့ကို အပေါ်ဆွဲတင်ပေးခဲ့ရတယ်။

အယ်ဒီဆင်ဟာ အသက် ၁၁ နှစ်အရွယ်ရောက်တော့ စာအုပ်မျိုးစုံ ဖတ်တတ်နေပြီ။ သူ့အဖေက အယ်ဒီဆင်ကို စာအုပ်ဖတ်ဖို့ အမြဲတိုက်တွန်း အားပေးတယ်။ စာတစ်အုပ်ဖတ်ပြီးတိုင်း အဖေက ပိုက်ဆံတစ်ပြား (One Cent) သူ့ကို ဆုချလေ့ရှိတယ်။ ငယ်စဉ်ကတည်းက စာအုပ်ဖတ်တဲ့အကျိုးကြောင့် နောင်မှာ သူ့ဘဝတိုးတက်ရေးအတွက် အကြီးအကျယ် အထောက်အကူပြုခဲ့ပါတယ်။

အသက် ၁၂ နှစ်အရွယ်ရောက်တော့ မိဘတွေကို ခွင့်တောင်းပြီး မီးရထားဘူတာရုံမှာ ရထားစီးခရီးသည်တွေကို သတင်းစာရောင်းပါတယ်။ နောက်တော့ ကိုယ်တိုင်ထုတ်ဝေတဲ့ သတင်းစာအပါးလေးကိုလဲ ရောင်းပြန်တယ်။ သတင်းစာလေးဟာ နောက်ဆုံးရသတင်းတွေ ပါလို့ လူတွေက အားပေး ဝယ်ဖတ်ကြတယ်။ သူ့ဘဝမှာ ပထမဆုံး စီးပွားရှာတဲ့လုပ်ငန်းဖြစ်သလို နောင် စီးပွားရေး လုပ်ဖို့ အထောက်အကူ ဖြစ်စေခဲ့ပါတယ်။

နောက်တော့ အယ်ဒီဆင်ဟာ မီးရထားအာဏာပိုင်တွေရဲ့ ခွင့်ပြုချက်နဲ့ ပစ္စည်းသယ်တဲ့ ရထားတွဲတစ်တွဲမှာ ဓာတ်ခွဲစမ်းသပ်ခန်းလေးတစ်ခု လုပ်ထားတယ်။ တစ်နေ့မှာ သူ ဓာတ်ခွဲစမ်းသပ်မှုလုပ်နေတုံး ဓာတုဆေးရည်တွေ ရထားကြမ်းပြင်ပေါ် ဖိတ်ကျပြီး ရထားတွဲကို မီးလောင်ပါတယ်။ ရထားဂါတ်ဗိုလ်က သူ့ကို ရထားတွဲပေါ်က မောင်းချလိုက်ပြီး တခြားဘူတာရုံမှာပဲ သတင်းစာ ရောင်းခိုင်းတယ်။

အယ်ဒီဆင် အသက် ၁၅ နှစ်မှာ သူ့ဘဝကို တစ်ဆစ်ချိုး ပြောင်းလဲစေခဲ့တဲ့ အဖြစ်အပျက်တစ်ခုနဲ့ ကြုံတွေ့ခဲ့တယ်။ ဘူတာရုံတစ်ခုမှာ သတင်းစာရောင်းနေတုံး ၃ နှစ်သားကလေးလေးတစ်ယောက်ဟာ မီးရထားသံလမ်းပေါ်မှာ ဆော့ကစားနေတာ သူမြင်မိတယ်။ ရထားတစ်စီး ခုတ်မောင်းလာတာကိုမြင်တဲ့ အယ်ဒီဆင်ဟာ အမြန်ပြေးသွားပြီး ကလေးကို ချီပွေ့ကာ ရထားသံလမ်းဘေး

ခုန်ထွက်လိုက်လို့ ရထားနဲ့မတိုက်မိဘဲ သီသီလေး လွတ်သွားတယ်။ ဒါကို မြင်လိုက်တဲ့ ကလေးရဲ့ဖခင်က အယ်ဒီဆင်ကို ကျေးဇူးတင်လွန်းလို့ ကြေးနန်းပို့တဲ့ နည်းပညာ သင်ပေးလိုက်တယ်။ သိပ်မကြာခင်မှာပဲ အယ်ဒီဆင်ဟာ ကြေးနန်းပို့တာ ကောင်းကောင်းတတ်သွားတယ်။ အားတဲ့အချိန်မှာ ကြေးနန်းနဲ့ ပတ်သက်တဲ့ နည်းပညာစာအုပ်တွေကို အသည်းအသန် ရှာဖွေဖတ်တယ်။ အဲဒီ စာအုပ်တွေဖတ်ရင်းနဲ့ လျှပ်စစ်ပညာကို အတော်လေးသိလာခဲ့တယ်။

၁၈၆၆ ခုနှစ်မှာ အယ်ဒီဆင်ဟာ ကင်တာကီပြည်နယ်ကိုသွားပြီး သတင်းစာတိုက်တစ်ခုမှာ အလုပ်ဝင်လုပ်တယ်။ ညပိုင်းဂျူတီအချိန်မှာ သူဟာ လျှပ်စစ်ပညာစာအုပ်တွေဖတ်ရင်း လျှပ်စစ်စမ်းသပ်မှုတွေ လုပ်တယ်။

နောက် ၂ နှစ်အကြာ အသက် ၂၁ နှစ်အရွယ်မှာ အယ်ဒီဆင်ဟာ သူ့မြို့လေးကို ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ အမေဖြစ်သူက စိတ်ရောဂါ ဝေဒနာခံစားနေပြီး အဖေကလည်း အလုပ်လက်မဲ့ဖြစ်နေတာ တွေ့ရလို့ မိသားစုရဲ့ တာဝန် သူ့မှာရှိတယ်ဆိုပြီး ဘော်စတွန်မြို့ကို အလုပ်ရှာထွက်သွားတယ်။ ထိုအချိန်က ဘော်စတွန်မြို့ဟာ အမေရိကန်တစ်နိုင်ငံလုံးမှာ သိပ္ပံပညာရပ် အထွန်းကားဆုံးမြို့ ဖြစ်တာကြောင့် သိပ္ပံတီထွင်ဆန်းသစ်မှု လုပ်ချင်နေတဲ့ အယ်ဒီဆင်အတွက် မဟာအခွင့်အရေးတစ်ခု ရသလိုပါပဲ။ သူ ပထမဆုံး တီထွင်တာက မြို့တော်ဝန် ရွေးကောက်ပွဲမှာသုံးဖို့ မဲရေတွက်တဲ့ စက်လေးပါ။ စက်ဟာ မဲရေတွက်တာ မြန်လွန်းတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ရွေးကောက်ပွဲကျင်းပသူတွေက ဝယ်ဖို့ ငြင်းဆန်လိုက်တယ်။ (အမှန်က မဲလိမ်မရမှာစိုးလို့လဲ ဖြစ်မှာပါ။)

၁၈၆၉ ခုနှစ်မှာ အယ်ဒီဆင်ဟာ နယူးယောက်မြို့ကို ထွက်သွားပြီး အဲဒီမှာ နောက်ထပ် တီထွင်မှုတစ်ခု လုပ်ပြန်တယ်။ ထိုအရာက စတော့အိပ်ချိန်းတွေမှာသုံးဖို့ စတော့ရှယ်ယာ ဈေးအတက်အကျကို မြန်မြန်ဆန်ဆန်ပြတဲ့ စက်လေးပါ။ ကုမ္ပဏီတစ်ခုက သဘောကျပြီး စက်ကို ဒေါ်လာ လေးသောင်းပေး ဝယ်ယူသွားတယ်။ တီထွင်မှုတွေလုပ်ရင်း ဝင်ငွေရလာတာမို့ လက်ရှိလုပ်နေတဲ့ ကြေးနန်းပို့တဲ့အလုပ်ကနေ သူထွက်လိုက်တယ်။

၁၈၇၀ ပြည့်နှစ်မှာ အယ်ဒီဆင်ဟာ ဓာတ်ခွဲခန်းအသေးလေးတစ်ခုကို နယူးဂျာစီပြည်နယ်က နေဝပ်မြို့လေးမှာ ထောင်လိုက်ပြီး အဲဒီမှာ စက်တွေ တီထွင်ထုတ်လုပ်တယ်။ သူ့စက်တွေကို စမ်းသပ်မောင်းနှင်ဖို့ အလုပ်သမား


အတော်များများ ခန့်ထားတယ်။ နောက်ဆုံး သူဟာ အဲဒီအချိန်ကသုံးနေတဲ့ ကျွန်းနဲ့ပိုစက်တွေထက် မြန်ဆန်သာလွန်တဲ့ ကြေးနန်းစက်တစ်လုံးကို တီထွင်လိုက်ပြီး ခေါ်လာ တစ်သိန်းနဲ့ ရောင်းချလိုက်တယ်။

အတိုချုပ်ပြောရရင် အယ်ဒီဆင်ဟာ သူ့ဘဝတစ်လျှောက်မှာ တီထွင်မှုပေါင်း ၁,၀၉၃ ခု လုပ်ခဲ့ပြီး ထိုတီထွင်မှုတွေကြောင့် သူလဲ အတော်ချမ်းသာသွားခဲ့တယ်။



သူ့တီထွင်မှုတွေအားလုံးမှာ လူပြောအများဆုံးနဲ့ အထင်ရှားဆုံးကတော့ ၁၈၇၉ ခုနှစ်မှာ လျှပ်စစ်မီးလုံး တီထွင်ခဲ့ခြင်းပါ။ ထိုခေတ်ကလူတွေဟာ လျှပ်စစ်မီးကြောင့် ညဆိုရင် ဖယောင်းတိုင်တွန်း ဒါမှမဟုတ် မီးဖိုနဲ့ အလင်းရောင်ရအောင် လုပ်နေရတဲ့ အချိန်ပါ။

လျှပ်စစ်မီးလုံးထဲက တန်းစတင်း (Tungsten) သတ္တုခွေလေးရဖို့ သူဟာ သတ္တုတွေ တစ်မျိုးပြီးတစ်မျိုး စမ်းသပ်တယ်။ တစ်မျိုးနဲ့ စမ်းသပ်လို့ လျှပ်စစ်မီးရောင်မရရင် နောက်သတ္တုတစ်မျိုးသုံးပြီး စမ်းတယ်။ သူ သတ္တုအမျိုးပေါင်း ဘယ်လောက်စမ်းသပ်ခဲ့သလဲ။ မယုံနိုင်စရာ။ အမျိုးပေါင်း ၁,၀၀၀ ကျော် စမ်းသပ်ခဲ့ပြီးမှ လျှပ်စစ်မီးလုံးကို အောင်မြင်စွာ တီထွင်နိုင်ခဲ့တယ်။



အဲဒီ လျှပ်စစ်မီးလုံး တီထွင်မှုနဲ့ပတ်သက်ပြီး သတင်းထောက်တစ်ယောက်က အယ်ဒီဆင်ကို မေးပါတယ်။ "မစ္စတာအယ်ဒီဆင် ခင်ဗျား အဲဒီလို စမ်းသပ်မှုပေါင်း ၁,၀၀၀ ကျော် ရှုံးနိမ့်ခဲ့တာနဲ့ပတ်သက်ပြီး ဘယ်လိုခံစားရပါသလဲ" တဲ့။ အယ်ဒီဆင်က ပြန်ဖြေတယ်။ "ငါ အကြိမ် ၁,၀၀၀ ရှုံးနိမ့်ခဲ့တာ မဟုတ်ပါဘူး။ လျှပ်စစ်မီးလုံး ဖြစ်လာဖို့ အဆင့် ၁,၀၀၀ ကို ကျော်ဖြတ်ခဲ့တာပါ" တဲ့။ ဒါဟာ အောင်မြင်ကျော်ကြား




သူတွေ ထားရှိတဲ့ ခံယူချက် သဘော ထားပါ။ သူတို့ဟာ မအောင်မြင် တာကို ရှုံးနိမ့်တယ်လို့ သဘော မထားဘဲ ကြိုးစားမှုလို့ပဲ သတ်မှတ် ကြတယ်။

အယ်ဒီဆင်ဟာ အသက် ၈၄ နှစ်အရွယ် ၁၉၃၁ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့မှာပဲ အမေရိကန်နိုင်ငံ နယူးဂျာစီပြည် နယ်က West Orange မြို့လေး မှာ ကွယ်လွန်သွားခဲ့ပါတယ်။

အယ်ဒီဆင် ကွယ်လွန်ခဲ့တာ ကြာလှပြီဖြစ်ပေမဲ့ သူ့ရဲ့ လျှပ်စစ်မီးကြောင့် ကမ္ဘာကြီးမှာ ညအချိန် အလင်းရောင် ပေးခဲ့တာကြောင့် အနောက်နိုင်ငံတွေက သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ တစ်နှစ်တစ်ခါ ညအခါမှာ တစ်မြို့လုံး တစ်နာရီကြာ မီးမှောင်ချပြီး ယနေ့တိုင် ဂုဏ်ပြုနေကြ ဆဲပါပဲ။

❑




၂၀၁၄ ခုနှစ်လောက်က ကမ္ဘာ့သတင်းမီဒီယာတွေမှာ မကြာခဏ အသားပေးဖော်ပြခံရတဲ့ "မာလာလာ" ဆိုတဲ့ နာမည်လှလှလေးကို ကြားဖူးကြပါ။ မာလာလာဆိုတာ ပါကစ္စတန်နိုင်ငံက အသက် ၁၇ နှစ်အရွယ် ကောင်မလေးတစ်ယောက်ရဲ့နာမည်ပါ။ နာမည်အပြည့်အစုံက "Malala Yousafzai" ပါ။ မာလာလာဟာ ၂၀၁၄ ခုနှစ် အောက်တိုဘာလမှာ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆုကြီး ချီးမြှင့်ခံခဲ့ရလို့ ထင်ပေါ်ကျော်ကြားခဲ့တာပါ။ မာလာလာ ဘာကြောင့် နိုဘယ်ဆု ရခဲ့တာလဲဆိုတာ ဖတ်ကြည့်ကြပါခင်ဗျာ။

မာလာလာကို ၁၉၉၇ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့က ပါကစ္စတန်နိုင်ငံ မင်ဂိုရာမြို့လေးမှာ မွေးဖွားခဲ့ပါတယ်။ မွေးချင်း သုံးယောက်မှာ တစ်ဦးတည်းသော မိန်းကလေးပါ။ အဖေဖြစ်သူက ပါကစ္စတန်လူမျိုး အင်္ဂလိပ်စာတတ် ကျောင်းဆရာ တစ်ဦးဖြစ်ပြီး မင်ဂိုရာမြို့က အစိုးရကျောင်းတွေကို စီမံခန့်ခွဲ အုပ်ချုပ်သူပါ။ မာလာလာဟာ သူ့အဖေရဲ့ သင်ပြပေးမှုကြောင့် ငယ်စဉ်ကတည်းက အင်္ဂလိပ်စာကို ကောင်းကောင်း ရေးတတ် ဖတ်တတ်နေတယ်။

၂၀၀၉ ခုနှစ် ပတ်ဝန်းကျင်လောက်မှာ မင်ဂိုရာမြို့လေးဟာ ပါကစ္စတန် အစိုးရရဲ့ အုပ်ချုပ်မှုအောက်မှာမရှိဘဲ တာလီဘန် မူဆလင်အစွန်းရောက်အဖွဲ့က ထိန်းပိုက်အုပ်ချုပ်ထားပါတယ်။ တာလီဘန်တွေဟာ သူတို့ရဲ့ တင်းကြပ်လွန်းတဲ့ အစွန်းရောက် ဘာသာထုံးစံအရ မင်ဂိုရာမြို့က မိန်းကလေးတွေကို ကျောင်းမနေ

ရဘူး။ ပညာမသင်ရဘူးလို့ အမိန့်ထုတ်ထားတယ်။ မလိုက်နာရင် သတ်ပစ်မယ်လို့ ခြိမ်းခြောက်ထားတယ်။

အသက် ၁၂ နှစ်သာရှိသေးတဲ့ မာလာလာဟာ အင်တာနက်မှာရှိတဲ့ အင်္ဂလန်နိုင်ငံက BBC သတင်းဌာန ဘလော့ဆိုက်မှာ တာလီဘန် အစွန်းရောက်တွေရဲ့ရက်စက်ကြမ်းကြုတ်မှုတွေ မိန်းကလေးတွေကို ပညာသင်ကြားခွင့်မပေးတာတွေကို အင်္ဂလိပ်ဘာသာနဲ့ မကြာခဏ ရေးလေ့ရှိတယ်။ ပထမတော့ Gul Makai ဆိုတဲ့ နာမည်ဝှက်နဲ့ ရေးနေတာပါ။ နောက်ကျတော့ နာမည်ရင်း မာလာလာလို့ တပ်ပြီး ရေးလာတော့တယ်။


တစ်နေ့မှာ အင်္ဂလန်နိုင်ငံက BBC သတင်းထောက်တစ်ယောက်ဟာ မင်ဂိုရာမြို့ကို ရောက်လာတယ်။ မာလာလာကို လာရှာတာပါ။ ကျောင်းတစ်ကျောင်းကို ရောက်သွားတော့ မာလာလာရဲ့အဖေနဲ့ တွေ့သွားပြီး မာလာလာနဲ့ အင်တာဗျူးလုပ်ဖြစ်တယ်။ အဲဒီသတင်းထောက်ဟာ အင်္ဂလန်ပြန်ရောက်တော့ မာလာလာနဲ့ အင်တာဗျူးလုပ်ခဲ့တဲ့ အကြောင်းအရာတွေကို ကမ္ဘာက လူအဖတ်များတဲ့ New York Times သတင်းစာမှာ ရေးလိုက်တယ်။ နောက်ပြီး ရုပ်မြင်သံကြား BBC အစီအစဉ်ကနေ မာလာလာနဲ့ အင်တာဗျူးလုပ်တုံးက ဗွီဒီယိုရိုက်ကူးထားတာတွေကို ထုတ်လွှင့်ပြသလိုက်တယ်။

အဲဒီ BBC ရဲ့ ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသချက်တွေကြောင့် ပါကစ္စတန်နိုင်ငံမှာ တာလီဘန်အစွန်းရောက်တွေရဲ့ ရက်စက်ကြမ်းကြုတ်ပုံတွေ ပါကစ္စတန် အမျိုးသမီးလေးတွေ ပညာသင်ကြားခွင့် မရတာတွေ တစ်ကမ္ဘာလုံး သိသွားကြတယ်။ တောင်အာဖရိကနိုင်ငံကလဲ မာလာလာကို International Children Peace ဆုကြီး ချီးမြှင့်လိုက်လို့ မာလာလာ နာမည်ကောင်းရလာလေလေ တာလီဘန်တွေမှာ နာမည်ဆိုးတွေ ပိုတိုးရနေတယ်။ ဒါကြောင့် တာလီဘန်တွေဟာ မာလာလာကို အရမ်းစိတ်ဆိုး ဒေါသထွက်နေကြတယ်။ သူမဆီကို အင်တာနက်ဘလော့တွေမှာ စာတွေရေးနေတာကို မရပ်ရင် သတ်ပစ်မယ်လို့ ခြိမ်းခြောက်စာတွေ ပို့တယ်။ ဒါပေမဲ့ မာလာလာက စာရေးတာမရပ်ဘဲ ဆက်ရေးမြဲပါပဲ။

၂၀၁၂ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှာ မာလာလာဟာ သူငယ်ချင်းတွေနဲ့ ဘတ်စ်ကားစီးပြီး ကျောင်းကိုသွားတယ်။ လမ်းမှာ တာလီဘန်

သေနတ်သမားတစ်ယောက်ဟာ မာလာလာတို့ စီးလာတဲ့ဘတ်စ်ကားကို ရှေ့က ပိတ်ရပ်ပြီး တားလိုက်တယ်။ သူဟာ ကားပေါ်တက်လာပြီး မာလာလာဆိုတာ ဘယ်သူလဲလို့ လက်ထဲက သေနတ်ကို ဝှေ့ရမ်းပြီး မေးလိုက်တယ်။ ကားပေါ်က သူငယ်ချင်းတွေက မာလာလာထိုင်တဲ့ဘက်ကို လှမ်းကြည့်လို့ သေနတ်သမားဟာ မာလာလာဆီသွားပြီး သူမရဲ့ ဦးခေါင်းကို သေနတ်နဲ့ အနီးကပ် သုံးချက် ပစ်ချလိုက်တယ်။ ပထမကျည်ဆံဟာ မာလာလာရဲ့ ဘယ်ဘက်နားထင်ကနေ ဖောက်ဝင်သွားပြီး မျက်နှာတစ်ဖက်ခြမ်းက ထွက်ကာ သူမရဲ့ညာဘက်ပခုံးထဲမှာ စိုက်ဝင်သွားတယ်။ မာလာလာဟာ သေနတ်ဒဏ်ရာကြောင့် ရှေ့ကို စိုက်ကျ သွားလို့ နောက်ထပ်ပစ်လိုက်တဲ့ ကျည်ဆံ ၂ တောင့်ဟာ မာလာလာကို မထိ တော့ဘဲ သူမရဲ့ဘေးနားက ထိုင်နေတဲ့သူငယ်ချင်း ၂ ယောက်ကို ထိသွားပါတယ်။ သူတို့ ၂ ယောက်ဟာ ဒဏ်ရာကြီးကြီးကျယ်ကျယ် မရပေမဲ့ မာလာလာကတော့ ဘေးကပ်ရက်မှာထိုင်နေတဲ့ သူငယ်ချင်းရဲ့ ပေါင်ပေါ်ကို သွေးတွေနဲ့ မျက်နှာ မှောက်လျက်ကျပြီး သတိလစ်သွားတယ်။

သွေးတွေရွှဲနစ်ပြီး ဒဏ်ရာအပြင်းအထန်ရတဲ့ မာလာလာကို ပါကစ္စတန် ပက်ရှဝါမြို့က ဆေးရုံတစ်ခုကို ခေါ်သွားတယ်။ သေနတ်ကျည်ဆံထိလို့ ကြေမွ သွားတဲ့ ဦးခေါင်းခွံ အစအချို့ကို ခွဲစိပ်ကုသပေးကြတယ်။ မကြာခင် မာလာလာကို အင်္ဂလန်နိုင်ငံ ဘာမင်ဂန်မြို့က Queen Elizabeth ဆေးရုံကို လေယာဉ်နဲ့ ပို့လိုက်တယ်။ သေနတ်ဒဏ်ရာကြောင့် ထိခိုက်သွားတဲ့ မာလာလာရဲ့မျက်နှာကို



ခွဲစိပ်မှုပေါင်း အကြိမ်ကြိမ်လုပ်ရတယ်။ ကံကောင်းစွာနဲ့ လပေါင်းအတန်ကြာမှာ မာလာလာဟာ ဦးနှောက်မထိခိုက်ဘဲ ပုံမှန်ပြန်ဖြစ်လာပါတယ်။

၂၀၁၃ ခုနှစ် မတ်လမှာ မာလာလာ ဆေးရုံကဆင်းလာပြီး သူမရဲ့ အသက်အန္တရာယ် စိတ်မချရလို့ ပါကစ္စတန်နိုင်ငံကို မပြန်တော့ဘဲ အင်္ဂလန်နိုင်ငံ ဘာမင်ဂန်မြို့မှာပဲ ကျောင်းဆက်တက်လိုက်တယ်။ အင်္ဂလန်မှာ ကျောင်းတက်ရင်းနဲ့ တစ်ကမ္ဘာလုံးမှာရှိတဲ့ ကလေးတိုင်း ပညာသင်ကြားခွင့်ရရေး လှုပ်ရှားမှုတွေ ဆောင်ရွက်နေခဲ့တယ်။ အင်္ဂလန်မှာ လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့်ရလို့ သူမရဲ့ ဆောင်ရွက်ချက်တွေ လူသိပိုများလာခဲ့တယ်။


မာလာလာ သေနတ်နဲ့ အပစ်ခံရတဲ့သတင်းရယ်၊ အင်္ဂလန်နိုင်ငံကနေ ကလေးတိုင်း ပညာသင်ကြားခွင့် လှုပ်ရှားမှုရယ်ကြောင့် ကမ္ဘာ့နိုင်ငံတွေဟာ ဆင်းရဲတဲ့ကလေးတွေ ကျောင်းနေခွင့်မရတဲ့အကြောင်း ပိုပြီးသိလာကြတယ်။ ဆင်းရဲတဲ့ နိုင်ငံအတော်များများမှာလဲ ကလေးတိုင်း ပညာသင်ယူခွင့်ရဖို့ အစိုးရကို လူတွေ ဆန္ဒပြ တောင်းဆိုလာကြတယ်။ နောက်ဆုံးမှာ ကမ္ဘာ့ကုလသမဂ္ဂကြီးက ကလေးတိုင်း ပညာသင်ကြားခွင့်ပြုဖို့ နိုင်ငံတကာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းလိုက်ရတယ်။




မာလာလာရဲ့ ဓာတ်ပုံနဲ့ သတင်းဟာ ၂၀၁၃ ခုနှစ်မှာ ထုတ်ဝေတဲ့ ကမ္ဘာကျော် Times မဂ္ဂဇင်းကြီး အပါအဝင် ကမ္ဘာ့စာနယ်ဇင်းတွေမှာ ဖော်ပြခံရတယ်။ နိုင်ငံတကာကလဲ မာလာလာကို ဂုဏ်ပြုဆုတွေ အများကြီး ချီးမြှင့်ကြတယ်။

၂၀၁၄ ခုနှစ် အောက်တိုဘာလမှာ အသက် ၁၇ နှစ်သာရှိသေးတဲ့ မာလာလာကို အိန္ဒိယနိုင်ငံသား အသက် ၆၀ အရွယ် Kailash Satyarthi နဲ့ အတူ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆုကြီးကို ပူးတွဲချီးမြှင့်လိုက်လို့ မာလာလာဟာ အသက်အငယ်ဆုံး နိုဘယ်ဆုရှင် ဖြစ်လာခဲ့ပါတယ်။ သူတို့နှစ်ယောက်ဟာ နိုဘယ်ဆုချီးမြှင့်ငွေ ဒေါ်လာ (၁.၄) သန်းကို တစ်ဝက်စီ ခွဲဝေရရှိခဲ့ကြတယ်။ မာလာလာဟာ သူမရတဲ့ ဆုကြေးငွေတစ်ဝက်ဖြစ်တဲ့ ဒေါ်လာ (၇)သိန်းကို တစ်ပြားတစ်ချပ်မှ မသုံးဘဲ သူမ ထူထောင်ထားတဲ့

Malala Fund အဖွဲ့အစည်းထဲကို ထည့်ဝင်လိုက်ပါတယ်။ အဲဒီအဖွဲ့အစည်းဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ ဆင်းရဲတဲ့ကလေးတွေ ပညာသင်ကြားနိုင်ရေးအတွက် အကူအညီပေးဖို့ပါ။




သူမနဲ့ တခြားစာရေးဆရာတစ်ယောက် ပေါင်းပြီး ရေးသားထုတ်ဝေ လိုက်တဲ့ "I am Malala" စာအုပ်ဟာလဲ ယနေ့ ကမ္ဘာမှာ အုပ်ရေ သန်းချီ ရောင်းနေရပါတယ်။

မာလာလာကို ဘာကြောင့် နိုဘယ်ဆု ချီးမြှင့်ခဲ့တာလဲ။




မာလာလာဟာ အသက်ငယ်ငယ် လေးနဲ့ ကမ္ဘာမှာ အရက်စက် အကြမ်းကြုတ်ဆုံး ဖြစ်တဲ့ တာလီဘန်တွေကို မကြောက်မရွံ့ အံတုပြီး ပါကစ္စတန်မှာ မိန်းကလေးတွေ ပညာသင်ခွင့် ရအောင် တောင်းဆိုခဲ့တာရယ်၊ သူမကို ရက်ရက်စက်စက် အနီးကပ် သေနတ်နဲ့ပစ်ပြီး လုပ်ကြံခဲ့တဲ့ ဖြစ်ရပ်ရယ်၊ သူမရဲ့ လှုပ်ရှားမှုကြောင့် တစ်ကမ္ဘာလုံးမှာ ကလေးတိုင်း ပညာသင်ခွင့်ရရေး တောင်းဆိုမှုတွေ ပေါ်ပေါက်လာခဲ့တာရယ်၊ သူမရဲ့စိတ်ဓာတ်ကို အားကျပြီး လူငယ်တွေကြားမှာ မတရားမှုကို ခေါင်းငုံ့မခံတတ်တဲ့စိတ်ဓာတ်၊ ကြိုးစားချင်စိတ်၊ ပညာသင်ယူချင်စိတ်တွေ ပေါ်လာကြတယ်ဆိုတဲ့ အချက်တွေကြောင့် နိုဘယ်ဆု ချီးမြှင့်ပေးခဲ့ခြင်းပါ။

နိုဘယ်ဆု ချီးမြှင့်တဲ့ အခမ်းအနားမှာ တက်ရောက် ဆုယူခဲ့တဲ့ မာလာလာက တက်ရောက်လာတဲ့ ပရိသတ်ကြီးကို ခုလို စကားတစ်ခွန်း ပြောခဲ့ပါတယ်။ "တာလီဘန်တွေဟာ ကျမရဲ့ဦးခေါင်းကို သေနတ်နဲ့ ပစ်ခဲ့တယ်။ ကျမရဲ့ သူငယ်ချင်းနှစ်ယောက်ကိုလဲ ပစ်ခဲ့တယ်။ တာလီဘန်တွေထင်တာက သူတို့ရဲ့ ကျည်ဆံဟာ ကျမကို နှုတ်ဆိတ်သွားလိမ့်မယ်လို့။ ဒါပေမဲ့ သူတို့လုပ်ရပ် မအောင်မြင်ခဲ့ပါဘူး" တဲ့။

၁၇ နှစ်အရွယ် ကောင်မလေးတစ်ယောက်ဟာ ကမ္ဘာကြီးမှာ အပြောင်းအလဲဖြစ်သွားအောင် စွမ်းဆောင်နိုင်ခဲ့သေးရင် တို့လူငယ်တွေကရော အနည်းဆုံး မိမိပတ်ဝန်းကျင်၊ မိမိမြို့ နိုင်ငံကို ပြောင်းလဲသွားစေမယ့် လုပ်ရပ်တွေ မလုပ်နိုင်ကြဘူးလားလို့ စဉ်းစားစေချင်ပါတယ်။

❑




လောကကြီးမှာ လူတွေဟာ ဘဝတစ်ကွေ့ တစ်ချိန်တစ်ခါမှာ ရှုံးနိမ့်မှုနဲ့ ကြုံခဲ့ကြမှာပါ။ စာမေးပွဲ ကျခဲ့ဖူးတာရှိမယ်။ ချစ်သူရည်းစားရဲ့ စွန့်ပစ်မှုခံခဲ့ရတာ ရှိမယ်။ အလုပ်ဖြုတ်ခံလိုက်ရတာရှိမယ်။ အရှုံးပေါ်လို့ ကုမ္ပဏီလုပ်ငန်း ပိတ်လိုက်ရတာတွေလဲရှိမယ်။ တစ်ကြိမ်တစ်ခါလောက် အရှုံးနဲ့ ရင်ဆိုင်လိုက်ရင်ပဲ အချို့က လက်လျှော့အရှုံးပေးပြီး ထပ်မံမကြိုးစားတော့ဘူး။ အချို့ကျတော့ နင်လားဟဲ့ လောကခံဆိုပြီး အရှုံးကို သင်ခန်းစာယူလို့ လက်မြှောက်အရှုံးမပေးဘဲ ဆက်ကြိုးစားသွားကြပြီး အောင်မြင်မှုရသွားကြတယ်။

အဲဒီလို လက်မြှောက်အရှုံးမပေးတတ်တဲ့ လူစားတွေထဲမှာ စံနမူနာထား တင်စားပြောခံရသူတစ်ယောက် ရှိပါတယ်။ သူက အမေရိကန်နိုင်ငံရဲ့ (၁၆) ယောက်မြောက် သမ္မတကြီး အေဘရာဟမ်လင်ကွန်း (Abraham Lincoln) ပါ။ လင်ကွန်းဟာ အမေရိကန်ပြည်တွင်းစစ်ကို အနိုင်တိုက်ပြီး သူ့အရင် နှစ်ပေါင်းများစွာကတည်းက အရိုးစွဲ အလေ့အကျင့်ဖြစ်နေတဲ့ လူမည်းတွေကို ကျွန်ပြုလုပ်တဲ့ စနစ်ကို တိုက်ဖျက်နိုင်ခဲ့လို့ အမေရိကန်သမိုင်းမှာ အတော်ဆုံးသမ္မတတစ်ယောက်အဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။

လင်ကွန်းကို ၁၈၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က အမေရိကန်နိုင်ငံ ကင်တာကီမြို့မှာ မွေးဖွားခဲ့တယ်။ သူ့အဖေဟာ သီးနှံစိုက်ပျိုးတဲ့ ယာခင်းလုပ်ရင်း အသက်မွေးရလို့ လင်ကွန်းတို့မိသားစုဟာ အတော်လေး ဆင်းဆင်း



ရဲရဲ နေခဲ့ကြရတယ်။ လင်ကွန်း အသက် ၁၀ နှစ်ပြည့်တော့ သူ့အဖေ ဆုံးသွားတယ်။ တစ်နှစ်ကြာတော့ လင်ကွန်းရဲ့အဖေဟာ ကလေးသုံးယောက်မိခင် ဆာရာနဲ့ လက်ထပ်လိုက်တယ်။ ဆာရာဟာ မိထွေးဖြစ်ပေမဲ့ လင်ကွန်းကို သားအရင်းလို ချစ်တယ်။ လင်ကွန်းရဲ့ ကြိုးစားချင်စိတ်နဲ့ စူးစမ်းလေ့လာချင်စိတ်ရှိတာကို သတိ ထားမိတယ်။ ဒါကြောင့် အတန်းကျောင်းမှာ တစ်နှစ်ခွဲပဲ စာသင်ဖူးတဲ့ လင်ကွန်းလေး (၁၀ နှစ်သား) ကို အိမ်အလုပ်တွေ ပြီးသွားတဲ့အချိန်မှာ စာရေးစာဖတ်တာတွေ သင်ပေးတယ်။

လင်ကွန်းဟာ စာရေးစာဖတ် အတော်လေးတတ်လာပြီဆိုတာနဲ့ နီးစပ်ရာ စာအုပ်မှန်သမျှကို ဖတ်တယ်။ အိမ်နီးချင်းတွေ ခရစ်ယာန်ဘုန်းကြီးတွေဆီကနေလဲ စာအုပ်တွေ ငှားဖတ်တယ်။ တစ်ခါတလေ သူဟာ မိုင်ပေါင်းများစွာ ခြေလျင်လမ်းလျှောက်ပြီး စာအုပ်သွားငှားတယ်။ ပြန်ပို့ပေးတယ်။ ရေးစရာစာအုပ်၊ ခဲတံ၊ ခဲဖျက်တွေ မဝယ်နိုင်လို့ သူနေတဲ့ သစ်လုံးအိမ်နံရံပေါ်မှာနဲ့ သစ်သားပြားတွေပေါ်မှာ မီးသွေးနဲ့ခြစ်ပြီး စာတွေမှတ်တယ်။ သင်္ချာပုစ္ဆာတွေတွက်တယ်။

ဒီအကြောင်းလေးက လင်ကွန်းရဲ့ ငယ်ဘဝလေးပါ။ တစ်နှစ်ခွဲလောက်သာ အတန်းကျောင်းနေခဲ့ဖူးတဲ့ လင်ကွန်းတစ်ယောက် အမေရိကန်သမ္မတတစ်ယောက် ဘယ်လိုဖြစ်လာခဲ့သလဲ။ သူ လွယ်လွယ်ကူကူနဲ့ ဖြစ်ခဲ့တာ မဟုတ်သလို ကံကောင်းလို့လဲ မဟုတ်ပါဘူး။ သူ့ဘဝတစ်လျှောက်မှာ အောက်မှာဖော်ပြထားတဲ့ ရှုံးနိမ့်ကျဆုံးမှုပေါင်းများစွာနဲ့ ရင်ဆိုင်ခဲ့ရတယ်။

| | |
|---|---|
| ၁၈၃၁ ခုနှစ် | အသက် ၂၂ နှစ်မှာ အလုပ်ပြုတ်သွားတယ်။ |
| ၁၈၃၂ ခုနှစ် | အီလီနွိုက်ပြည်နယ် တရားသူကြီးအဖြစ် ဝင်အရွေးခံတာ ရှုံးနိမ့်သွားတယ်။ |

၁၈၃၃ ခုနှစ် အကြွေးမဆပ်နိုင်လို့ သူ့ကိုယ်ပိုင်လုပ်ငန်းကို ပိတ်ပစ်လိုက်ရတယ်။

၁၈၃၄ ခုနှစ် အီလီနွိုက်ပြည်နယ် တရားသူကြီးအဖြစ် ထပ်မံယှဉ်ပြိုင်တယ်။ အရွေးခံရတယ်။ (အောင်မြင်မှု)

၁၈၃၅ ခုနှစ် သူ့ရည်းစား အဲန် ကွယ်လွန်သွားတယ်။

၁၈၃၆ ခုနှစ် သူ ရူးကြောင်ကြောင် ဖြစ်သွားတယ်။

၁၈၃၈ ခုနှစ် အီလီနွိုက်ပြည်နယ် လွှတ်တော်မှာ ပြောခွင့်ရ ရာထူးအတွက် ကမ်းလှမ်းခံရတယ်။ ရွေးချယ်ပွဲမှာ ထောက်ခံမဲအပြည့်မရလို့ အရွေးမခံရဘူး။

၁၈၄၃ ခုနှစ် ကွန်ဂရက်အမတ်အဖြစ် အရွေးခံဖို့ ဝင်ပြိုင်တာ ရှုံးသွားတယ်။

၁၈၄၆ ခုနှစ် ကွန်ဂရက်အမတ်အဖြစ် ထပ်မံအရွေးခံဝင်ပြိုင်တာ အရွေးခံရတယ်။ (အောင်မြင်မှု)

၁၈၄၈ ခုနှစ် ကွန်ဂရက်အမတ်အဖြစ် နောက်သက်တမ်းအတွက် အရွေးမခံရတော့ဘဲ ရှုံးနိမ့်သွားတယ်။

၁၈၅၄ ခုနှစ် ဆီးနိတ်လွှတ်တော်ကိုယ်စားလှယ် အရွေးခံတာ ရှုံးသွားတယ်။

၁၈၅၆ ခုနှစ် အမေရိက ဒု-သမ္မတ ဝင်အရွေးခံတာ ရှုံးနိမ့်သွားတယ်။

၁၈၅၈ ခုနှစ် ဆီးနိတ်လွှတ်တော်ကိုယ်စားလှယ်နေရာ ထပ်မံယှဉ်ပြိုင်တယ်။ ရှုံးနိမ့်သွားတယ်။

၁၈၆၀ ခုနှစ် အမေရိကန်နိုင်ငံရဲ့ ၁၆ ယောက်မြောက် သမ္မတအဖြစ် အရွေးခံရတယ်။ (အောင်မြင်မှုကြီး)





လင်ကွန်းလောက် များပြားလှတဲ့ ရှုံးနိမ့်မှုတွေ ရင်ဆိုင်ခဲ့ရတဲ့လူ မရှိသလောက် ရှားပါးလှပါတယ်။

လင်ကွန်းဟာ အဲဒီလို ရှုံးနိမ့်မှုတွေ ကြုံတွေ့တိုင်း ဘယ်တော့မှ လက်မြှောက်အရှုံးမပေးဘဲ အောင်မြင်မှုရသည့်တိုင် ကြိုးစားခဲ့တယ်။ အရှုံးနဲ့ ရင်ဆိုင်ရတာကို သူဟာ ပန်းနဲ့ပေါက်တယ်လို့ သဘောထားပြီး အပြုံးမပျက် ဆက်ကြိုးစားတယ်။ သူဟာ ဘယ်နှစ်ကြိမ် အထိုးခံရပြီး ကြမ်းပေါ်လဲကျသွားပါစေ အမြဲတမ်း ခေါင်းထောင်ပြန်ထလာတတ်တဲ့ ပစ်တိုင်းထောင်ရုပ်လေးနဲ့ တင်စားလိုက်ပါတယ်။

❑

**မှတ်ချက်** ။ ။ **သမ္မတကြီးလင်ကွန်းဟာ ကဇာတ်ရုံတစ်ခုမှာ ပွဲကြည့်နေတုံး သေနတ်နဲ့ အနီးကပ် အပစ်ခံရပြီး လုပ်ကြံသတ်ဖြတ် ခံလိုက်ရလို့ ၁၈၆၅ ခုနှစ် ဧပြီလ ၁၅ ရက်နေ့မှာ ကွယ်လွန်သွားခဲ့ပါတယ်။**




ယနေ့ ကမ္ဘာ့အကောင်းဆုံး ဘောလုံးကလပ်အသင်းတစ်ခုဖြစ်တဲ့ စပိန်နိုင်ငံ ဘာစီလိုးနား (FC Barcelona) အသင်းက နာမည်ကျော် ဘောလုံးသမား လိုင်ယွန်နယ်မက်ဆီ (Lionel Messi) ကို အတော်များများ သိကြပါတယ်။ ဒါပေမဲ့ သူ့ဘဝဖြစ်စဉ်လေးကို မသိသူများအတွက် ရေးသားတင်ဆက်ပေးလိုက်ပါတယ်။

မက်ဆီကို ၁၉၈၇ ခုနှစ် ဇွန်လ ၂၄ ရက်နေ့က အာဂျင်တီးနားနိုင်ငံရှိ ဆာရီယိုမြို့လေးမှာ မွေးဖွားခဲ့ပါတယ်။ မွေးချင်း ၄ ယောက်ထဲမှာ တတိယမြောက်ပါ။ အစ်ကိုနှစ်ယောက်နဲ့ ညီမတစ်ယောက် ရှိပါတယ်။

သူ့မိဘတွေဟာ ချမ်းသာကြသူများ မဟုတ်ကြပါ။ အဖေက အဲဒီမြို့က စက်ရုံတစ်ခုမှာ သံရည်ကြိုလောင်းတဲ့ အလုပ်သမားတစ်ယောက်ပါ။ ညနေပိုင်းနဲ့ အလုပ်ပိတ်ရက်တွေမှာ လူငယ်ဘောလုံးကလပ်သင်းလေးတစ်ခုကို နည်းပြလုပ်ပေးတယ်။ အမေကတော့ သန့်ရှင်းရေး အလုပ်သမတစ်ဦးပါ။

မက်ဆီဟာ အသက် ၅ နှစ်အရွယ်လောက်ကစပြီး သူ့အစ်ကိုနှစ်ယောက် ဘောလုံးသွားကန်ရင် အမြဲလိုက်သွားပြီး ဘောလုံးကစားပါတယ်။ သူဟာ သူ့ထက်အသက်ကြီး လူကောင်လဲကြီးတဲ့ ကလေးတွေနဲ့ ကစားရပေမဲ့ မကြောက်မရွံ့ယှဉ်ပြီး ကစားနိုင်တယ်။ သိပ်မကြာခင်မှာ သူ့အဖေ နည်းပြပေးနေတဲ့ လူငယ်ကလပ်အသင်းမှာ ကစားခွင့်ရခဲ့တယ်။

သူ အသက် ၈ နှစ်အရွယ်ရောက်တော့ Newell's Old Boys ဆိုတဲ့ လူငယ်ကလပ်အသင်းမှာ ဝင်ကစားတယ်။ အဲဒီအသင်းဟာ မက်ဆီရောက်လာပြီး စကစားကတည်းက နောက် ၄ နှစ်တာ ကာလတစ်လျှောက် ဘောလုံးပြိုင်ပွဲတွေမှာ တစ်ပွဲပဲ ရှုံးခဲ့ဖူးပါတယ်။

မက်ဆီ အသက် ၁၁ နှစ်ရောက်တော့ သူ့ရဲ့ခန္ဓာကိုယ်ဟာ သူနဲ့ အသက်တူလူငယ်တွေထက် သိသိသာသာ သေးငယ်တာကို သတိထားမိတဲ့ သူ့မိဘတွေက ဆရာဝန်တွေနဲ့ပြပြီး တိုင်ပင်တယ်။ ဆရာဝန်တွေက မက်ဆီကို စမ်းသပ်ကြည့်ကြပြီး သူ့မှာ ခန္ဓာကိုယ်ကို ဖွံ့ဖြိုးစေတဲ့ ဟိုမုန်းဓာတ်နည်းတဲ့ ရောဂါ ဖြစ်နေတယ်လို့ ပြောကြတယ်။ အဲဒါကို ကုသဖို့ ညစဉ်ညတိုင်း ဟိုမန်းထိုးဆေး ထိုးဖို့ လိုအပ်တယ်လို့လဲ ပြောတယ်။ ဆေးဖိုးက တစ်လကို အမေရိကန်ဒေါ်လာ ၉၀၀ လောက် ကုန်မယ်တဲ့။

မက်ဆီရဲ့မိဘတွေဟာ အဲဒီဆေးဖိုးကို မတတ်နိုင်တာကြောင့် အာဂျင်တီးနားမှာရှိတဲ့ ဘောလုံးကလပ်သင်းတွေကို မက်ဆီအတွက် ဆေးဖိုးကူညီပေးဖို့ အကူအညီ လိုက်လံတောင်းခံပါတယ်။ ကလပ်သင်းတွေဟာ မက်ဆီရဲ့ ဘောလုံးပညာစွမ်းရည်နဲ့ ဘောလုံးပါရမီကို သိနေကြပေမဲ့ တာရှည် ဆေးဖိုးအကုန်ခံတာ မလုပ်နိုင်လို့ မက်ဆီမိဘတွေရဲ့ အကူအညီတောင်းခံတာကို ငြင်းပယ်လိုက်ကြတယ်။ အခွင့်အလမ်းကို မမြင်တတ်ကြတာပါ။




မက်ဆီ အသက် ၁၃ နှစ်သားမှာ စပိန်နိုင်ငံက နာမည်ကြီးကလပ်သင်း ဘာစီလိုနာက အားကစားဒါရိုက်တာ Charles Rexach ဆိုသူဟာ မက်ဆီတို့မြို့ကို ရောက်လာခဲ့ပါတယ်။ မက်ဆီရဲ့ ဘောလုံးစွမ်းရည်သတင်းကို ကြားထားလို့ မက်ဆီကို မျက်မြင်ကိုယ်တွေ့ လာအကဲခတ်တာပါ။ မက်ဆီကစားတဲ့ ဘောလုံး ၂ ပွဲ ၃ ပွဲကို ကြည့်ပြီးတာနဲ့ ဒါရိုက်တာ Charles ဟာ မက်ဆီရဲ့ မိဘတွေနဲ့ စကားပြောကြည့်တယ်။

မက်ဆီနဲ့ ဘောလုံးစာချုပ်ချုပ်ဖို့ ဆွေးနွေးပြီး မက်ဆီရဲ့ မိဘတွေ သဘောတူညီချက် ရပြီးပြီးချင်းမှာပဲ စာချုပ်ချုပ်လိုက်တယ်။ စာချုပ်အဖြစ် လက်သုတ်တဲ့ တစ်ရှူးစက္ကူပေါ်မှာရေးပြီး လက်မှတ်ထိုး ချုပ်လိုက်ကြတာပါ။ ဘာကြောင့်လဲ ဆိုတော့ မက်ဆီရဲ့ အရည်အချင်းကိုမြင်ပြီး အရမ်းကြိုက်နေတော့ စာချုပ် စာတမ်း လိုက်ရှာနေရင် မက်ဆီမိဘတွေ စိတ်ပြောင်းသွားပြီး စာချုပ် မချုပ်လိုက်မှာ စိုးလို့ပါ။

စာချုပ်ထဲမှာ မက်ဆီကို ဘာစီလိုးနားရဲ့ လူငယ်ကလပ်သင်းမှာ ကစားခွင့်ပေးမယ်။ မက်ဆီရဲ့ ဆေးဖိုးဝါးခနဲ့ ဆေးကုသဖို့ ကုန်ကျစရိတ်အားလုံးကို အပြည့်အဝ တာဝန်ယူမယ်။ ဒါပေမဲ့ မက်ဆီဟာ သူ့မွေးရာဇာတိ အာဂျင်တီးနားကနေ စပိန်နိုင်ငံ ဘာစီလိုးနားမြို့ကို ပြောင်းရွှေ့နေထိုင်ရမယ်။ သူ့မိဘတွေကလဲ မက်ဆီအတွက် ဆေးကုသရလို့ ဝမ်းသာအားရ သဘောတူလိုက်ခံလိုက်ကြပြီး မကြာခင်မှာ မက်ဆီတို့မိသားစုတစ်ခုလုံး စပိန်နိုင်ငံကို ပြောင်းသွားကြတယ်။

မက်ဆီဟာ စပိန်နိုင်ငံစရောက်တော့ ပတ်ဝန်းကျင်အသစ်မှာ နေသားမကျသလို အာဂျင်တီးနားက သူ့သူငယ်ချင်းတွေကို လွမ်းနေ သတိရနေတယ်။ ဒါပေမဲ့ သူ့မိဘတွေဟာ သူ့အတွက် အနစ်နာခံပြီး မွေးရပ်မြေ အာဂျင်တီးနားကို စွန့်ခွာခဲ့တာကို နားလည်တာကြောင့် ဘောလုံးကိုပဲ အာရုံပြည့် စူးစိုက်လေ့ကျင့်ပါတော့တယ်။ မကြာခင်မှာပဲ ဘာစီလိုးနားရဲ့ လူငယ်ကလပ်အသင်းမှာ ပါဝင်ကစားခွင့်ရခဲ့တယ်။

၂၀၀၅ ခုနှစ် မက်ဆီ အသက် ၁၆ နှစ်မှာ ဘာစီလိုးနား ကြေးစားကလပ်အသင်းကြီးမှာ စတင်ကစားခွင့်ရလိုက်တယ်။ စကစားတဲ့ ပထမဆုံးပွဲမှာပဲ သူဟာ တစ်ဂိုး စတင်သွင်းနိုင်ခဲ့လို့ စပိန်ကြေးစား ဘောလုံးကလပ်အသင်း




တွေရဲ့ရာဇဝင်မှာ အသက်အငယ်ဆုံး ဂိုးသွင်းတဲ့ ဘောလုံးသမားအဖြစ် မှတ်တမ်း ဝင်သွားခဲ့ပါတယ်။

အဲဒီနှစ်မှာပဲ မက်ဆီဟာ အသက် ၂၀ နှစ်အောက် လူငယ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ အာဂျင်တီးနားနိုင်ငံကို ကိုယ်စားပြု ကစားခဲ့သလို အာဂျင်တီးနားအသင်းဟာလဲ ချန်ပီယံဖြစ်သွားခဲ့ပါတယ်။ အဲဒီ လူငယ်ဘောလုံးပြိုင်ပွဲ မတိုင်ခင်လေးမှာ စပိန်အစိုးရက မက်ဆီကို စပိန်နိုင်ငံသား ပေးအပ်လိုက်ပြီး လူငယ်ပြိုင်ပွဲမှာ စပိန်နိုင်ငံကို ကိုယ်စားပြု ယှဉ်ပြိုင်ကစားပေးဖို့ မက်လုံးပေး ဆွဲဆောင်ခဲ့ကြတယ်။ ဒါပေမဲ့ မက်ဆီကတော့ သူ့မွေးရာဇာတိနိုင်ငံ အာဂျင်တီးနား ဘက်ကပဲ ပါဝင်ကစားသွားခဲ့တာပါ။

မက်ဆီဟာ ဘာစီလိုးနားအသင်းရဲ့ ငွေအတော်များများ အကုန်အကျ ခံပြီး စနစ်တကျ ဆေးကုသပေးလိုက်တာကြောင့် သူ့ခန္ဓာကိုယ်ဟာ မြန်မြန် ဆန်ဆန် ကြီးထွားလာပြီး အရပ်လဲ ၅ ပေ ၇ လက်မအထိ မြင့်လာခဲ့တယ်။ သူ့အရပ်ဟာ ကြေးစားဘောလုံးသမားတွေရဲ့ အရပ်အမြင့်နဲ့ နှိုင်းယှဉ်ရင် အတော်လေး နိမ့်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ အံ့မခန်းဖွယ် ဘောလုံးအထိန်းအသိမ်း၊ ဘောလုံးသယ်ဆောင်ရွေ့လျားမှု၊ နောက်တန်းလူတွေကို မျက်လှည့်ပြသလို လှည့်စားတတ်မှုတွေကြောင့် မက်ဆီရဲ့နာမည်ဟာ ကမ္ဘာကျော်လာခဲ့တယ်။

သူ စတင် ပါဝင်ကစားခဲ့ကတည်းက ဘာစီလိုးနားကလပ်အသင်းဟာ စပိန်ကလပ်အသင်းများပြိုင်ပွဲ (La Liga) နဲ့ နိုင်ငံတကာ ကလပ်သင်း ချန်ပီယံ ပြိုင်ပွဲ (Champions League) တွေမှာ အကြိမ်ကြိမ် ချန်ပီယံဆုတွေ ဆွတ်ခူး ရခဲ့တယ်။

မက်ဆီလဲ ဘောလုံးဆုတွေထဲမှာ အမြင့်ဆုံးဆုဖြစ်တဲ့ ကမ္ဘာ့အကောင်း ဆုံး ဘောလုံးသမားဆုကို ၂၀၀၉ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ ၄ နှစ် ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့ပါတယ်။



သူဟာ ဘာစီလိုးနား ကလပ် အသင်းက ပေးနေတဲ့ အခြေခံလစာ (အခြားခံစားခွင့် တွေမပါ) ဟာ တစ်နှစ်ကို ဒေါ်လာ ၂၁ သန်းဖြစ်လို့

ကမ္ဘာပေါ်မှာ လစာအများဆုံးရတဲ့ အားကစားသမားတစ်ယောက် ဖြစ်နေပါတယ်။ အကယ်၍ ခံစားခွင့်၊ ဆုကြေးနဲ့ ကြော်ငြာခတွေ ပေါင်းလိုက်ရင် တစ်နေ့ကို ဒေါ်လာ တစ်သိန်းနှစ်သောင်း ကျော်ပါတယ်။



မက်ဆီဟာ ယခုအချိန်မှာ စပိန်နိုင်ငံသားနဲ့ အာဂျင်တီးနားနိုင်ငံသား နှစ်ခုလုံး ခံယူထားပြီး စပိန်နိုင်ငံ ဘာစီလိုနာမြို့လေးမှာ ဇနီးသည် အင်တိုနီလာနဲ့ သားတစ်ယောက်နဲ့ အတူနေထိုင်လျက် ရှိပါတယ်။

သူ့ကို ကမ္ဘာ့ကလပ်အသင်းကြီးတွေက သူတို့အသင်းကို ပြောင်းရွှေ့ကစားဖို့ ဘာစီလိုနာအသင်းပေးတဲ့ လစာနဲ့ ခံစားခွင့်တွေထက် ပိုပေးမယ်ဆိုပြီး အမျိုးမျိုး လာရောက်ဆွဲဆောင် စည်းရုံးကြပေမယ့် မက်ဆီကတော့ သူ့ကို ငယ်စဉ်တုံးက ဆေးကုသပေးခဲ့တဲ့ ကျေးဇူးရှင် ဘာစီလိုနားကလပ်အသင်းမှာပဲ သစ္စာရှိစွာ ဆက်နေမယ်ပြောပြီး ငြင်းပယ်လိုက်တာကြောင့် အားလုံးဟာ လက်လျှော့သွားကြတယ်။

မက်ဆီဟာ ချမ်းသာသလို လူမှုရေးလုပ်ငန်းတွေမှာလဲ အကူအညီတွေ ပေးနေပါတယ်။

၂၀၀၇ ခုနှစ်မှာ Leo Messi Foundation ဆိုတဲ့ လူမှုရေးအဖွဲ့တစ်ခု တည်ထောင်ပြီး မသန်မစွမ်း လူငယ်လေးတွေကို ငွေရေးကြေးရေး အကူအညီ

FundaciónLeoMessi
ELEGÍ CREER



ပေးနေပါတယ်။ ၂၀၁၃ ခုနှစ်မှာ အာဂျင်တီးနားက သူ့ဇာတိမြို့လေးမှာ ကလေးဆေးရုံတစ်ခုဆောက်ဖို့ ဗြိတိန်ပေါင် ၆ သိန်း လှူခဲ့ပါသေးတယ်။

မက်ဆီရဲ့စကားတွေထဲက လူငယ်တွေ မှတ်သား အတုယူစရာ စကားလေးတစ်ခွန်းကတော့ "ကျနော်ဟာ ဘောလုံးလေ့ကျင့်ဖို့ မနက်အစောကြီး ထရတယ်။ ညပိုင်းရောက်တော့လဲ ကျောင်းစာတွေ လေ့လာကျက်မှတ်နေရလို့ ညနက်မှ အိပ်ရတယ်။ အဲဒါ တစ်ရက်မဟုတ်ဘူး။ တစ်လ မဟုတ်ဘူး။ နှစ်ပေါင်းများစွာ မပျက်မကွက် လုပ်ခဲ့တာပါ။ ကျနော် ညတွင်းချင်း အောင်မြင်ကျော်ကြားသွားတဲ့ ဘောလုံးသမားတစ်ယောက်ဖြစ်လာဖို့ ၁၇ နှစ်နဲ့ ၁၁၄ ရက် အချိန်ယူခဲ့ရပါတယ်"။

❑

# "မန်နီပါကွီယားနီး"




ကမ္ဘာ့လက်ဝှေ့သမိုင်းမှာ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဟောင်း မိုဟာမက် အလီပြီးရင် ဖိလစ်ပိုင်နိုင်ငံသား မန်နီပါကွီယားနီး (Manny Pacquiano) ကို ဒုတိယ အကြီးကျယ်ဆုံး လက်ဝှေ့သမားတစ်ယောက်အဖြစ် သတ်မှတ်ခဲ့ကြတယ်။ Pac-Man ပက်မင်းလို့ ဖိလစ်ပိုင်နိုင်ငံသားတွေက သူ့ကို ခေါ်ကြတယ်။

ဘာကြောင့် မန်နီကို ဒုတိယအကြီးကျယ်ဆုံး လက်ဝှေ့သမားလို့ သတ်မှတ်ကြတာလဲ။ သူဟာ ကမ္ဘာ့လက်ဝှေ့အတန်းတွေဖြစ်ကြတဲ့ လိုက်ဝိတ်တန်း၊ ဖလိုင်းဝိတ်တန်း စတဲ့ အတန်း (၈) မျိုးစလုံးမှာ ချန်ပီယံ အကြိမ်ကြိမ်ရခဲ့ဖူးလို့ပါ။


မန်နီကို ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့က ဖိလစ်ပိုင်နိုင်ငံ မင်ဒါနီးနယ်မြေရဲ့ ကီဘာဝဲရွာလေးမှာ မွေးဖွားခဲ့ပါတယ်။ မွေးချင်း ၄ ယောက်မှာ ဒုတိယမြောက်ဖြစ်ပါတယ်။

သူငယ်စဉ်အရွယ်မှာပဲ သူ့အဖေဟာ နောက်မိန်းမယူသွားပြီး အိမ်က ထွက်သွားလို့ လမ်းတကာမှာ ပေါင်မုန့်လှည့်လည်ရောင်းရင်း ကျောင်းစားရိတ် ရှာခဲ့ရတယ်။

မန်နီဟာ ငယ်စဉ် ကလေးဘဝကတည်းက လက်ဝှေ့ထိုးတာကို အရမ်း ဝါသနာပါလို့ သူငယ်ချင်းတွေနဲ့ ချိန်းပွဲတွေလုပ်ပြီး ထိုးသတ်ပါတယ်။ နိုင်သူက ဖိလစ်ပိုင်ပိုက်ဆံ ပီဆို ၁၀၀ (၃ ဒေါ်လာခွဲ) ရပြီး ရှုံးသူက ပီဆို ၅၀ ပဲ ရပါတယ်။

မန်နီဟာ ချိန်းပွဲတိုင်းနီးပါး နိုင်ခဲ့ပါတယ်။ လက်ဝှေ့ပွဲပြီးသွားရင် အနိုင်ရတဲ့ မန်နီဟာ သစ်ပင်တစ်ပင်ပေါ်တက်ပြီး ဆုရတဲ့ငွေတချို့ကို သစ်ပင်အောက်မှာ စောင့်နေကြတဲ့ သူငယ်ချင်းတွေအပေါ် ကြဲချပြီး အောင်ပွဲခံလေ့ရှိတယ်။

သူရတဲ့ဆုကြေးရဲ့ တစ်ဝက်ကိုတော့ သူ့အမေကို အိမ်အတွက်သုံးဖို့ ပေးပါတယ်။ သူ့အတွက်ကတော့ သူစားချင်တဲ့ ချိုချဉ်ထုတ်လေးတွေ ဝယ်စား ပါတယ်။



အသက် ၁၅ နှစ်အရွယ်မှာ မန်နီဟာ အလုပ်လုပ်ဖို့ ကျောင်းထွက် လိုက်တယ်။ ဆောက်လုပ်ရေး လုပ်ငန်းတစ်ခုမှာ အလုပ်ကြမ်းတွေဝင်လုပ်ရင်း လက်ဝှေ့ထိုးလေ့ကျင့်နေလို့ သူ့ရဲ့ခန္ဓာကိုယ်ဟာ အရမ်း ကြံ့ခိုင်သန်စွမ်းလာတယ်။

အသက် ၁၆ နှစ်ရောက်တော့ သူဟာ သင်္ဘောစီးပြီး ဖိလစ်ပိုင်နိုင်ငံရဲ့ မြို့တော် မနီလာမြို့ကို ထွက်ခွာသွားတယ်။ လက်ဝှေ့ကစားသမားတစ်ယောက် ဖြစ်အောင် လေ့ကျင့်ချင်လို့ပါ။

မနီလာမြို့မှာနေရတဲ့ အနေအထားဟာ သူ့ရွာမှာနေရတာထက် ပိုဆင်းရဲပါတယ်။ ဆွေမျိုးအသိ လုံးဝမရှိတဲ့ မန်နီဟာ ကြံ့ရာကျဘန်း အလုပ် လုပ်ရတယ်။ ထမင်းဟင်း ဝယ်မစားနိုင်လို့ ဒိုးနတ်မုန့်လေးတွေစားရင်း ဗိုက်ဖြည့် ပြီး တစ်နေ့ကို တစ်ခေါက်လာရအောင် ပိုက်ဆံစုတယ်။ ညရောက်တော့ လမ်းဘေးမှာ စက္ကူပုံး သေတ္တာခွံအလွတ်ထဲမှာ ဝင်အိပ်ရတယ်။

၁၉၉၅ ခုနှစ် ဇန်နဝါရီလ သူ အသက် ၁၆ နှစ်သားအရွယ်မှာ ပထမဆုံး ကြေးစားလက်ဝှေ့ပွဲကို ယှဉ်ပြိုင်ထိုးသတ်တယ်။ ၄ ချီထိုးသတ်ပွဲမှာ ဒိုင်အားလုံးက မန်နီကို အနိုင်ပေးခဲ့တယ်။

၁၉၉၈ ခုနှစ်ကျတော့ မန်နီဟာ လက်ရှိ ကမ္ဘာ့ဖလိုင်းဝိတ်တန်း ချန်ပီယံ ယိုးဒယားလူမျိုး ချတ်ခိုင်းစာဆာကူကို အနိုင်ထိုးသတ်ပြီး ချန်ပီယံ ဖြစ်လာခဲ့တယ်။ ၂၀၀၁ ခုနှစ်မှာ နောက်တစ်ဆင့်မြင့်တဲ့ လိုက်ဝိတ်တန်းချန်ပီယံ ဖြစ်လာခဲ့ပြန်တယ်။ လက်ဝှေ့အတန်း တစ်ခုမှာ ချန်ပီယံဖြစ်ပြီးရင် နောက်တစ်တန်း တက်ထိုးရင်း ချန်ပီယံဖြစ်လာခဲ့တာ ၂၀၀၈ ခုနှစ်မှာ လက်ဝှေ့အတန်း (၈)မျိုးမှာ ချန်ပီယံ အသီးသီး ဖြစ်လာခဲ့ပါတယ်။ ကမ္ဘာ့လက်ဝှေ့သမိုင်းမှာ အတန်း (၈)မျိုးမှာ ချန်ပီယံ ဖြစ်ခဲ့ဖူးသူဟာ သူတစ်ဦးထဲဘဲ ရှိခဲ့ဖူးပါတယ်။




၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းက မန်နီဟာ ရှုံးပွဲမရှိသေးတဲ့ ဝယ်လ်တာဝိတ်တန်း ချန်ပီယံ အမေရိကန်လူမျိုး မေဝဲသား (Floyd May Weather) နဲ့ ထိုးသတ်ခဲ့ပါတယ်။ အဲဒီပွဲကို ၂၁ ရာစုနှစ်ရဲ့ အကြီးကျယ်ဆုံး လက်ဝှေ့ပွဲကြီးလို့ ကြေငြာခဲ့ပါတယ်။ အဲဒီပွဲမှာ မန်နီဟာ အသာစီးနဲ့ ထိုးသတ်နိုင်ခဲ့ပေမဲ့ သူ့ရဲ့ လက်သီးချက်တွေဟာ မေဝဲသားအပေါ် သိပ်ထိရောက်မှုမရှိခဲ့လို့ အမှတ်နဲ့ ရှုံးနိမ့်သွားခဲ့ရတယ်။

မန်နီဟာ ၂၀၀၉ ခုနှစ်မှာ နိုင်ငံရေးလောကကို ဝင်ရောက်ခဲ့ပြီး ဖိလစ်ပိုင်လွှတ်တော်ရဲ့ အမတ်တစ်ဦး ဖြစ်လာခဲ့တယ်။



မန်နီဟာ သူ့ဇနီးသည် ဂျင်ကီရယ်၊ သားသမီး ၅ ယောက်နဲ့ အတူ မနီလာမြို့မှာ နေထိုင်ဆဲဖြစ်ပါတယ်။ ❑

# "မိုက်ကယ်ဖဲလ်ပ်စ်"




ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲ ၃ ကြိမ်မှာ စုစုပေါင်း ရွှေတံဆိပ် ၁၈ ခု ဆွတ်ခူးထားတဲ့ အားကစားသမားဆိုတာ ဘယ်သူလဲဆိုတာ သိကြရဲ့လား။ သူ့ရဲ့အိုလံပစ် ရွှေတံဆိပ်ရတဲ့ အရေအတွက်ကို မှီတဲ့ အားကစားသမား ယနေ့ထိ မပေါ်သေးပါဘူး။ နောက်ပြီး သူဟာ ငယ်ငယ်တုံးက ရောဂါသည်လေးတစ်ယောက်ဖြစ်ပြီး ကျောင်းမှာလဲ အတန်းဖော်ကျောင်းသားတွေရဲ့ အမြဲ စတာနောက်တာ အနိုင်ကျင့်တာတွေ ခံခဲ့ရတယ်ဆိုတာ သိလိုက်ရင် အရမ်းအံ့သြသွားမှာလား။ သူ့နာမည်က မိုက်ကယ်ဖဲလ်ပ်စ် (Michael Phelps)။ အမေရိကန်နိုင်ငံရဲ့ရေကူး လက်ရွေးစင်တစ်ယောက်ပါ။

သူ့ငယ်စဉ်ကလေးဘဝကိုသိရင် သူ့ကို တစ်နေ့ ဒီလို ကမ္ဘာကျော် အားကစားသမားတစ်ယောက်ဖြစ်လာမယ်လို့ ဘယ်သူကမှ ထင်ကြမှာ မဟုတ်ပါဘူး။

မိုက်ကယ်ရဲ့ရုပ်ရည်ဟာ ကာတွန်းရုပ်ကြီးတစ်ခုနဲ့ တူနေပါတယ်။ သူ့ရဲ့ လက်တံတွေဟာ ရှည်လွန်းလှတယ်။ လက်တံနှစ်ဖက်ကို ဆန့်ပြီး တိုင်းလိုက်ရင် လူတစ်ရပ်စာလောက်ရှိတယ်။ ပြီးတော့ နားရွက်နှစ်ဖက်ကလဲ ကားကားကြီး၊ လက်ဝါးနှစ်ဖက်ကလဲ အပြားကြီးကြီး၊ ခြေဖဝါးနှစ်ဖက်ကလဲ ပြားပြားကြီး။ သူစီးတဲ့ ဖိနပ်နံပါတ်ဟာ နံပါတ် ၁၄ ဖြစ်ပြီး အရပ် ၆ ပေ ၄ လက်မရှိတဲ့ သူ့ရဲ့ လက်တတောင်အရှည်နဲ့ ညီပါတယ်။

သူငယ်ငယ်တုန်းက ADHD (Attention Deficit Hyperactivity Disorder) ဆိုတဲ့ ရောဂါရှိတယ်။ အဲဒီရောဂါကြောင့် သူဟာ စာရေးတာ ဖတ်ရာမှာ အာရုံမစိုက်နိုင်လို့ ကျောင်းမှာ ဆရာ၊ ဆရာမတွေရဲ့ အဆူအငေါက် အမြဲခံရတယ်။ လူကောင်ကကြီးကြီး၊ နားရွက်ကားကားနဲ့ လက်တွေခြေတွေ ကလဲ အကြီးကြီးမို့ အတန်းသားတွေက သူ့ကို လူပေါကြီးတစ်ယောက်လို ဆက်ဆံကြတယ်။ စကြ နောက်ကြတယ်။

သူ လူပျိုပေါက်အရွယ်ဖြစ်လာတော့ သူငယ်ချင်းတွေရဲ့ စနောက် အနိုင်ကျင့်တာ အမြဲခံနေရတယ်။ သူ့နားရွက်ကားကားတွေကို ဆွဲပြီး နောက်ကြ လွန်းလို့ သူဟာ ဦးထုပ်တစ်လုံး အမြဲဆောင်းထားလေ့ရှိတယ်။ တစ်ရက်ကျတော့ မိုက်ကယ်ဟာ သူ့ကို ကိုယ်ထိလက်ရောက် စော်ကားတာကို မခံနိုင်တော့တဲ့ ပြန်ခံ ခဲ့မိလို့ အထက်တန်းကျောင်းကနေ ယာယီ အထုတ်ခံလိုက်ရတယ်။

ငယ်စဉ် ကလေးဘဝကနေ လူပျိုအရွယ်ထိ အမြဲတမ်း စနောက်တာ အနိုင်ကျင့်ခံနေရတဲ့သူဟာ သာမန်လူငယ်တစ်ယောက်ဆိုရင် စိတ်ဓာတ်ကျသွား လောက်ပြီ။ လောကကြီးမှာ ဖြစ်ချင်ရာဖြစ်ကွာဆိုပြီး ဘဝကို အရှုံးပေး ရေစုန် မျောပစ်လိုက်မှာပါ။ ဒါပေမဲ့ မိုက်ကယ်ဟာ ဘဝကို အရှုံးမပေးခဲ့ပါဘူး။ အဲဒါက သူ စိတ်ဓာတ်ကျတာတွေတိုင်း သူ့အမေက အမြဲအားပေးနေခဲ့လို့ပါ။ (သူ့အဖေ ဟာ သူ ၁၇ နှစ်သားအရွယ်မှာ အမေနဲ့ကွာရှင်းပြီး အဝေးကို ထွက်ခွာသွားခဲ့ ပါတယ်။)

သူ့အမေက မိုက်ကယ်ကို သူများတွေ စတာ နောက်တာ အနိုင်ကျင့် တာတွေကို သည်းခံစိတ်မွေးပြီး သူတို့ထက်သာအောင် ကြိုးစားဖို့ အမြဲဆုံးမတယ်။ သူ့အမေစကားကို နားထောင်တတ်တဲ့ မိုက်ကယ်ဟာ သူငယ်ချင်းတွေ စတာ နိုင်ကျင့်တာတွေကို အပြင်ပန်းအနေနဲ့ သည်းခံနေပေမယ့် အတွင်းစိတ်ထဲမှာ တော့ “ငါ ဘာကောင်လဲဆိုတာ ခင်းတို့ တစ်နေ့သိစေရမယ်”လို့ ကြိမ်းဝါး ထားတယ်။

မိုက်ကယ်ကို ၁၉၈၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့က အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ်က မြို့လေးတစ်ခုမှာ မွေးဖွားခဲ့ပါတယ်။ အသက် ၅ နှစ်သား ကတည်းက ရေပြီး ကူးတတ်ခဲ့ပါတယ်။ ရေကူးနေရရင် စိတ်ချမ်းသာလို့ဆိုပြီး အချိန်ရတိုင်း ရေပဲကူးနေခဲ့တယ်။


လူပို့ပေါက်အရွယ်မှာ မိုက်ကယ်ရေကူးနေတာကို မြင်တွေ့သွားတဲ့ ရေကူးနည်းပြတစ်ယောက်က မိုက်ကယ်မှာ သူများတွေနဲ့မတူတဲ့ ခန္ဓာကိုယ်



အစိပ်အပိုင်းတွေ ရှိနေတာကိုသတိပြုမိလိုက်တယ်။ အဲဒါက သူ့ရဲ့ လက်တံရှည်ရှည်ကြီးနဲ့ ကြီးမားလွန်းတဲ့ လက်ဖဝါး ခြေဖဝါးကြီးတွေပါပဲ။ နည်းပြက အဲဒီထူးခြားတဲ့ ခန္ဓာကိုယ်အစိပ်အပိုင်းတွေကို အသားပေး လေ့ကျင့်ပေးတယ်။ မိုက်ကယ်ကလဲ စိတ်ထဲမှာ သူ့ကို စခဲ့ နှိမ်ခဲ့တဲ့ လူတွေကို သူ့အရည်အချင်းပြချင်လို့ အစွမ်းကုန် ကြိုးစား လေ့ကျင့်ပါတော့တယ်။

ရေကူးဖူးသူတိုင်း သိကြမှာပါ။ လက်ဖဝါးကြီးတဲ့လူဟာ ရေကို အများကြီး ယက်နိုင်လို့ ခန္ဓာကိုယ်ကို ရှေ့ကို ပိုဝေးဝေးရောက်စေပါတယ်။ ထိုနည်းတူပဲ ခြေဖဝါးကြီးသူတွေဟာ ရေကို နောက်ကို များများဆောင့်တွန်းပေးရင်း ခန္ဓာကိုယ်ကို ဝေးဝေးပိုရောက်စေပါတယ်။ ဖားတွေ ရေကို ခြေဖဝါးနဲ့ နောက်ကိုတွန်းထုတ်ရင်း ရေကူးကျွမ်းကျင်တာကိုပဲ ကြည့်ပါ။ ဒီအားသာချက်တွေကြောင့် ရေကူးပြိုင်ပွဲ အတော်များများမှာ မိုက်ကယ်ဟာ သူ့ပြိုင်ဖက်တွေကို နောက် အတော်ဝေးဝေးမှာ ဖြတ်ချန်ထားနိုင်ခဲ့တယ်။

မိုက်ကယ်တစ်ယောက် ၂၀၀၈ ခုနှစ်က တရုတ်နိုင်ငံမှာ ကျင်းပတဲ့ ဘီဂျင်းအိုလံပစ်ပြိုင်ပွဲမှာ ရေကူးရွှေတံဆိပ် (၈)ခု ရခဲ့လို့ အမေရိကန်နိုင်ငံကို ပြန်လာတော့ အမေရိကန်လူထုက သူ့ကို သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြတယ်။ သမ္မတ အိုဘားမား ကိုယ်တိုင် အိမ်ဖြူတော်မှာ ညစာနဲ့ မိုက်ကယ်ကို ဂုဏ်ပြု ဧည့်ခံခဲ့တယ်။



ဂုဏ်ပြုပွဲတွေအပြီးမှာ မိုက်ကယ် သူ့ဇာတိမြို့လေးကို ပြန်လာခဲ့တယ်။

တစ်နေ့ သူ့အမေနဲ့ လမ်းအတူတူလျှောက်နေတုံး သူ့ကို အထက်တန်းကျောင်းတုံးက အမြဲ အနိုင်ကျင့် စနောက်နေခဲ့သူတစ်ယောက် ဝမ်းသာအားရ လာနှုတ်ဆက်တယ်။ သူ့ကို မှတ်မိလားလို့ မိုက်ကယ်ကိုမေးတယ်။ မိုက်ကယ်က သူ့မျက်နှာကို သေချာကြည့်ပြီး မမှတ်မိဘူးလို့ ပြန်ဖြေလိုက်တယ်။ ဟိုလူက သူတို့ငယ်ငယ်က အတန်းအတူတူတက်ခဲ့တယ်ဆိုတာ ပြောနေတာကို မိုက်ကယ်က "ဆောရီးပါ။ ခင်ဗျားကို ကျနော် လုံးဝမသိပါဘူး"လို့ စကားဖြတ်ပြောလိုက်ပြီး လမ်းဆက်လျှောက်သွားတယ်။

အတော်လှမ်းလှမ်းရောက်တော့ သူ့အမေက သူ့ကိုမေးတယ်။ "သားရယ်၊ စောစောကလူဟာ မင်းနဲ့ တစ်တန်းထဲသားချင်းဆိုတာ အမေလဲသိတယ်၊ မင်းလဲသိပါတယ်။ ဘာလို့ အဲဒီလို ပြောလွှတ်လိုက်တာလဲ"။ မိုက်ကယ်က ပြန်ပြောတယ်။ "သူ ကျနော့်ကို ကျောင်းတုံးကသူငယ်ချင်းလို မဆက်ဆံခဲ့ဘူး။ အမြဲ စတယ်၊ နှိမ်တယ်၊ ကိုယ်ထိလက်ရောက် စော်ကားတယ်။ အခု ကျနော် အိုလံပစ်ချန်ပီယံတစ်ယောက်ဖြစ်လာမှ အရေးတယူ သူငယ်ချင်းလုပ်ချင်တဲ့လူမျိုးကို ကျနော် ဘယ်တော့မှ သူငယ်ချင်းလို့ မသတ်မှတ်နိုင်ပါဘူး"တဲ့။


မိုက်ကယ်ရဲ့ ဘဝဖြစ်စဉ်လေးကနေ ကျနော်တို့ ဘာသင်ခန်းစာ ထုတ်ယူနိုင်သလဲ။ သင့်မှာ သူများတွေ နှိမ်စရာ စချင်စရာ အားနည်းချက်တွေ ရှိနေရင် အဲဒါတွေကို အားသာချက်အဖြစ် ပြောင်းလဲလိုက်ဖို့ပါပဲ။


အရေးကြီးဆုံးက လူဆိုတာ မခံချင်စိတ်ရှိမှ တိုးတက်ပါတယ်။

မိုက်ကယ်ရဲ့ အိုလံပစ်ဆုတံဆိပ်စာရင်း (အခြားပြိုင်ပွဲများမှာရတဲ့ ဆုများမပါ) တွေက ...

၂၀၀၄ ခုနှစ်　ဂရိနိုင်ငံ အေသင်အိုလံပစ် ရေကူးပြိုင်ပွဲ ရွှေ ၆ ခုနဲ့ ကြေး ၂ ခု
၂၀၀၈ ခုနှစ်　တရုတ်နိုင်ငံ ဘီဂျင်းအိုလံပစ်ရေကူးပြိုင်ပွဲ ရွှေ ၈ ခု
၂၀၁၂ ခုနှစ်　အင်္ဂလန်နိုင်ငံ လန်ဒန်အိုလံပစ် ရေကူးပြိုင်ပွဲ ရွှေ ၄ ခုနဲ့ ငွေ ၂ ခု

ပြီးခဲ့တဲ့ ဧပြီလ ၁၅ ရက်နေ့ကပဲ အသက် ၃၀ ရှိပြီဖြစ်တဲ့ မိုက်ကယ်ဟာ ၂၀၁၆ ခုနှစ် ဘရာဇီးနိုင်ငံ ရီယိုဂျနေးဒိုး အိုလံပစ်ပြိုင်ပွဲမှာ ရေကူးဝင်ပြိုင်ဦးမယ်လို့ ကြေငြာခဲ့ပါတယ်။ ❑






နဲလ်ဆင်မန်ဒဲလား (Nelson Mandela) ဟာ တောင်အာဖရိက နိုင်ငံမှာ လူဖြူလူမည်း ခွဲခြားတဲ့စနစ်ကို တွန်းလှန်တိုက်ဖျက်ခဲ့သူတစ်ယောက်ပါ။ ကမ္ဘာတစ်လွှားက သူ့ကို နာမည်အမျိုးမျိုးခေါ်ဝေါ်ပြီး ဂုဏ်ပြုခံခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးလဲ ဖြစ်ပါတယ်။

လွတ်လပ်ရေးကြိုးပမ်းမှု ခေါင်းဆောင်ကြီး၊ ကြီးကျယ်သောလူသား၊ တောင်အာဖရိကနိုင်ငံရဲ့ အားအထားရဆုံးသား၊ ဖိနှိပ်ရက်စက်မှုတွေကို ကြံ့ကြံ့ခံတဲ့ သံမဏိလူသား၊ ဘယ်တော့မှ မသေဆုံးသောသူရဲကောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆုရှင်ကြီး စတဲ့ အမည်အမျိုးမျိုး တင်စားခေါ်ဝေါ်ခံခဲ့ရပါတယ်။


သူဟာ ကမ္ဘာ့သမိုင်းမှာ ဂုဏ်ပြုအခံရဆုံး နိုင်ငံရေးအကျဉ်းသား တစ်ဦးလဲဖြစ်သလို နိုင်ငံတကာက ဂုဏ်ထူးဆောင်ဘွဲ့ပေါင်း များစွာ ချီးမြှင့်ခံခဲ့ရသူလဲ ဖြစ်ပါတယ်။

မန်ဒဲလားဟာ သူ့ဘဝတစ်လျှောက်မှာ တောင်အာဖရိကနိုင်ငံက လူမည်းတွေကို လူဖြူအစိုးရရဲ့ အဖိနှိပ်ခံဘဝက လွတ်မြောက်အောင် ကြိုးပမ်းခဲ့ပေမယ့် သူ့ရဲ့ နိမ့်ချတတ်တဲ့ စိတ်ထား၊ ခွင့်လွှတ်တတ်မှုနဲ့ နှိပ်စက်ညှင်းပန်းမှုတွေကို အညှို့မခံ အရှုံးမပေးစိတ်ဓာတ်တွေဟာ ကမ္ဘာ့လူသားတွေရဲ့ အသည်းနှလုံးထဲ စွဲစွဲထင်ထင် စူးဝင်သွားခဲ့လို့ ကမ္ဘာ့နိုင်ငံအသီးသီးက လေးစားအကြည်ညိုရဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ခဲ့ရတာပါ။

မန်ဒဲလားအကြောင်းရေးသားတဲ့ စာအုပ်များစွာ ထွက်ခဲ့ပြီးလို့ သူ့အကြောင်း တော်တော်များများ သိကြမှာပါ။ မသိသေးတဲ့သူတွေအတွက် သူ့အကြောင်း အကျဉ်းလေး ရေးပြလိုက်တာပါ။

မန်ဒဲလား (တောင်အာဖရိကလူတွေက "မာဒီဘာ" လို့ ခေါ်ကြတယ်) ကို တောင်အာဖရိကနိုင်ငံရဲ့ Mvezo ဆိုတဲ့ တောရွာလေးတစ်ရွာမှာ ၁၉၁၈ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့မှာ မွေးဖွားခဲ့ပါတယ်။ မွေးတုန်းက ပေးထားတဲ့ နာမည်က ရိုဟီလာလာမန်ဒဲလား (Rohilala Mandela) ပါ။ ခရစ်ယာန်မစ်ရှင်ကျောင်းမှာ ပညာသင်တော့ သူ့ဆရာမက သူ့နာမည်ဟာ ရှည်တော့ အခေါ်ရခက်လို့ဆိုပြီး နယ်လ်ဆင် (Nelson) ဆိုတဲ့ အင်္ဂလိပ်နာမည်ပေးခဲ့လို့ နယ်လ်ဆင်မန်ဒဲလားဆိုပြီး နာမည်တွင်သွားခဲ့ပါတယ်။

၁၉၃၉ ခုနှစ်မှာ အထက်တန်းကျောင်းအောင်လို့ တက္ကသိုလ်တက်တယ်။ အဲဒီအချိန်ဟာ တောင်အာဖရိကနိုင်ငံမှာ လူဖြူအုပ်ချုပ်သူအစိုးရရဲ့ လူဖြူလူမည်း ခွဲခြားတဲ့ အုပ်ချုပ်ရေးစနစ်ကို မကျေနပ်လို့ လူမည်းတွေဟာ



အစိုးရစစ်တပ်နဲ့ ရဲတွေကို လက်နက်ကိုင် တိုက်ခိုက်မှုတွေ လုပ်နေတဲ့အချိန်ပါ။ ဒါပေမဲ့ အမြောက်၊ သေနတ် စတဲ့ ခေတ်မီ လက်နက်တွေ တပ်ဆင်ကိုင်ဆောင်ထားတဲ့ လူဖြူအစိုးရရဲ့ စစ်တပ်နဲ့ ရဲကို ဓား၊ တုတ်လောက်ပဲ ကိုင်နိုင်တဲ့ လူမည်း တော်လှန်ရေး သမားတွေဟာ ဘယ်လိုမှ မယှဉ်နိုင်ခဲ့ပါဘူး။ လူမည်းတော်လှန်ရေး သမားတွေ အများကြီး အသတ်ခံရတယ်။

မျိုးချစ်စိတ်ရှိတဲ့ မန်ဒဲလားဟာ ၁၉၄၃ ခုနှစ်မှာ ANC (African National Congress) ဆိုတဲ့ တော်လှန်ရေးလုပ်နေတဲ့ ပါတီထဲဝင်ပြီး လူဖြူတွေကို ရရာလက်နက်နဲ့ တိုက်ခိုက်ခဲ့တယ်။ မန်ဒဲလားဟာ တက္ကသိုလ်တက်နေတဲ့ ပညာတတ်လူငယ်တစ်ဦးဖြစ်တာမို့ ၁၉၄၈ ခုနှစ်မှာ ANC ပါတီရဲ့ အထွေထွေ အတွင်းရေးမှူး ဖြစ်လာခဲ့တယ်။

၁၉၅၂ ခုနှစ်မှာ မန်ဒဲလားဟာ လူဖြူအစိုးရရဲ့ အမိန့်ဟူသမျှ ဖီဆန်ကြဖို့ တောင်အာဖရိကနိုင်ငံအဝှမ်း လှည့်လည်စည်းရုံးနေစဉ်မှာ လူဖြူအစိုးရရဲ့ ဖမ်းဆီးမှုခံခဲ့ရတယ်။ ဒါပေမဲ့ တရားသူကြီးက သူ့ကို ထောင်ထဲမပို့ဘဲ ဆိုင်းငံ့ပြစ်ဒဏ်အဖြစ် နိုင်ငံရေးလှုပ်ရှားမှုမှာ မပါဝင်ရလို့ ကန့်သတ်မိန့်ချခဲ့တယ်။

ဒီတော့ မန်ဒဲလားဟာ နိုင်ငံရေးမလုပ်ရလို့ တက္ကသိုလ်ဆက်တက်တယ်။ ၁၉၅၆ ခုနှစ်မှာ ဥပဒေပညာနဲ့ဘွဲ့ရပြီး ရှေ့နေအလုပ် စလုပ်တယ်။ ရှေ့နေလုပ်နေရင်း အရင်ကလုပ်ခဲ့တဲ့ လူဖြူအစိုးရကို တော်လှန်ဖို့ နိုင်ငံရေးပြန်လုပ်တယ်။ မကြာခင်မှာ မန်ဒဲလားနဲ့ လူမည်းတော်လှန်ရေးခေါင်းဆောင် ၁၅၆ ယောက် အဖမ်းခံရတယ်။ သူနဲ့ တချို့ကိုတော့ အပြစ်မရှိဘူးဆိုပြီး တရားရုံးက ပြန်လွှတ်ပေးခဲ့တယ်။

ဒါပေမဲ့ ၁၉၆၀ ပြည့်နှစ်ကျတော့ မန်ဒဲလား ပြန်အဖမ်းခံရတယ်။ မန်ဒဲလားနဲ့ ANC ပါတီရဲ့ ထိပ်တန်းခေါင်းဆောင် ၉ ယောက်ကို လူဖြူတရားရုံးက တသက်တကျွန်း ပြစ်ဒဏ်ချမှတ်ပြီး မြို့တွေနဲ့ အလွန်ဝေးတဲ့ ရော်ဘင်ကျွန်း (Robben Island) ကို ၁၉၆၃ ခုနှစ်မှာ အပို့ခံရတယ်။ အဲဒီကျွန်းပေါ်က ထောင်ထဲမှာ မန်ဒဲလားဟာ ၁၉၉၀ ပြည့်နှစ်အထိ ၂၇ နှစ်ကြာအောင် နေခဲ့ရတယ်။ တခါတလေ သူဟာ လပေါင်းများစွာကြာအောင် တစ်ယောက်ထဲ တိုက်ပိတ်ခံနေရတယ်။

၁၉၈၀ ပြည့်နှစ်ကျော်ကာလတွေမှာ မန်ဒဲလားဟာ လူဖြူအစိုးရနဲ့ သူ့လူမည်းပါတီ ANC တို့ကြား စေ့စပ်ညှိနှိုင်းမှုတွေကို ထောင်ထဲကနေ ပြုလုပ်ပေးခဲ့တယ်။ မကြာခင်မှာ တောင်အာဖရိကရဲ့ သမ္မတ ဘိုသာရဲ့ လက်ရှိအစိုးရဟာ ရွေးကောက်ပွဲ ရှုံးနိမ့်သွားပြီး ဒီကလပ် (De Clark) ဦးဆောင်တဲ့ ပါတီက အစိုးရဖြစ်လာတယ်။ ဒီကလပ်ဟာ လူဖြူတစ်ယောက်ဖြစ်ပေမဲ့ အရင်သမ္မတတွေလို မတင်းမာပဲ သဘောထား ပျော့ပြောင်းသူဖြစ်သလို လက်ရှိ နိုင်ငံရေးအခြေအနေကိုလဲ ကောင်းကောင်းသုံးသပ်သူ ဖြစ်ပါတယ်။

အဲဒီအချိန်မှာ တောင်အာဖရိကရဲ့ လူဖြူအစိုးရဟာ နိုင်ငံရေးရော စစ်ရေးမှာပါ အကြီးအကျယ် အကျပ်တွေ့နေပါတယ်။ နိုင်ငံတဝှမ်းမှာ လူဖြူစစ်တပ်၊ ရဲနှင့် လူမည်းတွေ မကြာခဏ အဓိကရုဏ်းဖြစ်နေကြတယ်။ လူမည်းတွေအများကြီး အသတ်ခံရ၊ ဖမ်းဆီးထောင်ချတာတွေ ခံနေရတယ်။ ဒါကြောင့် ကမ္ဘာ

ကုလသမဂ္ဂကြီး၊ အပါအဝင် အင်အားကြီး အနောက်နိုင်ငံတွေရဲ့ ပြင်းထန်စွာ ရှုချမှုခံနေရတဲ့အပြင် အနောက်နိုင်ငံတွေရဲ့ စီးပွားရေးပိတ်ဆို့အရေးယူမှုတွေ ကြုံနေရပြီ။ စီးပွားရေးအကျပ်အတည်းကြောင့် တောင်အာဖရိကရဲ့ ထွက်ကုန်ပစ္စည်းတွေကို နိုင်ငံတကာက မဝယ်ကြတော့လို့ စီးပွားရေး ချွတ်ခြုံကျလာနေတယ်။

သမ္မတ ဒီကလပ်ဟာ ဒီပြဿနာတွေကို အချိန်မီ မဖြေရှင်းနိုင်ရင် နောက်ဆုံး လူဖြူတွေဟာ တောင်အာဖရိကနိုင်ငံကနေ ခွဲခွာပြေးခက်ပြေး ပြေးရတော့မယ်ဆိုတာကို နိုးစားမိတယ်။ ဒါကြောင့် ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ မန်ဒဲလားကို ရော်ဘင်ကျွန်း အကျဉ်းထောင်က လွှတ်ပေးလိုက်တယ်။ ဒီကလပ် အခုလို မန်ဒဲလားကို လွှတ်ပေးရတဲ့ အကြောင်းရင်းကတော့ မန်ဒဲလားနဲ့ သူ့လူတွေ တောင်ထဲသွားပြီး ညှိနှိုင်းဆွေးနွေးကြမယ့်အစား သူကိုယ်တိုင် မန်ဒဲလားနဲ့ လူချင်းတွေ့ပြီး ပြဿနာကို အဖြေရှာဖို့ပါ။

သူတို့နှစ်ဦး ဆွေးနွေးပြီး အပေးအယူလုပ်ကြဖို့ စေ့စပ်ညှိနှိုင်းကြတယ်။ ဒီကလပ်က လူဖြူနဲ့ လူမည်း ပူးတွဲအုပ်ချုပ်ဖို့ အကြံပြုတယ်။ မန်ဒဲလားက လက်မခံဘူး။ တစ်နိုင်ငံလုံး ရွေးကောက်ပွဲကျင်းပပြီး မဲအများဆုံးရတဲ့ ပါတီက အစိုးရဖွဲ့ပြီး အုပ်ချုပ်ဖို့ပဲ သဘောတူတယ်။ နောက်ဆုံးတော့ ဒီကလပ်ဟာ တခြား ရွေးစရာလမ်းမရှိတော့သလို တောင်အာဖရိကနိုင်ငံရဲ့ ရေရှည်အကျိုးအတွက် မန်ဒဲလားရဲ့ အကြံပြုချက်ကို လက်ခံလိုက်တယ်။

၁၉၉၄ ခုနှစ် ဧပြီလ ၂၇ ရက်နေ့မှာ တောင်အာဖရိကနိုင်ငံရဲ့ ရွေးကောက်ပွဲကြီး ကျင်းပခဲ့တယ်။ ရွေးကောက်ပွဲကိုလဲ တကမ္ဘာလုံးက မျက်စိ ဒေါက်ထောက် ကြည့်နေခဲ့ကြတယ်။ ရွေးကောက်ပွဲ အနိုင်အရှုံးစာရင်းတွေ ကြေငြာတော့ မန်ဒဲလားရဲ့ လူမည်းပါတီ ANC က ၆၂ ရာခိုင်နှုန်းနဲ့ မဲအများဆုံး ရလိုက်တယ်။ အစိုးရဖွဲ့ဖို့ မဲအရေအတွက် အနည်းငယ်လိုနေလို့ ANC ဟာ တခြား လူမည်းပါတီအငယ်လေး နှစ်ခုနဲ့ပေါင်းပြီး အစိုးရဖွဲ့နိုင်ခဲ့တယ်။ မန်ဒဲလားဟာလဲ တောင်အာဖရိကနိုင်ငံရဲ့ ပထမဆုံးသော လူမည်းသမ္မတ ဖြစ်လာခဲ့ပါတယ်။

သူ သမ္မတဖြစ်လာပြီး မကြာခင်မှာပဲ အနောက်နိုင်ငံတွေက စီးပွားရေး အရေးယူထားတာတွေကို ဖြေလျှော့ရုပ်သိမ်းပေးလိုက်တယ်။ မန်ဒဲလားဟာ လူဖြူအသိပညာရှင် အတတ်ပညာရှင်တွေကို အစိုးရဌာနတွေမှာ နေရာပေး



ခန့်ထားလိုက်ပြီး လူဖြူတွေနဲ့ လူမည်းတွေ လက်တွဲညီညီ လုပ်လိုက်ကြလို့ မကြာခင်မှာပဲ တောင်အာဖရိကနိုင်ငံဟာ စီးပွားရေး ပြန်လည်ကောင်းမွန်လာပြီး အေးချမ်းသာယာတဲ့ နိုင်ငံတစ်ခု ဖြစ်လာခဲ့ပါတယ်။

မန်ဒဲလားဟာ ၅ နှစ်တစ်ကြိမ်လုပ်တဲ့ ရွေးကောက်ပွဲတွေမှာ ၂ ကြိမ်ဆက် အရွေးခံခဲ့ရလို့ ၁၉၉၄ ခုနှစ်ကနေ ၂၀၀၄ ခုနှစ်အထိ ၁၀ နှစ်ကြာ သမ္မတတာဝန် ယူခဲ့ပါတယ်။ တောင်အာဖရိကနိုင်ငံရဲ့ဖွဲ့စည်းပုံက သမ္မတ တစ်ယောက်ဟာ သက်တမ်း ၂ ကြိမ်ထက် ပိုပြီး ဆက်လုပ်ခွင့်မရှိဘူးလို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီ ဖွဲ့စည်းပုံပါအချက်ကို ပြင်ပြီး မန်ဒဲလားကို သမ္မတဆက်လုပ်ဖို့ လူတွေက တောင်းဆိုကြပေမဲ့ ဆက်မလုပ်တော့ပါဘူး။

မန်ဒဲလားဟာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့ အသက် ၉၅ နှစ်အရွယ်မှာ တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဗတ်မြို့မှာ ကွယ်လွန် အနိစ္စရောက်သွားခဲ့ပါတယ်။ တောင်အာဖရိက နိုင်ငံသားတွေအတွက် အင်မတန်ဝမ်းနည်းကြေကွဲခဲ့ရတဲ့ နေ့တစ်နေ့ပါပဲ။

❑

# “ကာနယ်ဆင်းဒါး”




KFC ဆိုတာ အမေရိကန် ကြက်ကြော်တစ်မျိုးကို ခေါ်တယ်ဆိုတာ အခု ရန်ကုန်မှာ KFC ဆိုင် စဖွင့်နေပြီမို့ လူအတော်များများ သိနေလောက်ပါပြီ။ KFC ရဲ့ အရှည်ကောက်က Kentucky Fried Chicken ပါ။ ဒါပေမဲ့ KFC ဆိုင်ကို လွန်ခဲ့တဲ့ အနှစ် ၆၀ လောက်က အမေရိကန်နိုင်ငံမှာ စတင်ဖွင့်လှစ်ခဲ့သူ ကာနယ်ဆင်းဒါး (Colonel Sanders) ဆိုတဲ့ အဖိုးကြီးကိုတော့ သိသူနည်းပါးလိမ့်မည်။ ကြက်ကြော်ဆိုင်လေးတစ်ခု ဖွင့်ခဲ့တဲ့ လူတစ်ယောက်အကြောင်းကို ဘာလို့ ထူးထူးထွေထွေ ရေးပြရလဲဆိုတာ သိရအောင် ဆက်ဖတ်ကြည့်လိုက်ပါ။

ကာနယ်ဆင်းဒါးရဲ့ ငယ်ဘဝအကြောင်းတွေ ရေးပြနေရင် စာရှည်နေမှာစိုးလို့ သူ ဘယ်လိုကနေ KFC ဆိုင် ဖွင့်ခဲ့သလဲဆိုတဲ့ အကြောင်းကိုပဲ ရေးပြပါမယ်။

ကာနယ်ဆင်းဒါးဟာ စစ်တပ်က ဗိုလ်မှူးကြီးရာထူးကနေ ပင်စင်ယူပြီးတော့ ကြက်သားကြော်ရောင်းတဲ့ စားသောက်ဆိုင်လေးတစ်ခု ဖွင့်လှစ်ရောင်းချတယ်။ သူ့ဆိုင်ဟာ အတော်လေး ရောင်းကောင်းနေလို့ စီးပွားရေး အဆင်ပြေနေပါတယ်။ ဒါပေမဲ့ ၄ နှစ်လောက်အကြာမှာ ကံကြမ္မာအလှည့်အပြောင်းကြောင့်လို့ ဆိုရမလားပဲ သူ့ရဲ့ ကြက်ကြော်ဆိုင် စီးပွားရေး ချက်ခြင်းပျက်စီးသွားတယ်။

အဲဒါက ၁၉၅၆ ခုနှစ်မှာပါ။ သူ့ရဲ့ ကြက်ကြော်ဆိုင်နဲ့ အတော်ဝေးဝေးမှာ လုံခြုံနေအဆောက်အဦးသစ်တွေ အများကြီးပေါ်လာလို့ သူ့ဆိုင်ကိုလာစားတဲ့

လူတွေ မရှိသလောက် ဖြစ်သွားတယ်။ ဒါကြောင့် အရှုံးပေါ်နေတဲ့ သူ့ဆိုင်ကို ပိတ်ပစ်လိုက်ရတယ်။ သူ့ဆိုင် အဆောက်အဦးနဲ့ မြေကွက်ကို ဒေါ်လာ ၇၅,၀၀၀ နဲ့ ရောင်းချလိုက်ပြီး သူ့မှာတင်နေတဲ့ အကြွေးတွေကို ဆပ်လိုက်ရလို့ လက်ထဲမှာ ရောင်းရငွေ တစ်ပြားမှ မကျန်တော့ဘူး။

အဲဒီအချိန်မှာ ကာနယ်ဆင်းဒါးဟာ အသက် ၆၅ နှစ်အရွယ် ဖြစ်နေပြီ။ ပင်စင်လစာလေး ၁၀၅ ဒေါ်လာပဲ လစဉ်ရတော့တယ်။ တကယ်လို့ သူ့နေရာမှာ သာမန်လူတွေဆိုရင် ဘယ်လိုစဉ်းစားမလဲ။ အသက်ကလဲ ကြီးပြီ၊ ကောင်းနေတဲ့ စီးပွားရေးကလဲ ချက်ခြင်းပျောက်သွားပြီ။ လက်ထဲမှာလဲ လစဉ် မဖြစ်စလောက် ပင်စင်လေးပဲ ရှိတော့တယ်။ မထူးတော့ပါဘူးကွာ။ လောကကြီးဟာ မတရားဘူး။ လက်မြှောက်အရှုံးပေးပါတယ်ဆိုပြီး လက်လျှော့လိုက်ကြမှာပါ။ ဒါပေမဲ့ ကာနယ်ဆင်းဒါးဟာ ဘဝကို လွယ်လွယ်နဲ့ အရှုံးပေးတဲ့လူစားမျိုး မဟုတ်ပါဘူး။

ဒီတော့ သူဘာလုပ်သလဲ။ သူ့လက်ထဲမှာ ငွေနည်းနည်းလေးပဲရှိတယ်။ ဒါပေမဲ့ အရသာအင်မတန်ရှိတဲ့ ဘိုးဘွားအစဉ်အဆက်က ရထားတဲ့ ကြက်သားကြော်လုပ်တဲ့ နည်းနာတစ်ခုကို ပိုင်ဆိုင်ထားတယ်။ သူ့နည်းနဲ့လုပ်ထားတဲ့ ကြက်ကြော်ကို လူတွေ အရမ်းကြိုက်ကြမယ်လို့ သူယုံကြည်နေတယ်။

ဒါကြောင့် သူ့ကိုယ်ပိုင် ဖို့ဒ်မော်တော်ကားဟောင်းလေးကို ကိုယ်တိုင်မောင်းပြီး အမေရိကန်နိုင်ငံအတွင်းက စားသောက်ဆိုင်တွေကို သွားပြီး သူ့ကြက်သားကြော်လုပ်နည်းဝယ်မဲ့သူ လိုက်စပ်တယ်။ စားသောက်ဆိုင်တစ်ခုရောက်ရင် သူကိုယ်တိုင် ကြက်တစ်ကောင်ကို ခုတ်ထစ်၊ ပြီးတော့ သူ့နည်းနဲ့ ဖော်စပ်ထားတဲ့ ဟင်းခတ်အမွှေးအကြိုင်တွေနဲ့ ရောနယ်ပြီး ကြက်သားကြော်တယ်။ ပြီးတော့ ဆိုင်က လူတွေကို သူ့ကြက်သားကြော်ကို မြည်းစားကြည့်ခိုင်းတယ်။ ဆိုင်အတော်များများက သူ့ကြက်ကြော်အရသာကို ကြိုက်ကြပေမဲ့ သူ့ ကြက်ကြော်လုပ်နည်းကို ဝယ်ဖို့တော့ စိတ်မဝင်စားကြဘူး။



အမေရိကန်နိုင်ငံအနှံ့က စားသောက်ဆိုင်တွေကို တစ်ဆိုင်ဝင် တစ်ဆိုင် ထွက်နဲ့ လိုက်စပ်လိုက်တာ တစ်နှစ်နီးပါးကြာမှ သူ့နည်းကိုဝယ်မဲ့သူတစ်ယောက် တွေ့တော့တယ်။ အဲဒီလူမတိုင်ခင်အထိ သူ့ကြက်ကြော်နည်းကိုဝယ်ဖို့ ငြင်းပယ်တာကို ကာနယ်ဆင်းဒါး ဘယ်နှစ်ကြိမ် ကြုံခဲ့ရတယ်ထင်သလဲ။ စုစုပေါင်း (၁,၀၀၉) ကြိမ် ငြင်းပယ်ခံခဲ့ရတယ်။ အာဂအဖိုးကြီးပဲ။


ကာနယ်ဆင်းဒါးဟာ သူ့ကြက်ကြော်နည်းကို အပြီးအပြတ် ရောင်းလိုက်တာ မဟုတ်ပါဘူး။ ကြက်ကြော်တစ်တုံး ရောင်းရတိုင်း သူ့ကို ကော်မရှင်ခ တစ်ဒေါ်လာပေးရမယ်။ ဆိုင်ကိုလဲ KFC လို့ နာမည်တပ်ပြီး ကြက်သားကြော်တာကိုလဲ သူ့ကို ကြီးကြပ်ခွင့်ပြုရမယ်လို့ တောင်းဆိုပါတယ်။

၁၉၆၄ ခုနှစ်လောက်မှာ အမေရိကန်နိုင်ငံမှာ KFC ကြက်ကြော်ဆိုင်ခွဲပေါင်း ၆၀၀ လောက် ဖြစ်လာတယ်။ နောက်ဆုံး ကာနယ်ဆင်းဒါးဟာ သူ ကြီးကြပ်နေတဲ့ KFC ဆိုင်ခွဲတွေကို ဒေါ်လာ ၂ သန်းနဲ့ ရောင်းချလိုက်ပါတယ်။ ဒါပေမဲ့ KFC နဲ့ပတ်သက်တဲ့ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်တစ်ယောက် အဖြစ် ဆက်လက်လုပ်နေခဲ့တယ်။

ယနေ့ KFC ဆိုင်ရှေ့တွေမှာ ပြထားတဲ့ ဘောင်းဘီရှည်အဖြူ ကုတ်အင်္ကျီအဖြူ ဆံပင်မုတ်ဆိတ်အဖြူနဲ့ မျက်မှန်တပ်ပြီး တုတ်ကောက်ကိုင်ထားတဲ့ အဖိုးကြီးရုပ်တုဟာ KFC စတင်တီထွင်ခဲ့တဲ့ ကာနယ်ဆင်းဒါး ဖြစ်ပါတယ်။

ကာနယ်ဆင်းဒါးဟာ ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၆ ရက် အသက် ၉၀ အရွယ်မှာပဲ ကင်တာကီမြို့မှာ ကွယ်လွန်သွားခဲ့ပါတယ်။ သူကွယ်လွန်ချိန်မှာ KFC ဆိုင်ခွဲပေါင်း ၆,၀၀၀ ကျော်ဟာ နိုင်ငံပေါင်း ၄၈ နိုင်ငံမှာ ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။

# "ရှောင်ကွန်နရီ"




James Bond စပိုင်ရုပ်ရှင်ကားတွေမှာ ဂျိမ်းစ်ဘွန်း 007 အဖြစ် သရုပ်ဆောင်ခဲ့တဲ့ ကမ္ဘာကျော် ဟောလီးဝုဒ်မင်းသားကြီး ရှောင်ကွန်နရီ (Sean Connery) ဆိုတာ လူအများသိကြပါတယ်။ သူ ဘယ်လို ကမ္ဘာကျော်ရုပ်ရှင်မင်းသား ဖြစ်လာခဲ့တယ်ဆိုတာတော့ သိသူနည်းမှာပါ။

ရှောင်ကွန်နရီကို ၁၉၃၀ ပြည့်နှစ် ဩဂုတ်လ ၂၅ ရက်နေ့မှာ စကော့တလန်နိုင်ငံ ဖောင်တိန်ဘရစ်ဂ်ျ မြို့လေးမှာ မွေးဖွားခဲ့ပါတယ်။ သူ့အဖေဟာ ထရပ်ကားမောင်းသမားတစ်ယောက်ဖြစ်ပြီး အမေကတော့ အိမ်ရှင်မပါ။

သူမွေးကတည်းက ကြီးပြင်းခဲ့တဲ့ ရပ်ကွက်ဟာ ပတ်ဝန်းကျင်မှာရှိကြတဲ့ ရေဘာစက်ရုံက ချေးနံ့တွေရယ်၊ အရက်ဆိုင်တွေက အရက်နံ့တွေနဲ့ တစ်ချိန်လုံး နံစော်နေပါတယ်။ ရှောင်ကွန်နရီကို မွေးပြီးတော့ သူ့ကို စားပွဲတစ်ခုရဲ့ အံဆွဲမှာ သိပ်ထားရတယ်။ ဘာလို့လဲဆိုတော့ သူ့မိဘတွေမှာ ပုခက်ဝယ်စရာ ပိုက်ဆံ မရှိကြလို့ပါ။

ရှောင်က သူ့ငယ်ဘဝကို အခုလိုပြောပြပါတယ်။ "ကျနော်တို့ အရမ်းဆင်းရဲပါတယ်။ ဘယ်လောက်ဆင်းရဲတယ်ဆိုတာ မသိပါဘူး။ ဘာကြောင့်လဲဆိုတော့ ပတ်ဝန်းကျင်ကလူတွေအားလုံးဟာ ဆင်းရဲသားတွေ ဖြစ်နေကြလို့ပါ" တဲ့။ သူ့အဖေဟာ တစ်ပတ်တစ်ခါ အိမ်ကို ပိုက်ဆံအနည်းအကျဉ်း ယူလာပါတယ်။ ဒါပေမဲ့ အဲဒီပိုက်ဆံကို အဖေက အရက်သောက်တာရယ်၊ လောင်းကစားတာရယ်ကြောင့် သူ့မိသားစု သုံးရတာ နည်းနည်းပါ။

ရှောင်ဟာ ငယ်ငယ်က ဘောလုံးကန် အရမ်းဝါသနာပါတယ်။ တစ်နေ့ကုန် ရပ်ကွက်ထဲမှာ ဘောလုံးကန်ပြီး အိမ်ကို ဘောင်းဘီတွေ စုတ်ပြဲ ပြန်လာလေ့ရှိတယ်။ သူ့အမေက ဘောင်းဘီက အပေါက်အပြဲတွေကို ဖာထေး ချုပ်ပေးရတယ်။ သူ မူလတန်းကျောင်းနေတော့ သူ့ဆရာမတွေ အံ့သြချီးကျူးကြတာ တစ်ခုရှိတယ်။ အဲဒါက သူဟာ သင်္ချာပုစ္ဆာတွက်ရင် အရမ်းမြန်လို့ပါတဲ့။

သူငယ်ငယ်တုံးက ကောမစ် ရုပ်ပြစာအုပ် အရမ်းဖတ်တယ်။ ကောမစ် ဇာတ်လမ်းထဲက ဇာတ်ကောင်တွေကို အရမ်းကြိုက်ပြီး သူတို့လိုဖြစ်ဖို့ စိတ်ကူးယဉ်နေတတ်တယ်။

သူ အသက် ၁၃ နှစ်ရောက်တော့ ကျောင်းကထွက်လိုက်တယ်။ သူ့မိသားစု စားဝတ်နေရေး မပြေလည်တာကြောင့် အချိန်ပြည့် အလုပ်လုပ်ဖို့ပါ။ နွားတွေကို နို့ညှစ်ပေးရတဲ့ အလုပ်တစ်ခုကို ခြံတစ်ခြံမှာ လုပ်ရတယ်။ နောက် ၃ နှစ်ကြာတော့ စကော့တလန် ရေတပ်ထဲကို ဝင်လိုက်တယ်။ ၇ နှစ်ကြာ စက်မှုထမ်းဖို့ စာချုပ်ထားပေမဲ့ ၃ နှစ်အကြာမှာ ထွက်လိုက်တယ်။ အစာအိမ်ရောဂါကြောင့်ပါ။

သူ့မြို့ကို ပြန်ရောက်တော့ ရှောင်ဟာ ကျုံရာကျဘမ်း အကုန်လုပ်ပြီး ဝင်ငွေရှာရတယ်။ မီးသွေးတွေကို တွန်းလှည်းနဲ့ စက်ရုံတစ်ခုမှာ ပို့ပေးတဲ့ အလုပ်လုပ်တယ်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ ပန်းရံအုတ်စီလုပ်တယ်။ မသာအခေါင်းတွေကို ပေါလစ်တင်ပေးတဲ့ အလုပ်လုပ်တယ်။ အနုပညာကျောင်းတစ်ခုမှာ ကိုယ်လုံးတီးမော်ဒယ်အဖြစ် ပန်းချီဆွဲဖို့ နေပေးရတယ်။




သူ့အလုပ်ပေါင်းစုံလုပ်ပြီး ရတဲ့ပိုက်ဆံတွေကို ခြစ်ကုတ်စုတယ်။ ပိုက်ဆံစုတာက ကာယဗလ အားကစားရုံတစ်ခုမှာ အသင်းဝင်ကြေးပေးဖို့ပါ။ “ကျနော် ကာယဗလကျင့်တာ သန်စွမ်းကြံ့ခိုင်ဖို့ အဓိကမဟုတ်ပါဘူး။ အဓိက ကတော့ မိန်းကလေးတွေနှစ်သက်တဲ့ ကိုယ်ခန္ဓာအချိုးအစားပြေပြစ်မှု ရဖို့ပါ” လို့ ပွင့်ပွင့်လင်းလင်း ဝန်ခံခဲ့ပါတယ်။

ကာယဗလလေ့ကျင့်ရင်းနဲ့ ရှောင်ဟာ အချိုးအစားပြေပြစ်ပြီး သန်စွမ်းတဲ့ ကိုယ်ခန္ဓာပိုင်ရှင် ဖြစ်လာခဲ့တယ်။ သူ့လေ့ကျင့်ဖော်တွေက

တိုက်တွန်းလို့ ရှောင်ဟာ မောင်စကြာဝဠာရွေးပွဲမှာ ဝင်ပြိုင်တယ်။ တတိယဆုရခဲ့တယ်။ ကဇာတ်ရုံတစ်ခုက ဒါရိုက်တာတစ်ယောက်က ရှောင်ရဲ့ ရုပ်ရည်နဲ့ ခန္ဓာကိုယ် အချိုးအစားကို သဘောကျလို့ ကဇာတ်ရဲ့ သီချင်းဆိုပေးတဲ့အဖွဲ့မှာ ပါဝင်ဖို့ ကမ်းလှမ်းလာလို့ သူ သဘောတူ ပါဝင်ခဲ့ပါတယ်။ ရှောင်က "ကျနော် သီချင်းလဲ မဆိုတတ်၊ ကလဲ မကတတ်ပါဘူး။ စင်ပေါ်မှာ အလှပြသက်သက် မတ်တပ်ရပ် ပေးနေရတာ များပါတယ်" တဲ့။

နောက် နှစ်အနည်းငယ်ကြာတော့ ရှောင်ဟာ ရုပ်ရှင်ကားလေးတချို့နဲ့ ရုပ်မြင်သံကြားအစီအစဉ်တချို့မှာ ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ နာမည်ကျော် တစ်ယောက် ဖြစ်မလာပါဘူး။

ဒါပေမဲ့ သူ့ကံဇာတာ တက်လာခဲ့တာကတော့ ၁၉၆၈ ခုနှစ်လောက်မှာ ရိုက်ကူးပြသတဲ့ ပထမဆုံး ဂျိမ်းစ်ဘွန်းစပိုင် ရုပ်ရှင်ကားဖြစ်တဲ့ Dr. No မှာ ဂျိမ်းစ်ဘွန်း 007 အဖြစ် သရုပ်ဆောင်ခဲ့တာ ပီပြင်သဘာဝကျလွန်းလို့ ရှောင်ရဲ့ နာမည်ဟာ ချက်ခြင်းပဲ ကမ္ဘာကျော်သွားခဲ့ပါတယ်။ နောက်ပိုင်းမှာ ဂျိမ်းစ်ဘွန်း ဇာတ်လမ်းတွဲတွေ ဖြစ်ကြတဲ့ From Russia with Love၊ Gold Finger၊ Thunderball နဲ့ You Only Live Twice တွေ ဆက်ရိုက်ရင်း ရှောင်ကွန်နရီရဲ့ နာမည်ဟာ ပိုပြီး ထင်ရှားကျော်ကြားလာခဲ့သလို သူ့ဝင်ငွေဟာလဲ အရမ်းကောင်းလာပါတယ်။ သူဟာ ပထမဆုံးရိုက်တဲ့ ဂျိမ်းစ်ဘွန်းဇာတ်ကား Dr. No မှာ သရုပ်ဆောင်ခ ဒေါ်လာ ၁၆,၀၀၀ ပဲ ရပါတယ်။ ဒါပေမဲ့ နောက်ပိုင်းရိုက်တဲ့ ဂျိမ်းစ်ဘွန်းကားတွေမှာ တစ်ကားကို ဒေါ်လာသန်းချီ ရနေခဲ့တယ်။



ဒါပေမဲ့ ရှောင်ကွန်နရီဟာ ဝင်ငွေ အရမ်းကောင်းတဲ့ ဂျိမ်းစ်ဘွန်းကားတွေကို ဆက်မရိုက်တော့ဘူးလို့ ရုတ်တရက် ကြေငြာလိုက်တယ်။ အကြောင်းပြချက်ကတော့ အက်ရှင်အခန်းတွေရိုက်ရတာ ငြီးငွေ့လာသလို အနုပညာဆန်တဲ့ ရုပ်ရှင်ကားတွေရိုက်ဖို့ စိတ်ကူးလို့ပါတဲ့။ ဂျိမ်းစ်ဘွန်းရုပ်ရှင်ကား ထုတ်လုပ်သူနဲ့ ဒါရိုက်တာတွေက အမျိုးမျိုး နားချ

စည်းရုံးပေမဲ့ ရှောင်ကတော့ ဂျိမ်းစ်ဘွန်းကား မရိုက်တော့ဘူးလို့ပဲ ငြင်းဆန်လိုက်တယ်။

နောက်တော့ ရှောင်ဟာ ရုပ်ရှင်ကားတချို့မှာ ပါဝင်သရုပ်ဆောင်ပါတယ်။ သူပါဝင်သရုပ်ဆောင်တဲ့ ရုပ်ရှင်ကားတွေဟာ အနုပညာပိုင်းအရ ချီးကျူးခံခဲ့ရပေမဲ့ ဝင်ငွေမှာကျတော့ မကောင်းရှာပါဘူး။

နောက်ဆုံး ၁၉၈၇ ခုနှစ်မှာ ရိုက်ကူးတဲ့ The Untouchables ရုပ်ရှင်ကားမှာ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုနဲ့ အကယ်ဒမီဆုရလိုက်ပြီး သူ့နာမည်ဟာ ပြန်လည် ထင်ရှားကျော်ကြားလာပြန်တယ်။ နောက်ပိုင်းမှာ Indiana Jones ရုပ်ရှင်ဇာတ်လမ်းတွဲတွေအပြင် ဟောလီးဝုဒ်မှာ ဝင်ငွေအရမ်းရပြီး အနုပညာသားပါတဲ့ ရုပ်ရှင်ကားကြီးတွေ ဖြစ်ကြတဲ့ The Hunt for Red October၊ Medicine Man၊ The Rock တွေမှာ သရုပ်ဆောင်ရင်း နာမည်ထင်ရှားလာသလို ဝင်ငွေကောင်းပြီး မီလျံနာသူဌေးကြီးတစ်ယောက် ဖြစ်သွားခဲ့တယ်။




ရှောင်က သူ့ရဲ့ရုပ်ရှင်ကြည့်ပရိသတ်နဲ့ ပတ်သက်ပြီး အခုလို ပြောခဲ့ဖူးတယ်။ ‘ကျနော် လုပ်ခဲ့တာတွေ အားလုံးဟာ ကျနော် အောင်မြင်မှုရဖို့ သက်သက်ပါ။ ဒါပေမဲ့ ကျနော်လုပ်ခဲ့တာတွေကို ပရိသတ်ကြီးကသာ အားမပေးခဲ့ဘူး။ မကြိုက်ခဲ့ဘူးဆိုရင် ယနေ့ ကျနော် နွားနို့ပို့တဲ့လူတစ်ယောက်ပဲ ဖြစ်နေအုံးမှာမို့ ပရိသတ်ကြီးကို ဘယ်တော့မှ မမေ့ပါဘူး” တဲ့။

ရှောင်ကွန်နရီဟာ ယခု အသက် ၈၅ နှစ်ရှိလို့ ရုပ်ရှင်ရိုက်ကူးတာ နည်းသွားပေမဲ့ တခါတလေ သူကြိုက်တဲ့ ရုပ်ရှင်ကားတွေမှာ တစ်ခန်းတလေ ဝင်သရုပ်ဆောင်ပေးနေပါသေးတယ်။

❑

# “မတ်ခ်ပိုးလော့”




မိမိရဲ့ ခန္ဓာကိုယ်အစိပ်အပိုင်းတစ်ခု ပျက်စီးသွားပြီး အများသူငါလို မသွားလာနိုင်၊ မလှုပ်ရှားနိုင်လို့ စိတ်ဓာတ်ကျနေသလား။ မျက်စိနှစ်ဖက်စလုံး မမြင်ဘဲ ကိုယ်အောက်ပိုင်းသေနေတာတောင် ဘဝကို အရှုံးမပေး သူလုပ်ချင်တာတွေကို သာမန်လူတွေထက် ထူးထူးကဲကဲ စွမ်းဆောင်ခဲ့တဲ့ မတ်ခ်ပိုးလော့ (Mark Pollock) အကြောင်း ဖတ်ကြည့်လိုက်ပါ။

မတ်ခ်ကို ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့က မြောက်အိုင်ယာလန်နိုင်ငံ ကောင်တီဒေါင်းမြို့မှာ မွေးဖွားခဲ့ပါတယ်။ သူ အသက် ၅ နှစ်သားအရွယ်မှာ ညာဖက်မျက်စိတစ်ဖက် လုံးဝကွယ်သွားပါတယ်။ ကစားကွင်းတစ်ခုမှာ လဲကျလို့ ခေါင်းနဲ့ ကြမ်းပြင် ဆောင့်မိသွားပြီး အားနည်းနေတဲ့ မျက်ကြောလွှာ (retina) ကွာထွက်သွားလို့ပါ။ အဲဒီအချိန်ကစပြီး သူ့မိဘတွေက လူချင်းထိခိုက်နိုင်မဲ့ ကစားနည်းတွေကို မကစားဖို့ပြောထားလို့ သူဝါသနာပါတဲ့ ရပ်ဘီ (Rugby) ကစားတာနဲ့ ဘောလုံးကန်တာကို လုံးဝမကစားတော့ဘဲ လှေလှော်တာနဲ့ ရွက်လွှင့်တာကိုပဲ လုပ်တော့တယ်။

သူ အထက်တန်းကျောင်းအောင်တော့ Dublin မြို့က Trinity College မှာ သွားတက်တယ်။ စီးပွားရေးပညာဘာသာရပ် သင်ယူနေရင်း တက္ကသိုလ်လှေလှော်အသင်းမှာ ပါဝင်ခဲ့တယ်။ တက္ကသိုလ်လှေလှော်အသင်းရဲ့ အသင်းခေါင်းဆောင်တစ်ယောက် ဖြစ်လာခဲ့တယ်။ ၁၉၉၇ ခုနှစ်မှာ မြောက်အိုင်ယာလန်

နိုင်ငံရဲ့လက်ရွေးစင် လှေလှော်အသင်းမှာ ပါဝင်ပြီး နိုင်ငံတကာ လှေလှော်ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တယ်။ အဲဒီအချိန်အထိ မတ်ခ်ဟာ မျက်လုံးတစ်ဖက်မမြင်ပေမဲ့ သူ့လက်ရှိဘဝဟာ သာယာလှပနေသလို တက္ကသိုလ်က ဘွဲ့ရပြီးရင် လစာကောင်းတဲ့ အလုပ်အကိုင်ရဖို့ကလဲ သေချာနေတာမို့ သူ့ရဲ့ အနာဂတ်ဘဝဟာလဲ သာယာဖြောင့်ဖြူးနေပါတယ်။

ဒါပေမဲ့ ၁၉၉၈ ခုနှစ် ဧပြီလမှာ သူ့ရဲ့ သာယာစိုပြေနေတဲ့ ဘဝကို ရုတ်တရက် အမှောင်ဖုံးလွှမ်းသွားပါတော့တယ်။ အဲဒါက မတ်ခ်ဟာ ရုတ်တရက် မျက်စိကြည့်ရတာ မှုန်ဝါးလာတယ်။ ၂ ပတ်အကြာမှာ သူ့ရဲ့ ကောင်းနေတဲ့ ဘယ်ဖက်မျက်လုံးဟာလဲ မျက်ကြောလွှာ ဒုက္ခပေးပြီး လုံးဝကွယ်သွားပြန်တယ်။

ဆရာဝန်တွေက သူ့မျက်စိကို ၂ ကြိမ် ခွဲစိပ်ကုသပေးပေမဲ့ သူ့မျက်စိပြန်မကောင်းလာတော့ဘူး။ မတ်ခ်တစ်ယောက် မျက်စိနှစ်ဖက်စလုံး မမြင်တဲ့ မျက်မမြင်တစ်ယောက် ဖြစ်သွားပြီ။ မတ်ခ်တစ်ယောက် ဘယ်လိုခံစားရမလဲ။ သူ့ဘဝဟာ နေ့ချင်းညချင်း အဆိုးဖြစ်သွားတာမို့ ရုတ်တရက်တော့ စိတ်ဓာတ်အကြီးအကျယ်ကျပြီး ခံစားသွားရတယ်။ သူ့ရဲ့ အနာဂတ်အိပ်မက်ကမ္ဘာကြီးပြိုလဲသွားပြီ။ သူ့ရဲ့ ဘဝရှေ့ရေး အလုပ်အကိုင် အိမ်ထောင်ပြုဖို့ အစီအစဉ်စိတ်ကူးတွေ လေထဲမှာပျောက်ကွယ်သွားပြီ။

မျက်မမြင်တစ်ယောက်အနေနဲ့ တက္ကသိုလ်ဆက်တက်ဖို့ မဖြစ်နိုင်လို့ တက္ကသိုလ်က နုတ်ထွက်ပြီး သူ့အမေအိမ်ကို ပြောင်းနေလိုက်တယ်။ (သူ့အမေနဲ့ အဖေဟာ ကွာရှင်းထားကြတယ်။) မတ်ခ်က အဲဒီအချိန်က အကြောင်းလေးကို ခုလိုပြောပြခဲ့တယ်။ "ရုတ်တရက် မျက်လုံးနှစ်ဖက်စလုံး မမြင်ရတော့ ကျနော် ဘယ်လောက်စိတ်ဆင်းရဲသလဲဆိုရင် ညမအိပ်ခင် ဘုရားဆုတောင်းတယ်။ အခုဖြစ်နေတာ တကယ်ဖြစ်နေတာ မဟုတ်ပါစေနဲ့။ အိပ်မက်တစ်ခုပဲ ဖြစ်ပါစေ။ မနက်မိုးလင်းလို့ အိပ်ယာကနိုးလာတော့လဲ တကယ်ဖြစ်နေတာပါလို့ သိရပြန်တော့ ဝမ်းနည်းပြီး ငိုချင်လာမိတယ်ဗျာ" တဲ့။


ဒါပေမဲ့ မတ်ခ်ဟာ အားကစားသမားတစ်ယောက်ဖြစ်တာကြောင့် စိတ်ဓာတ်ကြံ့ခိုင်တယ်။ သူ့ဘဝကို သူများအပေါ် မမှီခိုချင်လို့ သူ့ဘဝကို သူဘာသာ တည်ဆောက်ဖို့ စတင်ကြိုးပမ်းတယ်။

ပထမ သူ့ခွေးလေး လယ်ရီရဲ့လည်ပင်းမှာ ချည်ထားတဲ့ ကြိုးလေးကို



ကိုင်ပြီး သူသွားချင်တဲ့နေရာကို သွားတယ်၊ လာတယ်။ နောက်ပြီးတော့ သူ့အလုပ်လုပ်ချင်လို့ အလုပ်ခေါ်တဲ့ အင်တာဗျူးတွေကို လိုက်ဖြေတယ်။ ကုမ္ပဏီတွေက မျက်မမြင်ဖြစ်နေတဲ့ မတ်ခ်ကို အလုပ်မခန့်ကြပါဘူး။ နောက်ဆုံးမှာ သူ တက္ကသိုလ်တက်တုံးက သူငယ်ချင်းတစ်ယောက်ရဲ့ အဖေက သူ့ကိုသနားပြီး သူ့ကုမ္ပဏီမှာ အလုပ်ခန့်ပေးလိုက်တယ်။ လုပ်ရတဲ့ အလုပ်က ဝန်ထမ်းတွေကို ဖျော်ဖြေရေးပွဲမှာ အစီအစဉ်လုပ်ပေးရတာပါ။

လအတန်ကြာတော့ မတ်ခ်ဟာ သူ့ဘဝကို ဒီလိုဘဝမျိုးနဲ့ပဲ မကုန်ဆုံးသွားစေချင်ဘူး။ ဒါကြောင့် လှေလှော်ပြိုင်ပွဲမှာ ဝင်ပြိုင်ဖို့ တစ်ယောက်စီး လှေလှော်လေ့ကျင့်တယ်။ ၂၀၀၂ ခုနှစ်မှာ ကျင်းပတဲ့ နေသဟာယ အားကစားပွဲတော် (Common Weatlh Games) လှေလှော်ပြိုင်ပွဲမှာ ဒုတိယငွေတံဆိပ်တစ်ခုနဲ့ တတိယကြေးတံဆိပ်တစ်ခု ရလိုက်တယ်။ မျက်မမြင်တစ်ယောက်အနေနဲ့ ဒီလိုကြီးကျယ်တဲ့ အားကစားပြိုင်ပွဲကြီးမှာ ဆုတံဆိပ်ရလိုက်တာ မတ်ခ်အတွက် ဂုဏ်ယူစရာပါ။ ဒါပေမဲ့ သူဟာ ဒီလောက်



နဲ့ မကျေနပ်သေးပါဘူး။ ဒီထက် ကြီးကျယ်တာတွေ ထပ်လုပ်ချင်သေးတယ်။

ဒါကြောင့် မတ်ခ်ဟာ လှေလှော်တာရပ်နားလိုက်ပြီး အခြား အားကစား
ထက် ကူးပြောင်းလိုက်တယ်။ ၂၀၀၃ ခုနှစ် တရုတ်ပြည်က နေပူရှိန် အင်မတန်
ပြင်းတဲ့အချိန်မှာ ကျင်းပတဲ့ ဂိုဘီသဲကန္တာရ မာရသွန်ပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်တယ်။
၇ ရက်ကြာကျင်းပတဲ့ မာရသွန်ပြိုင်ပွဲ ၆ မျိုးမှာ မျက်စိမြင်တဲ့ အဖော်တစ်ယောက်
ရဲ့ ပခုံးကိုကိုင်ပြီး ဝင်ပြိုင်ခဲ့တယ်။ ၂၀၀၄ ခုနှစ်ကျပြန်တော့ မျက်မမြင်တွေ
အတွက် ကျင်းပပေးတဲ့ မြောက်ဝန်ရိုးစွန်း မာရသွန်ပြိုင်ပွဲတွေမှာ ဝင်ပြိုင်
ပြန်တယ်။

နောက်တစ်ခါ အဲဒီ ၂၀၀၄ ခုနှစ်မှာ ကျင်းပတဲ့ ရေစီးအရမ်းသန်တဲ့
မြစ်ထဲမှာ တစ်ယောက်စီး လှေလှော်ပြိုင်ပွဲမှာ ဝင်ပြိုင်တယ်။ ၂၀၀၆ ခုနှစ်မှာ
နယူးဇီလန်နိုင်ငံရဲ့ ကျွန်းတစ်ခုကနေ နောက်ကျွန်းတစ်ခုဆီသွားရတဲ့ တစ်ယောက်စီး
လှေလှော်ပြိုင်ပွဲ ဝင်ပြိုင်ခဲ့ပြန်တယ်။ အဲဒီပြိုင်ပွဲမှာ သံမဏိလူသား (Ironman)
ဆုရခဲ့ပါတယ်။

မျက်စိမမြင်တဲ့ အားကစားသမားဆိုပြီး မတ်ခ်ရဲ့ ဓာတ်ပုံတွေ သတင်း
စာတွေမှာ ဖော်ပြကြတော့ မတ်ခ်က သူနာမည်ကြီးတာ သူ့ရဲ့စွမ်းဆောင်မှုကြောင့်
မဟုတ်ဘဲ မျက်စိမမြင်တာကြောင့်လို့ မြင်လာတယ်။ ဒါကြောင့် မတ်ခ်ဟာ သူ့ရဲ့
ကြီးမားတဲ့ စွမ်းဆောင်မှုကိုပြသဖို့ စိန်ခေါ်မှုကြီးတစ်ခုမှာ ပါဝင်ရင်ဆိုင် ယှဉ်ပြိုင်ဖို့
ဆုံးဖြတ်လိုက်တယ်။

အဲဒါကတော့ အေးခဲလှတဲ့ တောင်ဝန်ရိုးစွန်းပေါ်တက်ရမယ့် ပြိုင်ပွဲ
ဖြစ်ပါတယ်။ တစ်သင်းမှာ ၃ ယောက်ပါဝင်တဲ့ နိုင်ငံပေါင်းစုံက အသင်း ၁၀ သင်း
ပြိုင်တဲ့ပွဲပါ။ ပြိုင်ပွဲမှာ မတ်ခ်နဲ့ သူ့အဖော်နှစ်ယောက်ဟာ နှင်းတွေဖုံးလွှမ်းနေတဲ့
မိုင်ပေါင်း ၄၇၀ ရှည်တဲ့ ရေခဲပြင်ကြီးကို ကီလို ၉၀ လေးတဲ့ ပစ္စည်းတွေ လျှော
လှည်းနဲ့ဆွဲပြီး သွားရတယ်။



သူတို့ဟာ တစ်နေ့ကို အနည်းဆုံး
၁၂ နာရီကြာနဲ့ ၄၃ ရက်တိုင်တိုင်
တောင်ဝန်ရိုးစွန်းထိရောက်အောင်
သွားကြရတယ်။ ရာသီဥတုကလဲ
လေကြမ်းတွေတိုက်ပြီး အပူချိန်

ကာလဲ ရေခဲမှတ်အောက် အနုတ် ၅၀ ဒီဂရီထိ ကျနေတယ်။ သူတို့ခြေလက်တွေ ဖူးယောင်ကိုက်ခဲကုန်ကြတယ်။ နှာနဲ့ လက်ချောင်းလေးတွေမှာ နှင်းကိုက် (Frost bite) ဖြစ်ကုန်လို့ ထုံကျင်ပြီး အထိအတွေ့ မခံစားရတော့ဘူး။ နောက်ဆုံးတော့ အသင်း ၁၀ သင်းမှာ ၆ သင်းပဲ တောင်ဝန်ရိုးစွန်းကို ရောက်သွားကြတယ်။ မတ်ခ်တို့ရဲ့အသင်းက ပဉ္စမပဲ ရပါတယ်။

ဒါပေမဲ့ သူတို့ မြောက်အိုင်ယာလန်ကို ပြန်လာကြတော့ အိုင်ယာလန်နိုင်ငံသားတွေက သူတို့ကို သူရဲကောင်းတွေအဖြစ် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြတယ်။ အဲဒီပြိုင်ပွဲအပြီးမှာ မတ်ခ်ဟာ ဂျော့ဆိုတဲ့ အမျိုးသမီးလေးနဲ့



ချစ်ကြိုက်သွားခဲ့တယ်။ မတ်ခ်အတွက် သူလုပ်ချင်ခဲ့တဲ့ ကြီးမားတဲ့စွမ်းဆောင်မှုကြီးလဲ လုပ်ပြီးသွားသလို ချစ်သူရည်းစားလဲရပြီမို့ သူ့ဘဝဟာ ပြည့်စုံသွားပြီလို့ ပြောလို့ရပါတယ်။

ဒါပေမဲ့ ကြမ္မာဆိုးရဲ့ ထိုးနှက်မှု တစ်ခု ထပ်မံကြုံလိုက်ရပြန်ပါပြီ။ ၂၀၁၀ ခုနှစ် ဇူလိုင်လ မတ်ခ်ဟာ သူ့ချစ်သူ ဂျော့နဲ့ လက်ထပ်ဖို့ ၄ ပတ်အလိုမှာ သူ့အိမ် ဒုတိယထပ်မှာ လမ်းလျှောက်နေရင်း ပြတင်းပေါက်ကနေ ချော်ကျသွားပြီး ၂၅ ပေ မြင့်တဲ့ အမြင့်ကနေ မြေပြင်ကို ထိုးကျသွားတယ်။ ခေါင်းခွံကွဲအက်သွားပြီး ခါးဆစ်ရိုး ၃ နေရာမှာ ကျိုးသွားတယ်။ ခါးဆစ်ရိုး ထိခိုက်သွားလို့ လမ်းလျှောက် မရတော့ဘူး။ ဆေးဝါးကုသမှုတွေ ခွဲစိပ်မှုတွေ လုပ်ပေမဲ့လဲ သူ့အောက်ပိုင်း သေသွားပြီး လမ်းလုံးဝ မလျှောက်နိုင်တော့ပါဘူး။

ကဲ ... မတ်ခ်တစ်ယောက် ဒီတစ်ခါ လုံးဝ စိတ်ဓာတ်ကျသွားပြီလား။ ငါ့လောက် ကုသိုလ်ကံဆိုးတဲ့လူ ဒီလောကမှာ မရှိတော့ဘူးဆိုပြီး ထိုင်ငိုနေမှာလား။ မတ်ခ်ရဲ့ ဘဝအဘိဓာန်မှာ ငိုကြွေးခြင်း၊ အရှုံးပေးလက်မြှောက်ခြင်းဆိုတဲ့ စကားလုံးတွေ မရှိပါဘူး။


သူဟာ သူ့ဘဝဖြစ်စဉ်အကြောင်းကို (လမ်းမလျှောက်နိုင်တော့ လက်တွန်းလှည်းနဲ့ သွားလာရင်း) Making It Happen ဆိုတဲ့ စာအုပ်တစ်အုပ် ရေးတယ်။



ရောင်းကောင်းတဲ့ စာအုပ်တစ်အုပ် ဖြစ်ခဲ့တယ်။ ကမ္ဘာအနှံ့ လှည့်လည်ပြီး လူတွေကို စိတ်ဓာတ်မြှင့်တင်ရေး ဟောပြောပွဲတွေလုပ်ရင်း ဝင်ငွေကောင်းလာခဲ့တယ်။ ကိုယ်ပိုင်ကုမ္ပဏီတစ်ခုထောင်ပြီး စီးပွားရေးလုပ်သလို ခြေလက်မသန်မစွမ်းသူတွေကို ကူညီနေတဲ့ လူမှုရေးလုပ်ငန်းတွေလဲ ဆောင်ရွက်ပေးနေပါတယ်။

သူ တိုက်ပေါ်ကပြုတ်ကျပြီး အောက်ပိုင်းသေသွားတုံးက သူ့ကို ကြင်ကြင်နာနာ ပြုစုပေးခဲ့တဲ့ သူ့ရည်းစား ဂျော့နဲ့ပဲ လက်ထပ်ခဲ့ပါတယ်။ သူ ကျောင်းတစက်တပျက်ပဲ တက်ခဲ့ရတဲ့ Dublin မြို့က Trinity College က သူ့ကို ဂုဏ်ထူးဆောင်ဘွဲ့ ပေးခဲ့သလို Belfast မြို့က Queens University ကလဲ သူ့ကို ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ အပ်နှင်းခဲ့ပါတယ်။ နိုင်ငံတကာကလဲ သူ့ကို ဂုဏ်ထူးဆောင်ဘွဲ့တွေ ချီးမြှင့်ခဲ့ပါတယ်။

❑




ဦးသန့်ကို ယနေ့ မြန်မာလူငယ်တွေ သိပ်မသိကြတော့ပေမယ့် မြန်မာလူကြီးပိုင်းတွေကတော့ တော်တော်များများ သိကြပါတယ်။ ကမ္ဘာတလွှားက လူတွေကလဲ သူ့ကို "ယုသန့်" ဆိုပြီး သိကြတယ်။ သူတို့က ဦးသန့် (U Thant) နာမည်မှာ "U" ကို ဦးလို့ ခေါ်ရမှန်းမသိလို့ 'ယု'လို့ ခေါ်ကြတာပါ။ အဲဒီခေတ်က ကမ္ဘာကသိတဲ့ မြန်မာလူမျိုး နှစ်ဦးတည်း ရှိပါတယ်။ လွတ်လပ်ရေးဖခင်ကြီး "ဗိုလ်ချုပ်အောင်ဆန်း"နဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် "ဦးသန့်" တို့ပါပဲ။

ဦးသန့်ကို ကမ္ဘာက ဘာကြောင့်သိကြတာလဲ။ သူဟာ တတိယမြောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်စဉ်ကာလ (၁၉၆၂-၁၉၇၁ ခုနှစ်) မှာ သူ့ရဲ့ သံတမန်ရေးရာ ကျွမ်းကျင်မှု၊ ကမ္ဘာ့အရေးအခင်းကြီးတွေဖြစ်ကြတဲ့ ကျူးဘားအရေးအခင်း၊ ကွန်ဂိုနိုင်ငံအရေးအခင်းတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းပေးခဲ့လို့ပါ။

ဦးသန့်ကို ၁၉၀၉ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့က ပန်းတနော်မြို့မှာ မွေးဖွားခဲ့ပါတယ်။ သား ၄ ယောက်မှာ အကြီးဆုံးသား ဖြစ်ပါတယ်။ သူ့အဖေဟာ ပညာတတ်တစ်ယောက်ဖြစ်ပြီး ငွေကြေး အတော်အတန်ချမ်းသာတဲ့ ကုန်သည် တစ်ယောက်လဲ ဖြစ်ပါတယ်။ သူ့အမေက သူတို့ညီအစ်ကိုတွေကို ပညာကြိုးစားဖို့ အမြဲဆုံးမတယ်။ ပညာရေးကိုလဲ အရမ်းအားပေးတယ်။ ဦးသန့်ဟာ ငယ်စဉ်ကတည်းက စာဖတ်တာ အရမ်းဝါသနာပါတယ်။ စာဖတ်လွန်းလို့ ဗဟုသုတ

ကြွယ်ပြီး စကားလေး ပြောကောင်းတယ်။ သူငယ်ချင်းတွေက သူ့ကို အတွေးအခေါ် ပညာရှင်လို့ ခေါ်ကြတယ်။

ဦးသန့်ဟာ ကြီးလာရင် သတင်းစာဂျာနယ်သမားဖြစ်ချင်လို့ ငယ်စဉ်ကတည်းက မဂ္ဂဇင်းဂျာနယ်တွေကို ဆောင်းပါးတွေရေးပြီး ပို့လေ့ရှိတယ်။

သူ့ အသက် ၁၄ နှစ်သားအရွယ်မှာ သူ့အဖေဆုံးသွားတယ်။ သူ့အိမ်မှာ ငွေရေးကြေးရေး ကြပ်တည်းလာတာကြောင့် ဦးသန့်ဟာ ၁၉၂၆ ခုနှစ် ၁၀ တန်း အောင်ပြီး ၁၉၂၈ ခုနှစ်တွင် ရန်ကုန်ကောလိပ်မှ ဥပစာတန်း အောင်မြင်ပါတယ်။

၁၉၃၀ ပြည့်နှစ် မတ်လ ၂၈ ရက်တွင် အထက်တန်းဆရာဖြစ် လက်မှတ်ရ စာမေးပွဲ၌ တပြည်လုံးမှာ ပထမရခဲ့ပါတယ်။ ပန်းတနော်မြို့ကို ပြန်လာပြီး ပန်းတနော် အထက်တန်းကျောင်းမှာ အထက်တန်းပြဆရာ ဝင်လုပ်တယ်။ ၃ နှစ်ကြာတော့ အဲဒီကျောင်းရဲ့ ကျောင်းအုပ်ကြီး ဖြစ်လာခဲ့တယ်။

ဦးသန့်ဟာ အင်္ဂလိပ်အရေးအသားနဲ့ စကားပြောတွေ အရမ်းကောင်းတယ်။ အထက်တန်းကျောင်းသားဘဝမှာ အင်္ဂလိပ်စာကို ကျွမ်းကျွမ်းကျင်ကျင် တတ်ချင်တော့ ဘာလုပ်သလဲ သိလား။ အိမ်နားနီးချင်းတွေဆီက အင်္ဂလိပ် သတင်းစာအဟောင်းတွေ လိုက်လံတောင်းတယ်။ ရလာတဲ့ သတင်းစာဟောင်းတွေကို ညနက်သန်းခေါင်အထိ နေ့စဉ်ဖတ်တယ်။ သတင်းဆောင်းပါး အတိုအစတာ အစ အကုန်ဖတ်တယ်။

၁၉၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံမှာ ဗြိတိသျှအစိုးရ အုပ်ချုပ်မှုအောက်က လွတ်မြောက်ဖို့ လွတ်လပ်ရေးတောင်းဆိုပွဲတွေ ပေါ်ပေါက်လာခဲ့တယ်။ ဦးသန့်ဟာ ငြိမ်းချမ်းရေးသမားမို့ ဆန္ဒပြပွဲတွေမှာ ဦးဆောင်သူနေရာက မပါဘဲ ဆန္ဒပြသူ နောက်လိုက်အဖြစ်ပဲ ပါဝင်ခဲ့တယ်။

၁၉၄၂ ခုနှစ်မှာ မြန်မာနိုင်ငံကို ဖက်ဆစ်ဂျပန်တွေ သိမ်းပိုက်လိုက်ပြန်တယ်။ ဂျပန်ခေတ်ကာလမှာ ဂျပန်စစ်တပ်က ကျောင်းတွေမှာ ဂျပန်စာကို မသင်မနေရ ဘာသာတစ်ခုအဖြစ် ပြဋ္ဌာန်း ဥပဒေထုတ်တာကို ကန့်ကွက်ဆန္ဒပြခဲ့တယ်။

၁၉၄၈ ခုနှစ်မှာ မြန်မာနိုင်ငံဟာ ဗြိတိသျှအစိုးရလက်အောက်ကနေ လွတ်လပ်ရေးရခဲ့ပြီး ဦးနုဟာ မြန်မာနိုင်ငံရဲ့ ပထမဆုံးဝန်ကြီးချုပ် ဖြစ်လာခဲ့တယ်။ အသစ် စတင်ဖွဲ့စည်းတဲ့ မြန်မာအစိုးရဟာ အုပ်ချုပ်ရေးအတွက် ပညာ

တတ်တွေ လိုလာတယ်။ ဒီတော့ ဦးနုက ရန်ကုန်တက္ကသိုလ်တုန်းက သူ့သူငယ်ချင်းလဲ ဖြစ်ခဲ့ပြီး စာပေပညာမှာတော်တဲ့ ဦးသန့်ကို အစိုးရအုပ်ချုပ်ရေးပိုင်းမှာ ဝင်လုပ်ဖို့ ကမ်းလှမ်းတယ်။ ဒါကြောင့် ဦးသန့်ဟာ အုပ်ချုပ်ရေးပိုင်းမှာ ဝင်လုပ်တယ်။ လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံဟာ ရောင်စုံ သူပုန်သောင်းကျန်းမှုတွေကြောင့် ပြည်တွင်းစစ် ဖြစ်လာခဲ့တယ်။ ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းတတ်တဲ့ ဦးသန့်ဟာ ဦးနုရဲ့ တာဝန်ပေးချက်အရ ကရင်သူပုန်တွေ စခန်းချတဲ့နေရာအထိ သွားပြီး ငြိမ်းချမ်းရေး ဆွေးနွေးခဲ့တယ်။ ဒါပေမဲ့ ၁၉၄၉ ခုနှစ်မှာ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေ ပျက်ပြားသွားပြီး ပြည်တွင်းစစ်ဟာ ပိုကြီးလာခဲ့တယ်။ သူ့ဇာတိ ပန်းတနော်မြို့ဟာ သူပုန်တွေရဲ့ မီးရှို့ခံလိုက်ရပြီး သူ့အိမ်လဲ မီးထဲပါသွားခဲ့တယ်။


၁၉၅၁ ခုနှစ်ကနေ ၁၉၅၇ ခုနှစ်အထိ ဦးသန့်ဟာ ဝန်ကြီးချုပ်ဦးနုရဲ့ အတွင်းရေးမှူးတာဝန် ထမ်းဆောင်ခဲ့တယ်။ ဦးနုပြောမဲ့ မိန့်ခွန်းများရေးပေးခြင်း၊ ဦးနုကို အကြံဉာဏ်ပေးခြင်း စတာတွေ လုပ်ခဲ့ရတယ်။

၁၉၅၇ ခုနှစ်မှာ ဦးသန့်ဟာ ကုလသမဂ္ဂကြီးမှာ မြန်မာနိုင်ငံရဲ့ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ခံရပြီး ကုလသမဂ္ဂ ရုံးစိုက်တဲ့ အမေရိကန်နိုင်ငံ နယူးယောက်မြို့ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတယ်။ အဲဒီမှာ နိုင်ငံတကာက ခေါင်းဆောင်တွေ၊ သံတမန်တွေနဲ့ ပေါင်းသင်းဆက်ဆံရတယ်။ ဆက်ဆံရေးကောင်းပြီး စကားပြောကောင်းတဲ့ ဦးသန့်ဟာ သံတမန်လောကမှာ ရေပန်းစားလာခဲ့တယ်။

၁၉၆၁ ခုနှစ်မှာ လက်ရှိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်တဲ့ ဒက်ဟမ်းမားရှိုးဟာ ခရီးသွားရင်း လေယာဉ်ပျက်ကျ သေဆုံးတယ်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်နေရာ လစ်လပ်နေလို့ အစားထိုးမဲ့သူတစ်ယောက် ရွေးချယ်တဲ့ ကိစ္စမှာ ကမ္ဘာ့အင်အားအကြီးဆုံး နှစ်နိုင်ငံဖြစ်ကြတဲ့ အမေရိကန်နဲ့ ရုရှားတို့ကြား သဘောတူညီမှုမရဘဲ ဖြစ်နေကြတယ်။ နောက်ကျတော့ ကြားနေနိုင်ငံတစ်ခုက ကိုယ်စားလှယ်တစ်ယောက် ရွေးချယ်ဖို့ ဆုံးဖြတ်လိုက်ပြီး သံတမန်တွေ သဘောကျတဲ့ ဦးသန့်ကို ဒက်ဟမ်းမားရှိုးရဲ့ တာဝန်သက်တမ်း ကုန်ဆုံးချိန်ထိ ခေတ္တ အတွင်းရေးမှူးချုပ်အဖြစ် ခန့်လိုက်ပါတယ်။

၁၉၆၂ ခုနှစ်ကျတော့ ခေတ္တအတွင်းရေးမှူးချုပ်ကနေ အချိန်ပြည့် အတွင်းရေးမှူးချုပ်အဖြစ် အရွေးချယ်ခံရတယ်။ သူ့ အတွင်းရေးမှူးချုပ် တာဝန်

ထမ်းဆောင်လို့ တစ်နှစ်မပြည့်ခင်မှာ တတိယကမ္ဘာစစ်ကြီးဖြစ်မယ့် အခြေအနေ ရုတ်တရက် ပေါ်လာခဲ့တယ်။ အဲဒါက ကျူးဘားဒုံးပျံ အရေး အခင်းပါ။



ရုရှားအစိုးရဟာ အမေရိကန်နိုင်ငံရဲ့ကပ်ရက် ကျူးဘားနိုင်ငံက ကျွန်းတစ်ခုမှာ အနုမြူထိပ်ဖူးတပ်ထားတဲ့ ဒုံးပျံတွေ လာတပ်ဆင်လိုက်တယ်။ ဒုံးပျံတွေကိုလဲ အမေရိကန်နိုင်ငံဘက်ကို ချိန်ရွယ်ထားတယ်။ အမေရိကန်က အဲဒီဒုံးပျံတွေကို ၃ ရက်အတွင်း မဖယ်ရှားရင် စစ်လေယာဉ်တွေနဲ့ ဗုံးကြဲမယ်လို့ ခြိမ်းခြောက်တယ်။ အမေရိကန်စစ်သင်္ဘောတွေကို ကျူးဘားကို စေလွှတ်သလို ရုရှားကလဲ သူတို့စစ်သင်္ဘောတွေကို စေလွှတ်လို့ တတိယကမ္ဘာစစ်ကြီး ဖြစ်တော့မယ့် အခြေအနေပါပဲ။ အဲဒီအချိန်မှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်ဟာ အမေရိကန်သမ္မတကနေဒီနဲ့ ရုရှားသမ္မတ ကရူးရှက်တို့နှစ်ယောက်ကြား လေယာဉ်နဲ့ အသွားအပြန်လုပ်ပြီး ညှိနှိုင်းပေးခဲ့တယ်။ နောက်ဆုံးမှာ အမေရိကန်က ဗုံးကြဲမယ်လို့ ရာဇသံပေးထားတဲ့ အချိန်ပြည့်ဖို့ နာရီအနည်းငယ်အလိုလေးမှာ ရုရှားဟာ ကျူးဘားကျွန်းပေါ်က နူကလီးယားဒုံးပျံတွေကို ဖယ်ရှားလိုက်လို့ ကမ္ဘာစစ်ကြီးဖြစ်မဲ့ အခြေအနေက ရှောင်လွှဲနိုင်ခဲ့တယ်။ အဲဒီအခြေအနေမှာ ဦးသန့်ရဲ့ သံတမန်ရေးရာ ကျွမ်းကျင်စွာနဲ့ ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံက ခေါင်းဆောင်တွေကို နားချနိုင်ခဲ့လို့ ဦးသန့်ရဲ့ အရည်အချင်းကို နိုင်ငံတကာက ခေါင်းဆောင်တွေရဲ့ ချီးကျူးလေးစားခြင်း ခံခဲ့ရပါတယ်။

နောက်တစ်ကြိမ် အရေးအခင်းတစ်ခု ထပ်ဖြစ်လာပြန်တယ်။ ၁၉၆၂ ခုနှစ် ဒီဇင်ဘာလမှာပါ။ ကွန်ဂိုနိုင်ငံမှာ အစိုးရကို တော်လှန်တိုက်ခိုက်နေတဲ့ ကွန်ဂိုသူပုန်တွေက ကွန်ဂိုမှာ စခန်းချနေတဲ့ ကုလသမဂ္ဂတပ်ဖွဲ့ဝင်တွေကို တိုက်ခိုက်ပစ်ခတ် သတ်ဖြတ်လိုက်ကြတယ်။ ဦးသန့်က ကုလသမဂ္ဂတပ်ဖွဲ့တွေ အများကြီး ကွန်ဂိုကို စေလွှတ်ပြီး သူပုန်တွေကို နှိမ်နင်းလိုက်လို့ ကွန်ဂို ပြည်တွင်းစစ်ကြီး ပြီးဆုံးသွားခဲ့တယ်။

၁၉၆၅ ခုနှစ်မှာ နိုဘယ်ဆုချီးမြှင့်ရေးအဖွဲ့က ကျူးဘားအရေးအခင်းနဲ့ ကွန်ဂိုအရေးအခင်းတွေမှာ အောင်မြင်အောင် ဆောင်ရွက်ပေးခဲ့တဲ့ ဦးသန့်ကို ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆုကြီး ချီးမြှင့်ချင်တယ်။ ဒါပေမဲ့ နိုဘယ်ဆုချီးမြှင့်ရေး အဖွဲ့ဥက္ကဋ္ဌက ဗီတိုအာဏာနဲ့ ပယ်ချလိုက်လို့ မပေးဖြစ်တော့ပါဘူး။

၁၉၆၆ ခုနှစ် ဒီဇင်ဘာလမှာ ဦးသန့်ဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ကိုယ်စားလှယ်အားလုံးရဲ့ ကန့်ကွက်မဲမရှိ သဘောတူညီချက်နဲ့ အတွင်းရေးမှူးချုပ် ရာထူးကို ဒုတိယအကြိမ် ထပ်မံအရွေးခံရပြန်တယ်။ သူ့ရဲ့ဒုတိယသက်တမ်းအတွင်း မှာ အာရှနဲ့ အာဖရိကနိုင်ငံ အများအပြားကို ကုလသမဂ္ဂ အဖွဲ့ကြီးထဲဝင်ဖို့ စည်းရုံးနိုင် ခဲ့တယ်။ ကုလသမဂ္ဂကို ကမ္ဘာကြီးရဲ့လူမှုရေးလုပ်ငန်း တွေမှာ ပါဝင်လာအောင် လုပ်ဆောင်ပေးနိုင်ခဲ့တယ်။



ဒုတိယသက်တမ်း ကုန်ခါနီးလေးမှာပဲ အာရပ်-အစ္စရေး စစ်ပွဲနဲ့ ဗီယက်နမ်စစ်ပွဲတွေ ဖြစ်ပွားလာလို့ ဦးသန့်ဟာ အဲဒီအရေးအခင်းတွေမှာလဲ ဝင်ပြီး ဖြေရှင်းပေးခဲ့ရတယ်။ သူ့ကို ကုလသမဂ္ဂအဖွဲ့ကြီးက တတိယအကြိမ် အတွင်းရေးမှူးချုပ် ဆက်အရွေးခံဖို့ ကမ်းလှမ်းတာကို ငြင်းပယ်လိုက်ပါတယ်။

ဦးသန့်ဟာ အတွင်းရေးမှူးချုပ်ရာထူးက အနားယူပြီးနောက် နယူး ယောက်မြို့မှာပဲ ဆက်လက်နေထိုင်ရင်း ဆောင်းပါးလေးတွေရေးရင်း အေးအေး ဆေးဆေး အနားယူပါတော့တယ်။

၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့မှာ ဦးသန့်ဟာ အဆုတ်ကင်ဆာ ရောဂါနဲ့ သူ့ရဲ့ နယူးယောက်မြို့က နေအိမ်မှာပဲ ကွယ်လွန်သွားခဲ့ပါတယ်။

ကမ္ဘာ့အမြင့်ဆုံး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးကို မြန်မာနိုင်ငံ သားတစ်ယောက်အနေနဲ့ ထူးချွန်ပြောင်မြောက်စွာ ထမ်းဆောင်ခဲ့တဲ့ ဦးသန့်ကို လူငယ်တွေ အားကျ အတုယူနိုင်ကြပါစေ။




မွေးကတည်းက လက်နှစ်ဖက်စလုံး ပြတ်နေလို့ လေယာဉ်ပျံကို ခြေထောက်နဲ့ မောင်းနှင်ပျံသန်းခဲ့တဲ့ အမေရိကန်-ဖိလစ်ပိုင်လူမျိုး အမျိုးသမီး ဂျက်စီကာကော့စ် (Jessica Cox) ဆိုတာ ကြားဖူးပါသလား။ ဂျက်စီကာရဲ့ ခြေထောက်နဲ့ လေယာဉ်ပျံမောင်းတဲ့သတင်းဟာ ကမ္ဘာကျော်သွားခဲ့သလို ကမ္ဘာ့ စံချိန်ချိုးသူများစာရင်း ဂင်းနစ်စာအုပ် (Guiness Book of World Records) မှာ ၂၀၀၈ ခုနှစ်က စာရင်းဝင်ခဲ့ပါတယ်။

သူမဟာ လေယာဉ်ပျံကို ခြေထောက်နဲ့ မောင်းနှင်ခဲ့တာပဲ မဟုတ်ဘဲ သာမန် ခြေလက်အစုံရှိတဲ့လူတွေထက်သာတဲ့ အလုပ်တွေလုပ်ခဲ့တယ်ဆိုတာ သိစေချင်လို့ အကျဉ်းလေး ရေးလိုက်ပါတယ်။

ဂျက်စီကာကို ၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့က အမေရိကန် နိုင်ငံ အာရီဇိုးနားမှာ မွေးဖွားခဲ့ပါတယ်။ အဖေက အမေရိကန်လူမျိုး William Cox နဲ့ အမေက ဖိလစ်ပိုင်လူမျိုး Inez Cox တို့ပါ။

သူမဟာ မွေးကတည်းက လက်နှစ်ဖက်စလုံး လက်မောင်းရင်းကနေ ပြတ်နေခဲ့တယ်။ သူမကို မွေးမွေးချင်းမှာ လက်မပါတဲ့ သမီးလေးကိုကြည့်ပြီး သူ့အဖေဟာ အရမ်းဝမ်းနည်းပေမဲ့ မျက်ရည်တစ်စက် မကျခဲ့ပါဘူး။ ဘာလို့လဲ

ဆိုတော့ သူ့သမီးလေးကို ကြီးလာရင် လူတန်းစေ့နေနိုင်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ထားလို့ပါ။

အမေဖြစ်သူကလဲ သမီးလေးကို ငယ်စဉ်ကတည်းက စိတ်ဓာတ်မကျအောင်နဲ့ ကိုယ့်အားကိုယ်ကိုးတတ်အောင် ကြိုးစားဖို့ အမြဲတမ်း အားပေးနေခဲ့တယ်။ ငယ်စဉ်ကတည်းက အရုပ်တွေဝယ်လာပြီးရင် သူ့သမီးရဲ့ ခြေချောင်းလေးတွေနဲ့ ဆော့ကစားတတ်အောင် လေ့ကျင့်ပေးတယ်။

ဂျက်စီကာ ၂ နှစ်သမီးအရွယ်မှာ မိဘတွေက လက်အတုနှစ်ဖက် ဝယ်တပ်ပေးတယ်။ သူမ နည်းနည်းကြီးလာတော့ လက်အတုဝတ်ထားရတာ မကြိုက်လို့ မတပ်တော့ဘဲ သူမရဲ့ခြေထောက်တွေကိုပဲ အားကိုးတော့တယ်။ မိဘတွေရဲ့ အားပေးမှုနဲ့ သူမဟာ တခြားကလေးတွေ လုပ်တာတွေကို လုပ်နိုင်လာခဲ့တယ်။

အသက် ၃ နှစ်အရွယ်မှာ ဂျိမ်းဘားအားကစား လေ့ကျင့်တယ်။ အသက် ၆ နှစ်အရွယ်မှာ လက်နှစ်ဖက်မရှိပေမယ့် ခြေထောက်နဲ့ယက်ပြီး ရေကူးတတ်ခဲ့တယ်။ အကသင်တန်းတက်တယ်။ အသက် ၁၀ နှစ်ရောက်တော့ တိုက်ကွမ်ဒိုသင်တန်းတက်တယ်။

အသက် ၁၄ နှစ်အရွယ်မှာ ဂျက်စီကာဟာ အမေရိကန်တိုက်ကွမ်ဒိုအဖွဲ့ (ATA - American Taekwando Association) ကနေ ခါးပတ်နက်အဆင့်ရခဲ့တယ်။ နောက်ပိုင်းမှာ ပိုပြီး အဆင့်မြင့်တဲ့ နိုင်ငံတကာ တိုက်ကွမ်ဒိုဖယ်ဒရေးရှင်း (ITF - International Taewando Federation) မှာ ခါးပတ်နက်အဆင့် ထပ်ရပြန်တယ်။ ခါးပတ်နက်တွေကို လက်မပါတော့ ခြေထောက်ပဲသုံးပြီး ရခဲ့တာပါ။



သူမကို မိန်းကလေးတစ်ယောက်ဖြစ်ပြီး ဘာလို့ တိုက်ကွမ်ဒို ကစားခဲ့တာလဲလို့မေးတော့ သူမဟာ ကိုယ်ခန္ဓာ ချို့ယွင်းမှုကြောင့် မကြာခဏ စိတ်ဓာတ်

ကျမိတယ်။ စိတ်ဓာတ်ကြံ့ခိုင်လာအောင်ရယ်၊ သူမရဲ့ ချို့ယွင်းချက်ကို မစဉ်းစားမိအောင် တိုက်ကွမ်ဒိုမှာ စိတ်ကို နှစ်မြှုပ်ထားခဲ့တာပါတဲ့။

သူမဟာ တဖြည်းဖြည်းနဲ့ သာမန်လူတွေ လက်နဲ့လုပ်နေကျ အလုပ်တွေကို ခြေထောက်သုံးပြီး လုပ်တတ်လာတယ်။ ခြေထောက်နဲ့ ထမင်းချက်တတ်တယ်။ ခြေချောင်းလေးတွေနဲ့ ဇွန်းကိုညှပ်ပြီး ထမင်းစားတတ်တယ်။ ဘီးကို ခြေထောက်သုံးပြီး ခေါင်းဖြီးတတ်တယ်။ ဘောပင်ကို ခြေချောင်းညှပ်ပြီး စာရေးတတ်လာတယ်။ ကွန်ပျူတာကီးဘုတ်ကို ခြေမနဲ့နှိပ်ပြီး စာရေး၊ အီးမေးလ်ပို့နိုင်လာတယ်။



ဒါပေမဲ့ အပြင်ထွက်ရင် လူတွေက သူမကို အထူးအဆန်းလို ဝိုင်းကြည့်ကြတဲ့အခါတွေမှာ သူမ တော်တော်လေးရှက်ပြီး စိတ်ဓာတ်ကျလေ့ရှိတယ်။

တစ်နေ့မှာ သူမ ကားကို ကိုယ်တိုင်မောင်းသွားရင်း လမ်းမှာ ကားကို ခဏဆိုဖြည့်တယ်။ အသက် ၄၀ အရွယ် မိန်းမတစ်ယောက် သူမအနားကို ရောက်လာပြီး စကားလာပြောတယ်။ မလှမ်းမကမ်းမှာ ရပ်ထားတဲ့ ကားထဲမှာ သူမရဲ့ အပျိုပေါက်သမီးလေးဟာ မကြာခင်က မတော်တဆ ထိခိုက်မှုဖြစ်လို့ လက်ချောင်းလေးနှစ်ချောင်း ဆုံးရှုံးသွားလို့ အရမ်းဝမ်းနည်း စိတ်ဓာတ်ကျနေခဲ့တယ်။ ဒါပေမဲ့ အခု ဂျက်စီကာဟာ ခြေထောက်သုံးပြီး ဓာတ်ဆီဖြည့်နေတာမြင်သွားပြီး သူ့သမီးလေးဟာ စိတ်ဓာတ်ပြန်တက်လာလို့ ဝမ်းသာပြီး ကျေးဇူးတင်လို့ပါတဲ့။ အဲဒီနေ့ကစပြီး ဂျက်စီကာဟာ လူတကာနဲ့ မတူတာဟာ ရှက်စရာ၊


ဝမ်းနည်းစရာ မဟုတ်ဘူး။ သူများနဲ့မတူတဲ့ ထူးခြားမှုတစ်ရပ်လို့ ခံယူလိုက်ပြီး ရှုက်တာ စိတ်ဓာတ်ကျတာ မဖြစ်တော့ဘူး။

သူမ အထက်တန်းကျောင်းအောင်တော့ အာရီဇိုးနားတက္ကသိုလ် တက်တယ်။ စိတ်ပညာဘာသာရပ်နဲ့ ဘွဲ့ရခဲ့ပါတယ်။ ၂၀၀၄ ခုနှစ် အာရီဇိုးနား ပြည်နယ်ရဲ့ ကျား/မ မရွေး သန်စွမ်းသူရော မသန်စွမ်းသူတွေပါ ယှဉ်ပြိုင်တဲ့ တိုက်ကွမ်ဒိုပြိုင်ပွဲမှာ အမျိုးသားတွေကို ခြေထောက်နဲ့ တိုက်ခိုက် အနိုင်ရခဲ့လို့ အာရီဇိုးနား တိုက်ကွမ်ဒိုချန်ပီယံတစ်ယောက် ဖြစ်လာခဲ့တယ်။

ဂျက်စီကာဟာ လက်နှစ်ဖက်မရှိတာကလွဲရင် ခြေလက်အပြည့်အစုံ ရှိတဲ့ လူတွေလို သွားလာနိုင်တယ်။ တက္ကသိုလ်က ဘွဲ့ရပြီး တိုက်ကွမ်ဒိုချန်ပီယံ တစ်ယောက် ဖြစ်နေခဲ့ပြီ။ ကားမောင်းလိုင်စင်ရပြီး ကားကို ကိုယ်တိုင်မောင်းနေ နိုင်ပြီ။ ရေနက်ထဲ ရေငုပ်တဲ့ Scuba Diver ရေငုပ်သမားလိုင်စင်ရပြီးပြီ။ သူမကို တိုက်ကွမ်ဒိုသင်ပေးတဲ့ တိုက်ကွမ်ဒိုဆရာ Patrick Chamberlain နဲ့လက်ထပ်ပြီး သာယာစိုပြေတဲ့ အိမ်ထောင်လေးတစ်ခု တည်ဆောက်ထားပြီးပြီ။ ပြည့်စုံနေတဲ့ သူမအတွက် ဘာလိုသေးသလဲ။



ဂျက်စီကာအတွက်ကတော့ သူမရဲ့ဘဝအတွက် ဒီလောက်နဲ့ မပြည့်စုံ သေးပါဘူး။ ငယ်စဉ် ကတည်းက သူမဖြစ်ချင်တာလေး တစ်ခု ရှိသေးတယ်။ အဲဒါက အသက် ၁၀ နှစ်သမီးအရွယ်မှာ ကိုယ်ပိုင်လေယာဉ်ပျံတစ်စီးရဲ့ လေယာဉ်မောင်းအခန်းက လိုက်ပါ စီးနင်းခွင့် ရခဲ့ပြီးကတည်းက လေယာဉ်မောင်း ပိုင်းလော့ တစ်ယောက် ဖြစ်ချင်နေတာပါ။



သူမရဲ့ ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် ကြိုးစားတတ်တဲ့ အကျင့်အတိုင်း လေယာဉ်မောင်းသင်တန်း တက်ပါတယ်။



ဒါပေမဲ့ သူမ ခြေထောက်နဲ့ မောင်းလို့ ရမဲ့ လေယာဉ်အမျိုးအစားရဖို့ အချိန် တစ်နှစ် ကြာသွားခဲ့တယ်။ ကိုယ်ပိုင် လေယာဉ်ပျံ အသေးလေး မောင်းနှင် ခွင့် ပိုင်းလော့လိုင်စင်ရဖို့ ပုံမှန် အချိန် ၆ လပဲ ကြာပါတယ်။ ဒါပေမဲ့ သူမဟာ ခြေထောက်နှင့် မောင်းနှင်ရတာမို့ ၃ နှစ် ကြာခဲ့တယ်။ အမေရိကပြည်နယ် ၃ ခု ပြောင်းပြီး လေ့ကျင့်ရတယ်။ နည်းပြတွေ စိတ်မရှည်ကြလို့ နည်းပြ ၃ ယောက် ပြောင်းခဲ့ရတယ်။

နောက်ဆုံးတော့ သူမရဲ့ ဇွဲရှိမှုကြောင့် သူမအသက် ၂၅ နှစ်အရွယ် ၂၀၀၈ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့မှာ ကိုယ်ပိုင်လေယာဉ်မောင်း ပိုင်းလော့လိုင်စင် ရခဲ့တယ်။ လိုင်စင်ရပြီး မကြာခင်မှာပဲ သူမဟာ အမေရိကန် ပြည်နယ်တစ်ခုကနေ နောက်တစ်ခုကို လေယာဉ်မောင်းနှင်သွားလို့ နာမည် ကြီးသွားသလို Guiness Book မှာလဲ ခြေထောက်နဲ့ လေယာဉ်မောင်းသော ပထမဆုံးအမျိုးသမီး ဆိုတဲ့ ကမ္ဘာ့စံချိန် မှတ်တမ်းဝင်သွားခဲ့ပါတယ်။

သူမအကြောင်းကို "Right Footed" ဆိုတဲ့ ရုပ်ရှင်ကားတစ်ကား ရိုက်ကူးပြီး ထုတ်လွှင့်ပြသတော့ အောင်မြင်သွားခဲ့ပါတယ်။ သူမကိုယ်တိုင်လဲ "Disarm Your Limits" ဆိုတဲ့ စိတ်ဓာတ်ခွန်အားဖြစ်စေတဲ့ စာအုပ်တစ်အုပ် ရေးသားခဲ့ပါတယ်။

သူမဟာ ခင်ပွန်းသည် Patrick နဲ့အတူ ကမ္ဘာအနှံ့ လှည့်လည်ရင်း



စိတ်ခွန်အားမြှင့်တင်ပေးတဲ့ ဟောပြောပွဲတွေမှာ လိုက်လံစကားပြောပေးနေပါတယ်။ မသန်မစွမ်းသူတွေကို ကူညီတဲ့အဖွဲ့တွေမှာလဲ ပါဝင်ကူညီပေးနေပါတယ်။

ဂျက်စီကာပြောနေကျ စကားတစ်ခွန်းရှိပါတယ်။ "ဘဝမှာ အောင်မြင်မှုရဖို့ဆိုတာ မွေးရာပါ အခြေအနေက (၁၀) ရာခိုင်နှုန်းပဲ အရေးပါပြီး၊ ဖြစ်လာတဲ့ ဘဝပေးအခြေအနေကို ဘယ်လိုတုံ့ပြန်ပြီး အကောင်းဆုံးကြိုးစားတယ်ဆိုတာက (၉၀) ရာခိုင်နှုန်း အရေးပါပါတယ်" တဲ့။

